မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၂၉၂)

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် — ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂။)

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပါရှိသော "လာဘ်ပေးလာဘ်ယူမှု" ဆိုသည့် စကားရပ်ကို "အဂတိလိုက်စားမှု" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး" ဆိုသည့် စကားရပ်ကို "အဂတိလိုက်စားမှု တိုက်ဖျက်ရေး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၄။ နိုင်ငံတော်သမ္မတသည် ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်။"

စာမျက်နှာ ၉ ကော်လံ ၁ ✻

ပြည်တွင်းလုပ်ငန်းရှင်များအား ဥရောပငွေကြေးဈေးကွက်မှ လုပ်ငန်းရှင်များက ရေရှည်စီမံကိန်းဖြင့် ထောက်ပံ့မှုစတင်

သတင်း-ခင်ရတနာ

ဓာတ်ပုံ-မေဦးမိုး

ဥရောပငွေကြေးဈေးကွက်မှ ထောက်ပံ့ပေးရန် စိတ်ဝင်စားလျက်ရှိသော စိုက်ပျိုးရေးကဏ္ဍမှ ပြည်တွင်းဆန်စက်တစ်ခုကို မြင်တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဥရောပငွေကြေးဈေးကွက်မှ လုပ်ငန်းရှင်များက ငွေကြေးအထောက်အပံ့များ စတင်ပေးအပ်ရန် စီစဉ်နေပြီး သုံးနှစ်မှ ငါးနှစ်အတွင်း အောင်မြင်နိုင်ခြေရှိသည့် လုပ်ငန်းများအား စီမံချက်အနေဖြင့် ငွေကြေးပံ့ပိုးခြင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများ စတင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းက အကစ်စ်အမ်အီး လုပ်ငန်းတွေကို ကူညီထောက်ပံ့လိုပေမယ့် လုပ်ငန်းတွေရဲ့ အခြေခံအဆောက်အအုံတွေနဲ့ ခိုင်မာမှုရှိတဲ့ စီးပွားရေးတစ်ခုဖြစ်လာဖို့ လိုအပ်ချက်တွေမြင်တွေ့ရပါတယ်။ ကနဦးကာလအနေနဲ့ လုပ်ငန်းတစ်ခုကို ငွေကျပ်သိန်း ၃၀ ကနေ စတင်ထောက်ပံ့နေတာရှိပါတယ်။ လုပ်ငန်းတွေရဲ့ အောင်မြင်မှုကို ပြန်လည်သုံးသပ်ပြီး ငွေကျပ်သိန်း ၂၀၀၀ အထိ ပေးအပ်နိုင်ဖို့

စာမျက်နှာ ၉ ကော်လံ ၄ ✻

ယနေ့ မာတိကာ

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကြေညာချက်ထုတ်ပြန် — စာ » ၃

ပါကစ္စတန်၌ မိန်းကလေး ခြောက်ဦး အက်စစ်ဖြင့် ပက်ခံရ — စာ » ၄

ကျွန်တော်နှင့်သွားပိုးချသည်ကို ဖြေရှင်းခြင်း — ဆောင်းပါး — စာ » ၆

ကွမ်းလုံ၌ မိုးသည်းထန်မှုကြောင့် လမ်းတံတားပျက်စီး — စာ » ၁၀

ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဖြစ်လာတဲ့ ရွှေဖိနပ်ဆုရှင် — စာ » ၁၄

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

တောင်တွင်းကြီး-မင်းလှ RBE စာပို့ရထား မကြာမီစတင်ပြေးဆွဲတော့မည်

နေပြည်တော် ဇူလိုင် ၂၃

ရေဝတီတံတား(မလွန်)ကို ၂၀၁၃ ခုနှစ် မေ ၁၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် မေ ၁၂ ရက်မှစ၍ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသရှိ မင်းလှမှ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသရှိ တောင်တွင်းကြီးသို့ မြန်မာ့မီးရထားမှ အမှတ်(၁၉၃)အဆန်၊ (၁၉၄)အစုန် စာပို့ရထားများ ပြေးဆွဲပေးခဲ့သည်။ အမှတ်(၁၉၃)အဆန်၊ (၁၉၄)အစုန်ရထားတွင် ခရီးသည်စီးနင်းမှု အရေအတွက်နည်းပါးသဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ် ၃ ရက်မှစ၍ ရထားပြေးဆွဲခြင်းကို ရပ်ဆိုင်းထားခဲ့ရာ ဒေသခံခရီးသွားပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် မြန်မာ့မီးရထားမှ အဆိုပါ တောင်တွင်းကြီး-မင်းလှခရီးစဉ်ကို ဇူလိုင် ၂၇ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူမှုကွန်ရက်မီဒီယာ

ကျွန်ုပ်တို့နိုင်ငံတွင် မိုဘိုင်းအင်တာနက်သုံးစွဲမှု တိုးတက်လာသည်နှင့်အမျှ လူမှုကွန်ရက်မီဒီယာ သုံးစွဲမှုသည်လည်း သိသိသာသာ တိုးတက်လာခဲ့သည်။ ဤလူမှုကွန်ရက်မီဒီယာကို ဆိုရှယ်မီဒီယာဟုလည်း ခေါ်ကြပါသေးသည်။ ခေတ်ကာလ၏ အခွင့်အလမ်းပေးလာမှုနှင့်အတူ **Facebook, Viber, Skype, Email** အစရှိသဖြင့် လူငယ်လူရွယ်များအကြား ကောင်းစွာ သုံးစွဲလာကြသည်။

တစ်ဖန် မြန်မာဘာသာဖြင့် လွှင့်တင်ထားသော သတင်းဝက်ဘ်ဆိုက်များမှလည်း နေ့စဉ်နှင့်အမျှ မိုဘိုင်းဖုန်းများမှတစ်ဆင့် ဗဟုသုတများ ရှာမှီးနိုင်ကြပါသည်။ သတင်းဝက်ဘ်ဆိုက်မှ သတင်းများအား အင်တာနက်ဖွင့်ထားလျှင် သတင်းများအချိန်နှင့်အမျှ ဖတ်ရှုလေ့လာနိုင်သည့် အနေအထားဖြစ်သည်။ မိုဘိုင်းဖုန်းများ လူအများစု သုံးစွဲလာနိုင်မှုသည် တိုးတက်ပြောင်းလဲလာသော မြင်ကွင်းများပင်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှု၏ တိုးတက်မှုပြယုဂ် တစ်ခုပင်ဖြစ်သည်။

သို့သော် ဤဆိုရှယ်မီဒီယာသည် ကောင်းကျိုးတစ်ခုတည်းသာ ဖြစ်စေသည်မဟုတ်ပါ။ ဆိုးကျိုးများလည်း ရှိနိုင်သည်။ ဆိုးကျိုးဟု ဆိုရာတွင် အွန်လိုင်းစာမျက်နှာများကို အချိန်ကြာမြင့်စွာသုံးစွဲခြင်းကြောင့် ကျန်းမာရေးထိခိုက်ခြင်း၊ ညစ်ညမ်းဝက်ဘ်ဆိုက်များကြောင့် လူငယ်များ စိတ်ဓာတ်ရေးရာပျက်ပြားနိုင်ခြင်း၊ မမှန်ကန်သော သတင်းဖြန့်ချိမှုများကြောင့် ပဋိပက္ခမှုများဖြစ်ပွားနိုင်ခြင်းစသော ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်။ နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကို ဖျက်လိုဖျက်ဆီးလုပ်လိုသူများက လူမှုကွန်ရက်မီဒီယာကို အသုံးပြုပြီး သွေးထိုးလှုံ့ဆော်မှုများ၊ မမှန်မကန်သတင်းရေးသားဖော်ပြမှုများ ပြုလုပ်တတ်ကြသည်။ မကြာမီက မန္တလေးမြို့၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် လူမှုကွန်ရက်စာမျက်နှာများကို အသုံးပြုပြီး ပျက်စီးရာပျက်စီးကြောင်း သွေးထိုးလှုံ့ဆော်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ ဤဖြစ်စဉ်ကို ထောက်ရှုပြီး လူမှုကွန်ရက်မီဒီယာသည် မည်ရွေ့မည်မျှ ထိခိုက်နိုင်ကြောင်း သတိပြုရမည့်အနေအထား ဖြစ်သည်။

မည်သည့် မီဒီယာမဆို ကောင်းမွန်မှန်ကန်စွာ သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်မည်ဆိုလျှင် လူမှုစီးပွား အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ မိမိအကျိုးစီးပွားအတွက်သော်လည်းကောင်း၊ မိမိအဖွဲ့အစည်းအတွက်သော်လည်းကောင်း အသုံးချမည်ဆိုလျှင် မီဒီယာသည် အဆိပ်အတောက် ဖြစ်သွားနိုင်ပါသည်။ သွေးထိုးခြင်း၊ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ကြောင့် ပြည်သူများ မီဒီယာအဆိပ်သင့်မှုကို ခံရနိုင်သည်။ မလိုလားအပ်သောပြဿနာများ တိုးပွားလာနိုင်သည်။

ဤသို့ဆိုလျှင် ကောင်းမွန်သော လူမှုကွန်ရက်မီဒီယာဖြစ်ရေး ပါဝင်ပတ်သက် ဆက်နွယ်နေသူအားလုံးက အမျိုးသားရေး စိတ်ဓာတ်တာဝန်အသိဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရမည်ဖြစ်သည်။ လူမှုကွန်ရက်မီဒီယာသည် အစဉ်သဖြင့် လူသားအားလုံးအတွက် အကျိုးဖြစ်ထွန်း စေရမည်ဖြစ်သည်။ မှန်ကန်တိကျသော သတင်းဖြန့်ချိမှုပုံစံဖြင့် လူသားအကျိုးကို ဖော်ဆောင်ပေးသင့်ပါသည်။ မီဒီယာ၏ကောင်း၊ ဆိုးနှစ်တန်သည် သုံးစွဲသူများအပေါ်တွင် မူတည်ပါသည်။ ကောင်းသောပုံစံဖြင့်သုံးလျှင် ကောင်းမည်ဖြစ်သည်။ ဆိုးအောင်လုပ်လျှင် ဆိုးတတ်သည်။

လူမှုကွန်ရက်မီဒီယာသည် သတင်းလွတ်လပ်ခွင့်အရှိဆုံး မီဒီယာဖြစ်သည်။ သို့သော် ထိုလွတ်လပ်ခွင့်ကို တလွဲသုံးမိပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်များသည် ဆိုးကျိုးဘက်ကိုသာ ဦးတည်သည်ကို အသိသတိရှိကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စက်မှုသင်တန်းကျောင်းများတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းများဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဩစတြေးလျနိုင်ငံ RHI Refractories Asia Pacific မှ Regional Manager ဖြစ်သူ Mr. Franz Richter နှင့်အဖွဲ့သည် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက အစည်းအဝေးခန်း၌ လာရောက်တွေ့ဆုံပြီး RHI Refractories Asia Pacificမှ မီးခံအုတ်စက်ရုံများနှင့် ပတ်သက်၍လည်းကောင်း၊ မီးခံအုတ်များနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် Mixes Mortors နှင့် Functional products များ၏ အရည်အသွေးနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြပြီး အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)တွင် RHI Refractories Asia Pacific မှ ထုတ်လုပ်သည့် မီးခံအုတ်နှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံ Sojiz Corporation(Tokyo) မှ General Manager ဖြစ်သူ Mr.Yoshizo Hatta နှင့်အဖွဲ့သည် လာရောက်တွေ့ဆုံပြီး အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)တွင် ရင်းနှီးမြှုပ်နှံမှုပြုရေးဆိုင်ရာကိစ္စရပ်များ၊ ရော်ဘာထုတ်လုပ်မှုလုပ်ငန်းများအတွက် ရော်ဘာစိုက်ခင်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးသည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် ဂျပန်နိုင်ငံ Japan Onlyone Partnership (J.O.P) Co.,Ltd. မှ CEO ဖြစ်သူ Mr.Tsuda Shuji နှင့်အဖွဲ့က လာရောက်တွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် စက်မှုအသက်မွေးပညာသင်တန်းကျောင်း အသစ်ဆောက်လုပ်ရန်အတွက် မြေနေရာ ငှားရမ်းဆောင်ရွက်ခွင့်နှင့် ပတ်သက်၍လည်းကောင်း၊ စက်မှုသင်တန်းကျောင်းများတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ

ပြင်ဦးလွင်ညှော့်မြို့တော်၌ လမ်းညွှန်ဆိုင်းဘုတ်များလိုအပ်

ပြင်ဦးလွင်တောင်ပေါ် အပန်းဖြေစခန်းမြို့သည် မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်လည်ပတ်သည့် ပြည်တွင်းဧည့်သည်များသာမက ယခင်က အင်္ဂလိပ်အစိုးရ ရုံးစိုက်ခဲ့ရာ နွေရာသီမြို့တော်လည်း ဖြစ်သဖြင့် ကမ္ဘာအနှံ့အပြားမှ ကမ္ဘာလှည့်ခရီးသည်များသည်လည်း ဥဒဟိုဝင်ထွက်သွားလာလည်ပတ်လျက်ရှိနေသော မြို့တစ်မြို့ဖြစ်သည်။

ပြည်တွင်းမှလာရောက်လည်ပတ်သူများသည် နာမည်ကျော်အထင်ကရနေရာများသို့သာ သွားရောက်လည်ပတ်ကြသော်လည်း ကမ္ဘာလှည့်ခရီးသည်များမှာမူ မြို့တွင်းမြို့ပြင်ရှိ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများနှင့် အမှတ်တရနေရာများသို့ သွားရောက်လည်ပတ်ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးလေ့ရှိကြသည်။ ဥပမာအားဖြင့် ဘုရင်ခံအိမ်တော်၊ အတွင်းဝန်ရုံး၊ ဂျပန်ခေတ်ဆေးရုံ၊ ဂျပန်စစ်သင်္ချိုင်းများ စသည်ဖြင့် မိမိတို့လေ့လာသိရှိလိုသော နေရာဒေသများသို့ မဖြစ်မနေ သွားရောက်ကြလေ့ရှိသည်။

ထိုအခါ အခက်အခဲများစွာဖြစ်ပေါ်လာရသည်မှာ လိုအပ်သော တိကျသည့် ဧည့်လမ်းညွှန်ဆိုင်းဘုတ်များပြည့်စုံစွာမရှိခြင်းပင်ဖြစ်သည်။ မြို့လယ်လမ်းဆုံအချို့တွင် အနည်းငယ်မျှသော လမ်းညွှန်ဆိုင်းဘုတ်များ ပြုလုပ်ထားသည်မှအပ ကျန်ရှိနေသော အထင်ကရနေရာများတွင် တိကျသေချာသော ဧည့်လမ်းညွှန်ဆိုင်းဘုတ်များ မတွေ့မြင်ရပေ။

ပြင်ဦးလွင်သို့ လာရောက်ဖူးခြင်းမရှိသည့် ဧည့်သည်များမှာ စမ်းတဝါးဝါးဖြင့် အလျဉ်းသင့်သလို သွားလာလည်ပတ်နေရသည်မှာ မဖြစ်သင့်သော မြို့တော်အင်္ဂါရပ်နှင့် မညီညွတ်သည့် လမ်းညွှန်ဆိုင်းဘုတ်များထားရှိပြသထားမှု အားနည်းသောကြောင့်သာ ဖြစ်ပေသည်။

ထို့ကြောင့် မြို့တော်သို့ လာရောက်လည်ပတ် အပန်းဖြေလေ့လာသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အရေးကြီးသောနေရာတိုင်းတွင် မြို့ပြမြေပုံများနှင့် လွယ်ကူစနစ်ကျသော ခရီးသွားလမ်းညွှန်ဆိုင်းဘုတ်များကို လိုအပ်သည့်နေရာတိုင်းတွင် ပြသထားနိုင်ပါက ပိုမိုအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း ပြင်ဦးလွင်ရောက်ခရီးသွားဧည့်သည်တစ်ဦးက ပြောပြခဲ့ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)



ပုဂံရှေးဟောင်းအမွေအနှစ်များကာကွယ်စောင့်ရှောက်

နေပြည်တော် ဇူလိုင် ၂၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့ရှိ ယွန်းကောလိပ်၌ ဖွင့်လှစ်နေသော Strategic Organization Management Training သင်တန်းမှ သင်တန်းနည်းပြဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားတွေ့ဆုံသည်။

ထို့နောက် သရပါဟိုတယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ပုဂံဒေသသို့ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် နှစ်သိန်းလာရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လအထိ တစ်သိန်းကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်ရာ လာမည့် ပွင့်လင်းရာသီတွင် ပိုမိုတိုးတက်ရောက်ရှိမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ဧည့်သည်များ၏ နေထိုင်စားသောက်ရေး၊ သွားလာလည်ပတ်ရေး၊ လုံခြုံရေးများ ပြည့်စုံကောင်းမွန်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ မိမိတို့၏ အကျိုးစီးပွားအတွက်သာမက ပုဂံဒေသ၏ ရှေးဟောင်းအမွေအနှစ်များကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တော သစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်တွင်းသတင်း

တပ်မတော် (လေ) နှစ်ရပ်ကြား ပူးသန်းရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာပိုင်းဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၃

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေတပ်ဒုတိယစစ်ဦးစီးချုပ် Major General Meng Guoping အား လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ် ဒုတိယစစ်ဦးစီးချုပ်နှင့်အတူ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Xiong Shaowei တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော် (လေ) နှစ်ရပ်ကြား ပူးသန်းရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာပိုင်းဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုလက်မှုပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် Major General Meng Guoping တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အဖွဲ့ဝင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(မြဝတီ)**

ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများအတွက် မြန်မာ-ဂျပန် စည်းဝေး

နေပြည်တော် ဇူလိုင် ၂၃

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကနဦးစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနှင့်ဂျပန်ကုမ္ပဏီအဖွဲ့ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေး၌ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ အီတာလျံ-ထိုင်း ကုမ္ပဏီက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် ကုန်ကျစရိတ်တွက်ချက်ခြင်း၊ ကနဦးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းပြောကြားပြီး ဂျပန်ကုမ္ပဏီအဖွဲ့မှ Kashima Maritime Industrial Estate (Deep Seaport) ဗီဒီယိုအား ပြသ၍ ကနဦးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ဂျပန်ကုမ္ပဏီများ၏ သဘောထား၊ JICA မှ ဆောင်ရွက်ရန် စီမံနေသည့် ပင်မစီမံကိန်းလေ့လာခြင်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် နယ်စပ်ဆက်သွယ်သည့် လမ်းစီမံကိန်းလေ့လာခြင်း အပါအဝင် ဂျပန်ကုမ္ပဏီများမှ စိတ်ပါဝင်စားမှု အခြေအနေများအား ဆွေးနွေးကြသည်။

ထို့နောက် ကနဦးစီမံကိန်းလုပ်ငန်းများအတွက် အတိုင်ပင်ခံအဖွဲ့ (Project Management Office) အဖြစ် ဆောင်ရွက်လျက်ရှိသည့် Roland Bergerကုမ္ပဏီမှ ကနဦးစီမံကိန်းလုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရန် အတွက် ၎င်းတို့ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ကနဦးစီမံကိန်းလုပ်ငန်းများတင်ဒါခေါ်ယူရာတွင် ပါဝင်မည့်အချက်အလက်များ (Terms of Reference) ပြုစုရေးတို့နှင့် ပတ်သက်၍ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ဂျပန်ကုမ္ပဏီအဖွဲ့မှ Waseda University မှ Professor Sadahiro Sugita နှင့် Itochu Jexway၊ Pacific Consultants နှင့် Oriental Consultants တို့မှ ကိုယ်စားလှယ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ မြန်မာဒါရိုက်တာအဖွဲ့ဝင်များနှင့် အထွေထွေမန်နေဂျာတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကြေညာချက်ထုတ်ပြန်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့
ကြေညာချက်အမှတ်(၁/၂၀၁၄)
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်

၂၀၁၄ ခုနှစ် ဇွန်လ ၂၆ ရက်နှင့် ၂၇ရက်များတွင် ရန်ကုန်မြို့ Myanmar Peace Center ၌ ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (Union Level Emergency Coordination Center) အဖွဲ့ဝင်များနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရခိုင်လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ MPC မှ ပညာရှင်များပါဝင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး Action Plan ကို ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ ကယ်ဆယ်ရေး အထောက်အပံ့ကိစ္စရပ်များအပြင် အဓိကအားဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးများကို အလေးထားဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

ယခုအခါ ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်ကြသည့် UNOCHA, UNHCR, WFP, ACF, UNFPA, UNICEF, MSF (Switzerland), ICRC, FIT, SCI, Solidarities, Malteser, IRC, CSSEP, DRC, UNDP, RELIEF, RI, BAJ, CDN, CARE, LWF, OXFAM, MRCS စသည့် အဖွဲ့အစည်း ၂၄ ခုမှ နိုင်ငံခြားသားဝန်ထမ်း ၇၂ ဦး၊ နိုင်ငံသားဝန်ထမ်း ၁၁၃ဦး၊ စုစုပေါင်း ၁၈၅ ဦးဖြင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ၊ ရေကောင်းရေသန့်ရရှိရေး လုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ပံ့ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ GENDER (ကျား/မ) အခြေပြုခွဲခြားဆက်ဆံမှုဆိုင်ရာကိစ္စရပ်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် MoU ပါ အချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (Action Plan)ကို နိုင်ငံတော်အဆင့် ထိထိရောက်ရောက်လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် အပိုဒ်(၂)တွင် ဖော်ပြခဲ့သော အဖွဲ့အစည်းများ ၊ MSF အဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ကျန်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများကိုလည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး ဆိုင်ရာလုပ်ငန်းများတွင် ရခိုင်တိုင်းရင်းသားများ၏ ဆန္ဒကိုအလေးထားလျက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဖိတ်ခေါ်အပ်ပါသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့

နိုင်ငံတကာသတင်း

ဂျကာတာအုပ်ချုပ်ရေးမှူးဟောင်း သမ္မတရွေးပွဲအနိုင်ရမှုအပေါ် မကျေနပ်၍ ပြိုင်ဘက်က တရားရုံး၌ တရားရင်ဆိုင်မည်

ဂျကာတာ ဇူလိုင် ၂၃

အင်ဒိုနီးရှား သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားသော ဗိုလ်ချုပ်ကြီးဟောင်း သရာဘိုဝိုဆူဗြာတိုက အဆိုပါရွေးကောက်ပွဲရလဒ်အပေါ် တရားရုံး၌ ရင်ဆိုင်သွားမည်ဖြစ်ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။ ဂျကာတာအုပ်ချုပ်ရေးမှူးဟောင်း ဂျိုကိုဝီဒိုဒိုသည် ဇူလိုင် ၉ ရက် သမ္မတရွေးကောက်ပွဲ၌ ၅၃ ရာခိုင်နှုန်းဖြင့် အနိုင်ရလိုက်ကြောင်း ကြေညာခဲ့သည်။

ရွေးကောက်ပွဲအနိုင်ရရှိသော ဂျိုကိုဝီဒိုဒို

အဆိုပါ ရွေးကောက်ပွဲရလဒ် မကြေညာမီအချိန်အတွင်း မဲလိမ်မှုများရှိခဲ့သည်ဟု မစ္စတာ ဆူဗြာတိုက ပြောဆိုခဲ့သည်။ ၎င်းအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၌ တရားရင်ဆိုင်သွားရန်ပြင်ဆင်ထားကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ရွေးကောက်ပွဲကော်မရှင်က ဂျိုကိုဝီဟု လူသိများသော မစ္စတာ ဝီဒိုဒိုသည် အဆိုပါ ရွေးကောက်ပွဲ၌ ၅၃ ဒသမ ၁၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိကြောင်း အင်္ဂါနေ့တွင် ကြေညာခဲ့သည်။ ထိုအတောအတွင်းမစ္စတာ ဆူဗြာတိုက ၄၆ ဒသမ ၈၅ ရာခိုင်နှုန်းသာရခဲ့သည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဇူလိုင် ၉ ရက်က အဆိုပါ သမ္မတလောင်းနှစ်ဦး ယှဉ်ပြိုင်ခဲ့ရာ လူပေါင်းသန်း ၁၃၀ ခန့် မဲပေးခဲ့သည်။ **(ဘီဘီစီ)**

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးအတွက် ပါလက်စတိုင်းသမ္မတအား နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတိုက်တွန်း

ဝါရှင်တန် ဇူလိုင် ၂၃

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ယနေ့နံနက်အစောပိုင်းက ဂါဇာကမ်းမြောင်ဒေသတွင်း သွေးချောင်းစီးတိုက်ခိုက်မှုများအဆုံးသတ်စေရန် အပစ်အခတ်ရပ်စဲရေးအတွက် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အီဂျစ်အပစ်အခတ်ရပ်စဲရေး၏ ပဏာမဆောင်ရွက်ချက်မှုအား အခြေခံကာ ဂါဇာဒေသအတွင်း နှစ်ဦးနှစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲရေးအတွက် ဂျွန်ကယ်ရီက သမ္မတအဘတ်စ်အား ဖုန်းဖြင့် ဆွေးနွေးခဲ့သည်ဟု ပါလက်စတိုင်းအစိုးရ သတင်းအေဂျင်စီ Wafa က သတင်းထုတ်ပြန်ခဲ့သည်။ အင်္ဂါနေ့နှောင်းပိုင်းကပါလက်စတိုင်းသမ္မတ အဘတ်စ်က ဂါဇာဒေသသို့ အစ္စရေးတို့၏ရန်လိုသော လုပ်ရပ်သည် ပါလက်စတိုင်းအမျိုးသားစည်းလုံးမှုနှင့် ပါလက်စတိုင်းကြိုးစားမှုကို ယုတ်လျော့စေကြောင်းနှင့် ယခုအချိန်သည် အစ္စရေးတို့၏ သတ်ဖြတ်ဖျက်ဆီးမှုများ ဆန့်ကျင်မှုအရှိန်မြှင့်ရန်အချိန် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

သမ္မတ အဘတ်စ်၏ ပြောကြားချက်အရ ပြီးခဲ့သည့် ရက်အနည်းငယ်က အီဂျစ်၊ တူရကီ၊ ကာတာသွားခရီးစဉ်အတွင်း အီဂျစ်သမ္မတစီစီ အပါအဝင် အစ္စလာမ္မစ်ဟားမားစ်လှုပ်ရှားမှုခေါင်းဆောင်များ၊ အစ္စလာမ္မစ်ဂျီဟတ်လှုပ်ရှားမှုအဖွဲ့များနှင့် တွေ့ဆုံကာ ဂါဇာကမ်းမြောင်ဒေသတွင် သွေးထွက်သံယိုသေကျေမှုများ အဆုံးသတ်စေရေးကြိုးစားခဲ့ကြောင်း သိရသည်။

အင်္ဂါနေ့ညဘက်တွင်မူ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) အလုပ်အမှုဆောင်ကော်မတီက ကိုင်ရိုမြို့တွင် ဟားမားစ်နှင့် အစ္စလာမ္မစ် ဂျီဟတ်လှုပ်ရှားမှုအဖွဲ့များအပါအဝင် ယာယီခေါင်းဆောင်များ အလုပ်ရုံစည်းဝေးပွဲအရေးပေါ် တွေ့ဆုံမှုတစ်ရပ် ပြုလုပ်ခဲ့သည်။

သမ္မတ အဘတ်စ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ၎င်းတွေ့ဆုံပွဲပြီးနောက် ပါလက်စတိုင်းခေါင်းဆောင်ပိုင်းက (ပီအယ်လ်အို)၏ ဦးဆောင်မှုအောက်မှနေ၍ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရေး အဆင့်များအားလုံးအတွက် ကြိုးစားလုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနေ့ အစောပိုင်းကလည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နှစ်ဖက်အတိုက်အခိုက်များ အဆုံးသတ်ကြရန်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစေ့စပ်ညှိနှိုင်းမှု စတင်ကြရန် တိုက်တွန်းခဲ့သည်။

ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့သော အစ္စရေးတို့၏ စစ်ဆင်ရေးကာလကတည်းကဆိုလျှင် ယခုအချိန်ထိ ပါလက်စတိုင်းလူမျိုး ၆၃၁ ဦး သေဆုံးခဲ့ရပြီး ၃၇၅၀ ဒဏ်ရာရရှိခဲ့ရပြီးဖြစ်သည်။

အစ္စရေးတို့ဘက်ကမူ အရပ်သားတစ်ဦးနှင့် တပ်သား ၂၈ ဦး ဆုံးရှုံးခဲ့ရသည်။ **(ဆင်ဟွာ)**

ယူကရိန်း၌ ပစ်ချခံရသော မလေးရှားလေယာဉ် ရုရှားလိုလားသူခွဲထွက်ရေးသမားများ ပစ်ချခဲ့ဟုဆို

ကီယက်ဗ် ဇူလိုင် ၂၃

လွန်ခဲ့သော သီတင်းပတ်က ယူကရိန်းနိုင်ငံအတွင်း ပစ်ချခံရသည့် မလေးရှားခရီးသည်တင်လေယာဉ်မှ ခရီးသည်များ၏ ရုပ်အလောင်းများကို နယ်သာလန်နိုင်ငံသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဇူလိုင် ၁၇ ရက်က ပစ်ချခံရသည့် အဆိုပါခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည် ၂၉၈ ဦးသေဆုံးခဲ့ရပြီး ၁၉၃ ဦးမှာ ဒတ်ချ်လူမျိုးများဖြစ်ကြသည်။ နယ်သာလန်နိုင်ငံ၌ ၎င်းတို့သေဆုံးခဲ့ရခြင်းအတွက် ဝမ်းနည်းဖွယ်နေ့အဖြစ် ကျင်းပသွားမည်ဟု ဆိုသည်။

ထိုအတောအတွင်း အမေရိကန်ထောက်လှမ်းရေး တာဝန်ရှိသူများက အဆိုပါ လေယာဉ်သည် ရုရှားလိုလားသူ ခွဲထွက်ရေးသမားများက မှားယွင်းပစ်ချခဲ့သည်ဟု ဆိုသည်။ သို့သော်လည်း ရုရှားနှင့် မည်သို့မျှတိုက်ရိုက်ပတ်သက်မှုမရှိဟု ၎င်းတို့ကဆိုသည်။ ၎င်းလေယာဉ်သည် ဒုံးကျည်ထိမှန်ပြီးနောက် ခွဲထွက်ရေးသမားများ ထိန်းချုပ်ရာဒေသ၌ ပျက်ကျသွားခဲ့သည်။

အဆိုပါ လေယာဉ်ပျက်ကျရာနေရာမှ ရုပ်အလောင်း ၂၀၀ ခန့်ကို အအေးခန်းရထားဖြင့် အစိုးရထိန်းချုပ်ရာမြို့ဖြစ်သည့် ခါကိဗ်မြို့သို့ အင်္ဂါနေ့က သယ်ဆောင်သွားခဲ့သည်။

ကျန်ရှိရုပ်အလောင်းများအား ဆက်လက်ရှာဖွေနေဆဲဖြစ်ပြီး လုံခြုံရေးအခြေအနေမှာလည်းစိုးရိမ်နေရဆဲဖြစ်သည်။ သေဆုံးသူများ၏ ဦးခေါင်းများတွင် ကုတ်ခြစ်ရာ ဒဏ်ရာများစွာမြင်တွေ့ရကြောင်း အမေရိကန်ထောက်လှမ်းရေးတာဝန်ရှိသူများက ပြောသည်။ **(ဘီဘီစီ)**

ပါကစ္စတန်၌ မိန်းကလေးခြောက်ဦး အက်စစ်ဖြင့် ပက်ခံရ

အစ္စလမ္မာဘတ် ဇူလိုင် ၂၃

ပါကစ္စတန်အနောက်တောင်ပိုင်း ဘာလူချီစတန်ပြည်နယ် သီးခြားနေရာနှစ်ခု၌ မိန်းကလေးခြောက်ဦး၏မျက်နှာကို အက်စစ်ဖြင့် အပက်ခံခဲ့ရကြောင်း ဒေသမီဒီယာများက ဖော်ပြခဲ့သည်။

ဖြစ်စဉ်မှာ ကွီတာ မြို့ဈေးအတွင်း၌ မိန်းကလေး လေးဦးကို မျက်နှာဖုံးစွပ်ထားသော အမျိုးသားအချို့က အက်စစ်ဖြင့်ပက်ကာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

မူစတန်ဒေသ၌လည်း မိန်းကလေးနှစ်ဦး အလားတူ တိုက်ခိုက်မှုခံခဲ့ရသည်။ အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ် ညီအစ်မနှစ်ဦး ဈေးဝယ်နေစဉ် ယခုကဲ့သို့ တိုက်ခိုက်မှုခံခဲ့ရခြင်းဖြစ်ကြောင်း မူစတန်ဒေသရဲအရာရှိက မီဒီယာသို့ ပြောခဲ့သည်။

အဆိုပါ တိုက်ခိုက်ခံရသူ အမျိုးသမီးခြောက်ဦးသည် မည်သည့်အုပ်စု၊ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ရန်ငြိုးရန်စမရှိခဲ့ကြောင်း၊ တိုက်ခိုက်မှုမခံရမီကလည်း မည်သည့်ခြိမ်းခြောက်စာကိုမှ လက်ခံရရှိခဲ့ခြင်းမရှိကြောင်း ပြောခဲ့သည်ဟု ၎င်းကဆိုသည်။

တိုက်ခိုက်ခံရသူများ၏ မိသားစုဝင်များက ၎င်းတို့နှင့်ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ရန်ငြိုးထားကာ ယင်းမိန်းကလေးများ တိုက်ခိုက်ခံရခြင်းဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောခဲ့သည်။ **(ဆင်ဟွာ)**

ဆီးရီးယားတပ်ဖွဲ့ဝင်များက စစ်သွေးကြွတို့၏ ဌာနချုပ်ကို စီးနင်းတိုက်ခိုက်

ဒမတ်စကတ် ဇူလိုင် ၂၃

ဆီးရီးယားအနောက်မြောက်ပိုင်း အစ်လစ်မြို့၌ တက်စ်ဖီရီ စစ်သွေးကြွများ၏ ဌာနချုပ်အဖြစ်အသုံးပြုသော အဆောက်အအုံကို ဆီးရီးယားတပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ခဲ့သည်။ ဒေသသတင်းရပ်ကွက်ဖော်ပြချက်အရ အင်္ဂါနေ့က ပြုလုပ်ခဲ့သော စစ်ဆင်ရေး၌ စစ်သွေးကြွတစ်ဦး သေဆုံးခဲ့သည်ဟု သိရသည်။

ဆီးရီးယားတပ်ဖွဲ့ဝင်များသည် အစ်လစ်ပြည်နယ် နေရာအနှံ့အပြား၌ တက်စ်ဖီရီ စစ်သွေးကြွအများအပြားကို သတ်ဖြတ်ခဲ့သည်။

အလားတူ ဒမတ်စကတ်မြို့မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာ မားစ်မြို့နှင့် အနီးအနားရှိ ရွာများကိုလည်း တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ဟာမာနှင့် အစ်လစ်ပြည်နယ်များကြား စစ်သွေးကြွတို့၏ ထောက်ပံ့ရေးလမ်းကြောင်းများကိုလည်း ဖြတ်တောက်ခဲ့သည်။

ဆီးရီးယားစစ်တပ်သည် ဒါးရာ၊ ကွီနိုင်ထရာ၊ ဟွမ်စ်နှင့် အလက်ပိုအပါအဝင် နိုင်ငံတစ်ဝန်းလုံးရှိ စစ်သွေးကြွများကိုစစ်ဆင်ရေးများပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့ပြီး စစ်သွေးကြွများ ဆုံးရှုံးမှုများစွာဖြင့် အထိနာခဲ့ရသည်။

ထို့အပြင် ဆီးရီးယားအာဏာပိုင်များသည် အစောပိုင်းက ဖမ်းဆီးထားသော စစ်သွေးကြွ ၁၀၅ ဦးကို နိုင်ငံအတွင်း မတည်မငြိမ်ဖြစ်စေမည့်ကိစ္စရပ်မျိုးကို လုပ်ဆောင်ခြင်းမပြုရဟူသော ကတိခံဝန်ချက်ဖြင့် လွှတ်ပေးခဲ့သည်။

ဆီးရီးယားနိုင်ငံသည် ၂၀၁၁ ခုနှစ် မတ်လကတည်းက အသေအကြေ တိုက်ခိုက်မှုများဖြင့် ရင်ဆိုင်ခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၏ (၃/၅၅)ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၂၃

အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများ၏ (၃/၅၅)ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ဇူလိုင် ၁၉ ရက်မှ စ၍ကျင်းပခဲ့သည်။

ယနေ့ နောက်ဆုံးနေ့ အစည်းအဝေးတွင် **(အပေါ်ပုံ)** အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိများနှင့် အရှေ့အာရှနိုင်ငံများမှ အဆင့်မြင့် စီးပွားရေးအရာရှိများ၏ ညှိနှိုင်း အစည်းအဝေး၊ အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများနှင့် အီးယူ အဆင့်မြင့်ကိုယ်စားလှယ်တို့၏ ညှိနှိုင်းအစည်းအဝေး၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများနှင့် ကနေဒါနိုင်ငံ အဆင့်မြင့် စီးပွားရေးအရာရှိများ၏ ညှိနှိုင်းအစည်းအဝေး၊ အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများနှင့် အမေရိကန်နိုင်ငံ လက်ထောက်ကုန်သွယ်ရေးကိုယ်စားလှယ်တို့၏ ညှိနှိုင်းအစည်းအဝေးများကို ကျင်းပသည်။

အစည်းအဝေးများတွင် မြန်မာနိုင်ငံအာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိ ဒေါ်သန်းသန်းလင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ၌ကျင်းပမည့် (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်း အဝေးများကျင်းပသည့် ကာလ အတွင်းကျင်းပမည့် ဒုတိယအကြိမ် အာဆီယံ-အရှေ့အာရှ နိုင်ငံများ၏ စီးပွားရေးဝန်ကြီးအစည်းအဝေး အစီအစဉ်၊ (၁၃)ကြိမ်မြောက် အာဆီယံ-အီးယူစီးပွားရေးဝန်ကြီး အစည်းအဝေးအစီအစဉ်၊ (၃)ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေး အစီအစဉ်နှင့်အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အမေရိကန်နိုင်ငံကုန်သွယ်ရေး ကိုယ်စားလှယ်တို့၏ ညှိနှိုင်းအစည်း အဝေးများ၏အစည်းအဝေးအစီအစဉ် တို့ကို ဆွေးနွေးအတည်ပြုကြသည်။

ထို့အပြင် အာဆီယံနှင့်အရှေ့ အာရှစီးပွားရေးသုတေသနဌာန(အီးအာရ်အိုင်အေ)က တင်ပြသည့် ဆောင်ရွက်ပြီးစီးခဲ့သော သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများအား မှတ်တမ်းတင်ခြင်း၊ အာဆီယံနှင့် ကနေဒါ နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီး မြှုပ်နှံမှုအတွက် ၂၀၁၂-၂၀၁၅ လုပ်ငန်းအစီအစဉ် တိုးတက်ဖြစ်ပေါ်မှုများကို ဆွေးနွေးခြင်း၊အာဆီယံ-အီးယူကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအစီအစဉ် ၂၀၁၃-၂၀၁၄ အကောင်အထည်ဖော်မှုနှင့် ယင်းကို ဆက်ခံမည့်အစီအစဉ်တစ်ရပ်အတွက် ဆွေးနွေးခြင်း၊ အာဆီယံ-အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်(၂၀၁၄)လုပ်ငန်းအစီအစဉ် နှင့် အမေရိကန်-အာဆီယံစီးပွားရေး ပူးပေါင်းမှုချဲ့ထွင်မည့်(အီး-၃)လုပ်ငန်း များအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောက်ဖြူမှ*

သို့မှသာ မှတ်ပုံတင်ရန် ကျန်ရှိသော နိုင်ငံခြားသားအလုပ်သမားများအား ထိုင်းနိုင်ငံတွင် တရားဝင်နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ၏ ရည်ရွယ်ချက်မှာ ရွှေ့ပြောင်းအလုပ်သမားအားလုံးအပေါ် တရားဥပဒေစိုးမိုးရေးနှင့် အလုပ်သမားများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရေးဖြစ်ပါကြောင်း။

သို့သော် အချို့သောလူတစ်စုသည် ရွှေ့ပြောင်းအလုပ်သမားများအပေါ် ၎င်းတို့၏ ထိန်းချုပ်နိုင်မှုလျော့နည်းသွားမည်ကို စိုးရိမ်သောကြောင့် အဆိုပါလုပ်ငန်းစဉ်ကို မယုံကြည်စေရန်နှင့် ဆောင်ရွက်နိုင်ခြင်းမရှိစေရန် လုပ်ဆောင်နေပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းမှလည်းအနီးကပ်စောင့်ကြည့်နေကြသည်ကို သိရှိနားလည်သည့်အပြင် လူ့အခွင့်အရေးများနှင့် စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လေးစားသည့်အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများကိစ္စကို ဂရုတစိုက်ဆောင်ရွက်နေပါကြောင်း စသည်ဖြင့်ပါရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပျဉ်းမနားမြို့ ဇေယျာရာမပရိယတ္တိ သီလရှင်စာသင်တိုက်သို့ လှူဖွယ်ပစ္စည်းများလှူဒါန်း

ပျဉ်းမနား ဇူလိုင် ၂၃

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက်ရှိ ဇေယျာရာမ ပရိယတ္တိသီလရှင်စာသင်တိုက်သို့ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့က ဝါဆိုဦးအလှူ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များက သီလရှင်ဝတ်စုံနှင့် ဆွမ်းဆန်၊ ဆီ၊ ဆေး၊ ဝတ္ထုငွေနှင့် အခြားလှူဖွယ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀ ကို လှူဒါန်းပေးခဲ့ပြီး**(အောက်ပုံ)** စာသင်တိုက်ရှိ သီလရှင် ၃၈ ပါးကို ပျဉ်းမနား ခုတင် (၂၀၀) ဆေးရုံမှ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆေးကုသဆောင်ရွက်ပေးခဲ့သည်။ **ကိုကိုရှူပ**

❖ *ကျောက်ဖြူမှ*

ခရီးသွားတွေ၊ ယာဉ်တွေကို မြင်ရတဲ့အတိုင်း တာဝန်ရှိသူတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီ၊ မထသနဲ့ လူမှုရေးအဖွဲ့တွေ ကူညီနေတာတွေ့ရပါတယ်။ ဇူလိုင် ၂၂ ရက်ကတော့ ဖြတ်ကူးတဲ့ ဆိုင်ကယ်နှစ်စီး ရေထဲပါသွားတယ်။ လူတော့မပါဘူး၊ ဒါပေမယ့် ချောင်းအထက်ဘက်က အလောင်းတစ်လောင်း ဒီဘက်မျော လာလို့ နာရေးကူညီမှုအသင်းက သယ်သွားပြီ၊ အခုလို မိုးပြတ်သွားရင်တော့ စိုးရိမ်စရာမရှိပါဘူး” ဟု လူမှုရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

တွေ့ရှိရ

မူဆယ်-နမ့်ခမ်းကားလမ်းရှိ ပန်ခမ်းတံတားဝန်းကျင်မှာ အနိမ့်ပိုင်းဖြစ်ပြီး မိုးသည်း ထန်စွာရွာသွန်းလျှင် တောင်ကျရေများပြီး ရေကျော်တတ်သော်လည်း ယခုရေကျော်မှုမှာ ယခင်နှစ်များထက် ပိုခဲ့ကာ ကားလူအသွားအလာများ ခက်ခဲခဲ့သည်ကို တွေ့ရှိရသည်။ ထို့အတူ လားရှိုး-မူဆယ်လမ်းပေါ်ရှိ နမ့်ပေါ်ချောင်းပေါ်၌ရှိသော တံတား တစ်စင်းမှာလည်း မိုးများပြီး တောင်ကျရေဆင်းကာ တံတားရေမြုပ်သွားသဖြင့် အဝေးပြေးကားကြီးများနှင့် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ပုံမှန်ဝင်ထွက် သွားလာနေသော ကုန်တင်ယာဉ်ကြီးများ ခေတ္တစောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

“သဘာဝဘေးအန္တရာယ်ကတော့ ဖြစ်လာရင်မတားဆီးနိုင်ဘူး၊ ကြိုတင်ကာကွယ်ကြရင်တော့ အထိအခိုက်နည်းမှာပါ၊ တံတားတွေကြံ့ခိုင်ဖို့ ကားလမ်းတွေနဲ့ ရေကျော်နိုင်မယ့် နေရာတွေ ထပ်ပိုးပြင်ဆင်ကြဖို့တော့ လိုနေသေးပါတယ်။

ကျွန်တော်တို့ မူဆယ်မှာ လမ်းပြင်ဆင်မှုအပိုင်းတော့ အားနည်းနေသေးတယ်လို့ မြင်ပါတယ်” ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

☼ *ကျောက်ဖြူမှ*

အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်က Miss Globe International ဆုကို သီရိလင်္ကာနိုင်ငံမှအလှမယ် Ruchini Tanasha က ဆွတ်ခူးရရှိခဲ့သည်။

ကြိုးစားပြင်ဆင်

ဂျူးစံသာသည် ယခုပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရာတွင် နိုင်ငံတကာဆုများ ရရှိခဲ့သည့် အခြားမြန်မာအလှမယ်များနည်းတူ ပထမဆု ဆွတ်ခူးနိုင်ရေးအတွက် ကြိုးစားပြင်ဆင်လျက်ရှိသည်။

ဆွတ်ခူးရရှိ

မြန်မာအလှမယ်များဖြစ် သည့် မေမြတ်နိုးသည် Miss Asia Pacific World 2014 ဆု ရရှိခဲ့ပြီး မြန်မာနိုင်ငံမှ ပအိုဝ်းတိုင်းရင်းသူ နန်းခင်ဇေယျာသည်လည်း နိုင်ငံတကာအလှမယ်ပြိုင်ပွဲတွင် People Choice Award နှင့် Miss Internet ဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။

(မြန်မာ့အလင်း)

မိုးသည်းထန်မှုကြောင့် တာကျိုး၍ လယ်များရေနစ်မြုပ်

မော်လမြိုင် ဇူလိုင် ၂၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဟသ်ာကျွန်းကျေးရွာ အရှေ့ခြမ်း မုဒုံ-ကင်းချောင်းနှင့် မျက်နှာချင်းဆိုင်အခြမ်းတွင် ပေ ၃၀၀၀ အရှည်ရှိသော လယ်သမားတာ ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျိုးသွားပြီး ပင်လယ်ရေအကျတွင် တိုက်စား မျောပါသွားကာ ရေကြီးရေနစ်မြုပ်၍ လယ်မြေဧက ၅၀ ခန့်မှာ ပျက်စီးဆုံးရှုံးသွားခဲ့ပြီး လယ်ဧက ၇၀၀ ကျော်မှာ စိုက်ပျိုး၍မရဘဲ ဖြစ်ခဲ့သည်။ အဆိုပါဒေသရှိ လယ်ဧက ၂၃၀၀ အနက် ဧက ၁၀၀၀ ကျော် ရေကြီးနစ်မြုပ် ပျက်စီးသွားခဲ့သည်။ ကျိုးပျက်သွားသောတာကို ပြန်လည်ဆောင်ရွက်နိုင်ရန် ဟသ်ာကျွန်းကျေးရွာမှ လယ်သမားများက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ တင်ပြထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(လ/၀၁၂)**

ကျန်းမာရေးဝန်ကြီးဌာန ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ် (၁/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်တွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့နှင့်အတူ လက်တွဲကာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး Action Plan အရ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့မှ ဝိုင်းဝန်းဖြည့်ဆည်းကာ အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါသည်။ MSF အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပါဝင်ဆောင်ရွက်ရာ၌ အထောက်အပံ့ဖြစ်စေရန်အလို့ငှာ ကျန်းမာရေးအခန်းကဏ္ဍများတွင် ယခင်ကကဲ့သို့ပင် တက်ကြွစွာဖြင့် အစိုးရနှင့်အတူ ဆက်လက်ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ခေါ်လိုပါသည်။

၃။ ပါဝင်ဆောင်ရွက်နေကြသော နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့အား လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် ထိုကဲ့သို့ ကျန်းမာရေးဆိုင်ရာကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ကြရာ၌ ဒေသခံပြည်သူလူထု၏ လိုလားချက်၊ ဆန္ဒသဘောထားများကို အလေးအနက်ထားကာ လိုက်လျောညီထွေစွာဖြင့် ဆက်လက်ဆောင်ရွက်ပေးကြပါရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် ပွင့်လင်းမြင်သာမှုရှိစွာ တာဝန်ယူ/တာဝန်ခံမှုရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ထပ်လောင်းဖော်ပြအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၆-၇-၂၀၁၄ ရက်တွင် ဒဂုံ(မြောက်)၊ ရွှေပေါက်ကံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ သင်္ဃန်းကျွန်း၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ စမ်းချောင်း၊ ခရမ်း၊ ကျောက်တန်း၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ သန်လျင်၊ သုံးခွ၊ တံတား၊ လက်ခုပ်ကုန်း၊ ရွှေပြည်သာ၊ အင်းစိန်၊ တိုက်ကြီး၊ မှော်ဘီ၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၃။ ၂၇-၇-၂၀၁၄ ရက်တွင် မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ဒဂုံ(ဆိပ်ကမ်း)၊ သင်္ဃန်းကျွန်း၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ ရန်ကင်း၊ အလုံ၊ လမ်းမတော်၊ ဆိပ်ကမ်း၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ ကော့မှူး၊ ကျိုက်ထော်၊ ခရမ်း၊ ရွှေပြည်သာ၊ အင်းစိန်၊မှော်ဘီ၊ ထောက်ကြန့်၊ လှိုင်သာယာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နှင့်သွားပိုးချသည်ကိုဖြေရှင်းခြင်း

ဒေါက်တာမျိုးမင်းသိန်း
(ACTION Study)

ကျွန်တော်တို့ မြန်မာသွားနှင့်ခံတွင်း ဆေးပညာလောကသားများ နိစ္စဓူဝကြုံတွေ့နေကြရတဲ့ ပြဿနာများထဲမှာ ယနေ့အချိန်ထိမြန်မာပြည်သူအများယုံကြည်နေကြတဲ့သွားပိုးချခြင်းဆိုတာလည်းပါပါတယ်။ ဒီကနေ့အချိန်အထိ သွားနှင့်ခံတွင်းဆေးခန်းများသို့ လာရောက်ပြသကြတဲ့လူနာများထဲမှာ သွားပိုးချချင်လို့၊ သွားပိုးသတ်ချင်လို့ဆိုပြီးလာတဲ့လူနာတွေ အများကြီးရှိပါသေးတယ်။ ကျွန်တော်တို့မှာလည်း သာမန်ပြည်သူများ ဗဟုသုတလည်းရသွားအောင် သွားပိုးစားတယ်ဆိုတာကိုလည်း သေချာနားလည်သွားအောင် ရှင်းပြရတာ အမောပါ။ သွားနှင့်ခံတွင်း ဆေးပညာရယ်လို့ စနစ်တကျမပေါ်ထွန်းခင်အချိန်၊ သွားနှင့်ခံတွင်းဆရာဝန်များ မပေါ်ခင်အချိန်ကတည်းက မြန်မာပြည်မှာ လူတချို့ဟာ လူအများသွားကိုက်သွားနာဝေဒနာခံစားရတဲ့အခါ သွားပိုးချခြင်းဆိုတဲ့အလုပ်တစ်ခုကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာခဲ့ကြပါတယ်။ အထူးသဖြင့် အများစုတွေ့ရတတ်တာတွေက ဆံပင်ဝယ်တဲ့သူတွေ၊ အခြားတိုလီမုတ်စရမ်းကုနေတဲ့သူတွေဟာ လူစည်ကားရာနေရာများဖြစ်တဲ့ ဈေး၊ ဘတ်စ်ကားဂိတ်စတဲ့နေရာတွေမှာ ပြုလုပ်ခဲ့ကြပါတယ်။ ဝေဒနာခံစားနေကြရတဲ့ လူနာများကတော့ ပျောက်ကောင်းပျောက်နိုးနဲ့ သွားရောက် ပြုလုပ်ကြရင်း ယနေ့အချိန်အခါအထိ လူတွေကြားထဲမှာ သွားပိုးချခြင်းဆိုတာ စွဲလို့နေခဲ့ပါတယ်။ ကျန်းမာရေးဗဟုသုတလေ့လာလိုက်စားမှုအားနည်းသူများ အထူးသဖြင့် ပြုလုပ်တတ်ကြပြီး တချို့မှာ ၎င်းလူတွေပြောပြတဲ့ သွားပိုးဆိုတာကိုတောင် အမှန်တကယ် အရှိထင်နေကြပါတယ်။

ကျွန်တော်တို့ဆရာကြီးများနဲ့ ကျွန်တော့်အဘိုးတို့ပြောပြခဲ့ဖူးတာတော့ အဲဒီသွားပိုးချတယ်ဆိုတဲ့သူတွေဟာ သွားနာသွားကိုက်လို့ ရောက်လာတဲ့လူတွေကို ရေနဲ့အရင် ပလုတ်ကျင်းခိုင်းပါတယ်။ ပြီးမှဆေးရေလိုလို ဘာလိုလိုအရည်တွေကိုငုံထားခိုင်းကာ ပြန်ထွေးထုတ်ခိုင်းပြီး ပါးစပ်က ပြန်ထွက်လာတဲ့ရေထဲမှာ ပိုးကောင်လေးတွေပါတယ်ဆိုတာကိုပြပြီးရင် ပျောက်သွားမယ်ဆိုပြီးသွားပိုးချခ ပိုက်ဆံယူကာပြန်လွှတ်လေ့ရှိပါတယ်။ ပြီးရင်မပျောက် ပြန်ကိုက်လို့ ပြန်လာရင် တစ်ခါရေထပ်ငုံခိုင်း ပြန်ထွေးထုတ်ခိုင်း ပိုးကောင်လေးတွေ ပါလာတာကိုပြပြီး ပိုက်ဆံယူ ပြန်လွှတ်ဒီလိုနဲ့ပဲ နောက်ဆုံးတော့သွားတွေဆွေးကုန်ပြီး ပျက်စီးကုန်ပါတော့တယ်။ အမှန်တော့ ယုံယုံကြည်ကြည်နဲ့ သွားပြကြတဲ့သူများဟာ ၎င်းသူတွေရဲ့လှည့်စားမှုကို ခံနေရတယ်ဆိုတာကိုတောင်မသိကြရှာပါဘူး။ သူတို့ငုံခိုင်းပလုတ်ကျင်းခိုင်းတဲ့ရေ သွားထဲကိုထည့်တဲ့အရာတွေထဲမှာ ဆန်ပိုးတို့လို မျက်စိနဲ့မြင်ရတဲ့ ပိုးကောင်လေးတွေကို ထည့်ထားပြီးသားပါ။ လူတွေတော်တော်များများက သတိမထားမိလိုက်ဘဲ လှည့်ပတ်ခံလိုက်ကြရပါတယ်။ ဒါနဲ့ပဲ မဆုံးရှုံးသင့်တဲ့ သွားတွေ ဆုံးရှုံးခဲ့ရတာတွေ မနည်းပါဘူး။ ဒါကြောင့် သွားပိုးချတယ်ဆိုတာနဲ့ သွားပိုးသတ်တယ်ဆိုတာ မိမိကိုလှည့်စားနေပါတယ်ဆိုတာကို သိထားဖို့လိုပါတယ်။ ဒါအပြင် သိပ္ပံနည်းကျတဲ့သွားနှင့်ခံတွင်းဆိုင်ရာဗဟုသုတတွေလည်း သိထားဖို့လိုပါတယ်။ ဒါမှသာ မိမိခံတွင်းကျန်းမာရေးအတွက် မလုပ်သင့်မလုပ်ထိုက်တဲ့ အလုပ်မျိုးကို ရှောင်ရှားနိုင်မှာပါ။

သွားပိုးစားခြင်းဆိုတဲ့ အသုံးအနှုန်းက ရှေးယခင်နှစ်များစွာကတည်းက အသုံးပြုခဲ့တဲ့အသုံးဖြစ်တာကြောင့် လူတွေက သွားကို ပိုးကကိုက်စားတယ်လို့ ထင်ယောင်ထင်မှားဖြစ်စေပါတယ်။ သွားပိုးစားခြင်းထက် ပိုသင့်တော်တဲ့ အသုံးအနှုန်းကတော့ သွားဆွေးမြည့်ခြင်းပါပဲ။ သွားဆိုတဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းဟာ လူတစ်ကိုယ်လုံးမှာ အမာဆုံးအစိတ်အပိုင်းပါ။ သွားမှာ အဓိက အလွှာကြီးများဖြစ်တဲ့ ကြွေသွားလွှာ (Enamel)၊ ဆင်စွယ်နှစ်လွှာ (Dentine) နဲ့ မွသွားလွှာ (Pulp)ဆိုတဲ့အလွှာသုံးလွှာနဲ့ ဖွဲ့စည်းထားပြီး ကြွေသွားလွှာလို့ခေါ်တဲ့ (Enamel) ဟာ လူတစ်ကိုယ်လုံးမှာအမာဆုံးပါ။ အရိုးတွေထက်တောင်ပိုမာပါတယ်။ ဒီလောက်မာတဲ့သွားအလွှာတွေကို ဘယ်ပိုးကောင်ကမှ မကိုက်စားနိုင် မဖောက်နိုင်ပါဘူး။ သိပ္ပံနည်းကျရှာဖွေတွေ့ရှိထားတဲ့ သွားပိုးစားခြင်း (ဝါ) သွားဆွေးမြည့်ခြင်းဆိုတာ ဒီလိုပါ။ ကျွန်တော်တို့ ခန္ဓာကိုယ်ထဲမှာ တွယ်ကပ်မှီခိုနေတဲ့ ဗက်တီးရီးယားပိုးဆိုတာအများကြီးရှိပါတယ်။ ၎င်းဗက်တီးရီးယားပိုးမွှားများဟာ သာမန်မျက်စိနဲ့မမြင်နိုင်လောက်အောင် သေးငယ်ပြီး အဆပေါင်းသန်းချီပြီး ချဲ့ကြည့်ရတဲ့ မိုက်ခရိုစကုပ်ခေါ် အဏုကြည့်မှန်ပြောင်းများဖြင့်ကြည့်မှသာမြင်တွေ့နိုင်ပါတယ်။ ကျွန်ုပ်တို့ခံတွင်းထဲမှာလည်းအခြားခန္ဓာကိုယ်အစိတ်အပိုင်းများလိုပဲ မှီတင်းနေထိုင်တဲ့ဗက်တီးရီးယားပိုးမွှားမျိုးစိတ်ပေါင်း ရာနဲ့ ချီရှိပါတယ်။ အဲဒီဗက်တီးရီးယားပိုးမွှားများဟာ ကျွန်တော်တို့နေ့စဉ်နေ့တိုင်းစားသုံးပြီးခံတွင်းထဲမှာ တွယ်ကပ်ကျန်ငြိနေတဲ့ စားကြွင်းစားကျန်များကိုစားသုံးပြီး ပေါက်ပွားရှင်သန်ကြပါတယ်။ ၎င်းဖြစ်စဉ်ကို အချဉ်ဖောက်ခြင်းလို့ခေါ်ပါတယ်။ ဒီနေရာမှာ သိထားဖို့တစ်ခုက ၎င်းပိုးမွှားဟာလည်း သွားကိုကိုက်စားတာမဟုတ်ပါ။ ၎င်းဗက်တီးရီးယားများ စွန့်ထုတ်လိုက်တဲ့ toxin လို့ခေါ်တဲ့ အဆိပ်ဓာတ်တစ်မျိုးဟာ ငရုတ်မီးလို့ မြန်မာလိုခေါ်တဲ့ အက်စစ်နဲ့ဆင်တူပါတယ်။ အချဉ်ဖောက်ပြီး ချဉ်တဲ့အရသာရှိတဲ့အခြေအနေအဖြစ်သို့ ပြောင်းသွားပါတယ်။ အထူးသဖြင့် တစ်နေကုန်စားထားတဲ့ စားကြွင်းစားကျန်များနဲ့ ညဘက်သွားမတိုက်ဘဲ အိပ်မိတဲ့အခါ နံနက်မိုးလင်းအိပ်ယာထရင် ခံတွင်းထဲမှာ ချဉ်တင်တင်နဲ့ နံတဲ့တံတွေးရည်တွေထွက်ကျလာတာသတိပြုမိကြမှာပါ။ ဒါ့အပြင် ထမင်းစားပြီး အစာတစ်ခုခုစားပြီး ခံတွင်းချဉ်တယ်လို့ ပြောလေ့ရှိပါတယ်။ အဲ့သလိုဖြစ်တာတွေဟာလည်း အချဉ်ဖောက်ပြီး အက်စစ်ဓာတ်တွေဖြစ်လာပါတယ်။ ၎င်းအက်စစ်ဓာတ်နှင့်တူတဲ့ အဆိပ်အတောက်တွေကသာ သွားအတွင်းဖွဲ့စည်းထားတဲ့ အလွှာတွေကို ဆွေးမြည့်ပျက်စီးစေပြီး သွားအပေါက်တွေဖြစ်ပေါ်လာစေတာဖြစ်ပါတယ်။ ထိုမှ

အမှန်တော့ တစ်နေ့တစ်ကြိမ် တိုက်ရင်တောင် ညအိပ်ရာမဝင်ခင်အချိန်ကို မဖြစ်မနေ တိုက်ပေးရပါမယ်။ တစ်နေကုန်စားထားတဲ့အစာမျိုးစုံရဲ့ စားကြွင်းစားကျန်တွေနဲ့ ညအိပ်ချိန် နာရီများစွာမှာ ဗက်တီးရီးယားပိုးများ အများကြီးပေါက်ပွားနိုင်ပြီး အက်စစ်အဆိပ်အတောက်များလည်း အများကြီး စွန့်ထုတ်နိုင်တာမို့ သွားဆွေးမြည့်ပျက်စီးနိုင်ခြေပိုများပါတယ်။

ပိုမိုဆိုးရွားလာပြီး သွားအတွင်းပိုင်း မွသွားလွှာသို့ရောက်ရှိပါက သွားကိုက်ခြင်း၊ သွားနာခြင်းများ ဆက်လက်ဖြစ်ပေါ်ကာ သွားရောဂါဝေဒနာများကို ခံစားရစေပါတယ်။ ဒါကြောင့် သွားဆေးခန်းများတွင် စက်၊ တံစဉ်းတို့နှင့်တောင် အတော်တိုက်ယူရတဲ့ သွားအလွှာများကို ဘယ်လိုပိုးမွှားများကမှ မကိုက်စားနိုင်ပါ။ ၎င်းပိုးမွှားများကိုလည်း မိမိတို့ခံတွင်းများကိုသေချာအချိန်ပေးပြီး ရှာဖွေကြည့်စေချင်ပါသည်။ အမှန်တကယ်ရှိသည်ဆိုသော ဗက်တီးရီးယားပိုးမွှားများမှာ သွားကြို သွားကြားသွားဖုံးများတွင် မှီခိုနေပေမယ့်၎င်းတို့မှထုတ်လွှတ်သော အဆိပ်အတောက်များကသာ သွားရဲ့ဇီဝဖွဲ့စည်းပုံတွေကို ပျက်စီးစေပြီး သွားဆွေးမြည့်ခြင်းများဖြစ်စေပါတယ်။ ထိုမှတစ်ဆင့် သွားနာသွားကိုက်ဝေဒနာများဆက်လက်ခံစား ရရှိကြတာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ဗဟုသုတအဖြစ် ဖော်ပြလိုတာ ရှိပါသေးတယ်။ လူအများစုက အချိုစားမှ၊ ချိုတဲ့အစားအစာတွေစားမှ သွားပိုးစားတယ်လို့ ထင်နေကြပါတယ်။ ဒါလည်း လွဲမှားနေတဲ့ ယုံကြည်မှုပါပဲ။ ကျွန်တော်တို့ စားသုံးနေတဲ့ အစားအစာအများစုဟာ ကာဗွန်ဟိုက်ဒရိတ်ခေါ် ကစီဓာတ်များဖြစ်ကြပါတယ်။ ချိုတဲ့အစားအစာအပြင် အခြားကာဗွန်ဟိုက်ဒရိတ်များတဲ့ အစားအစာများကိုလည်း ဗက်တီးရီးယားပိုး စားသုံးနိုင်လို့ဖြစ်ပါတယ်။ ဗက်တီးရီးယားပိုးမွှားများ စားသုံးနိုင်တဲ့ အစာမှန်သမျှဟာ ဗက်တီးရီးယားပိုးများကို ပိုမိုပေါက်ပွားနိုင်စေပြီး သွားတွေကို ဆွေးမြည့် ပျက်စီးစေနိုင်တဲ့ အက်စစ်အဆိပ်အတောက်များကို ပိုမိုစွန့်ထုတ်စေနိုင်တာမို့ မည်သည့်စားကြွင်းစားကျန်မျှ မိမိခံတွင်းထဲမှာ မကျန်အောင် ဂရုတစိုက်သန့်ရှင်းရေးလုပ်ကြရပါလိမ့်မယ်။ ဒါကြောင့် မည်သို့သော အစားအစာမျိုးပင်ဖြစ်ပါစေ ခံတွင်းထဲမှာ စားကြွင်းစားကျန်များ မကျန်အောင်ဂရုတစိုက် သန့်ရှင်းရေးပြုလုပ်ဖို့ လိုပါတယ်။ ဘာပဲစားစား ဘာပဲသောက်သောက် စားပြီးသောက်ပြီးတာနဲ့ ရေဖြင့်ဖြစ်စေ ပလုတ်ကျင်းဆေးရေများဖြင့်ဖြစ်စေ အမြဲဖယ်ရှားရှင်းလင်းပြီး ခံတွင်းသန့်အောင်ထားခြင်းဖြင့် ဗက်တီးရီးယားပိုးများ ပေါက်ဖွားနှုန်းကို လျော့ကျစေသလို အချဉ်ဖောက်ပြီး အက်စစ်ဓာတ်ဖြစ်ပေါ်မှုကိုလည်း ကာကွယ်ရာရောက်ပါတယ်။ အခြားကျန်သည့်အချိန်များတွင်လည်း မကြာခဏ ပလုတ်ကျင်းပေးခြင်းဖြင့် မိမိခံတွင်းကိုသန့်ရှင်းအောင် ထိန်းထားနိုင်ပြီး သွားပိုးစားခြင်းမှ ကာကွယ်နိုင်ပါလိမ့်မယ်။

သွားတိုက်ရာတွင်လည်း စနစ်တကျနဲ့ အချိန်မှန်မှန် သန့်ရှင်းရေး လုပ်ဖို့လိုပါမယ်။ ယနေ့အထိလူအများစုဟာ မနက်အိပ်ရာထချိန်သာ သွားတိုက်တတ်ကြပြီး ညဘက်တိုက်တဲ့အလေ့အကျင့်များမရှိသေးတာတွေ့ရပါတယ်။ အမှန်တော့တစ်နေ့တစ်ကြိမ်တိုက်ရင်တောင် ညအိပ်ရာမဝင်ခင် အချိန်ကို မဖြစ်မနေ တိုက်ပေးရပါမယ်။ တစ်နေကုန်စားထားတဲ့အစာမျိုးစုံရဲ့ စားကြွင်းစားကျန်တွေနဲ့ ညအိပ်ချိန်နာရီများစွာမှာ ဗက်တီးရီးယားပိုးများ အများကြီးပေါက်ပွားနိုင်ပြီး အက်စစ်အဆိပ်အတောက်များလည်း အများကြီး စွန့်ထုတ်နိုင်တာမို့ သွားဆွေးမြည့်ပျက်စီးနိုင်ခြေပိုများပါတယ်။ ဒါကြောင့် ညအိပ်ရာမဝင်ခင် အစာနောက်ဆုံးစားပြီးတဲ့အချိန်မှာ သွားကိုမဖြစ်မနေတိုက်ရပါမယ်။ နောက်မှားနေတာတစ်ခုက နံနက်စာမစားခင်သွားတိုက်တာပါ။ သွားတိုက်ပြီးမှ နံနက်စာစားတော့ သန့်ပြီးသား သွားတွေမှာ အစာတွေပြန်ကပ်ကုန်ပါတယ်။ ဒါကြောင့် ညအိပ်ရာမဝင်ခင် အချိန်နဲ့ နံနက်စာစားပြီးချိန်ကို တာဝန်တစ်ခုလိုသတ်မှတ်ပြီး မဖြစ်မနေလုပ်ကြရပါမယ်။ ကျန်တဲ့အချိန်တွေမှာလည်း ဘာပဲစားစား ဘာပဲသောက်သောက် ရေဖြင့်ပလုတ်ကျင်းပြီး ခံတွင်းကို သန့်နေအောင်ဂရုစိုက်ရပါမယ်။ သွားပွတ်ကြိုး၊ သွားကြားထိုးတံစတာတွေနဲ့လည်း သွားကြိုသွားကြားတွေထဲမှာ စားကြွင်းစားကျန်တွေ မကျန်အောင်သန့်ရှင်းရေးပြုလုပ်ရပါမယ်။ ခြောက်လတစ်ခါ သွားနှင့်ခံတွင်း ဆရာဝန်များမှာ စစ်ဆေးမှုခံယူပြီးသွားပိုးပေါက်များမဖြစ်အောင် ကြိုတင်ကာကွယ်ဖို့လိုပါတယ်။ ၎င်းသွားပိုးချခြင်း လုပ်တဲ့နေရာများ ယနေ့တိုင်တွေ့ရှိနေရသေးတာကြောင့် ပြည်သူများအနေနဲ့ မိမိကျန်းမာရေးကိုဂရုစိုက်ပြီးမှန်ကန်တဲ့ ဆေးကုသမှုစနစ်များနဲ့ နေထိုင်ပါမှ မိမိခံတွင်းကျန်းမာရေးကိုစောင့်ရှောက်နိုင်ပါလိမ့်မယ်။ ဒါကြောင့် သွားပိုးချခြင်းဆိုတဲ့ လိမ်ညာလှည့်စားမှုများကင်းပြီး သွားနှင့်ခံတွင်း ဗဟုသုတတိုးပွားစေဖို့ ဆန္ဒပြုလိုက်ရပါတယ်။ ။

ဧရာဝတီမြစ်ကမ်းပါးပြိုမှုကြောင့် လူနေအိမ်များပြောင်းရွှေ့ပေးရန်လိုအပ်သည့် နောင်ကာကျေးရွာ

ဗန်းမော် ဇူလိုင် ၂၃

ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်းရှိ နောင်ကာကျေးရွာမှ လူနေအိမ်များကို ဖျက်သိမ်းနေကြရသည်။ကချင်ပြည်နယ် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့်အဖွဲ့သည် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက ဗန်းမော်မြို့မှ နောင်ကာကျေးရွာသို့ စက်လှေဖြင့် သွားရောက်ခဲ့ကြသည်။

နောင်ကာကျေးရွာသည် ဗန်းမော်မြို့နယ်နှင့် မျက်နှာချင်းဆိုင် ဧရာဝတီမြစ် အနောက်ဘက်မြစ်ကမ်းနားဘေးတွင် တည်ရှိသည်။ အိမ်ခြေ ၇၀၊ အိမ်ထောင်စု ၇၈ စု၊ လူဦးရေ ၃၈၈ ဦးရှိ၍ လယ်ယာမြေလုပ်ကိုင် စားသောက်သော မြစ်ကမ်းနဖူးရွာကလေးတစ်ရွာဖြစ်သည်။

နောင်ကာကျေးရွာ အရောက်တွင် မြစ်ကမ်းပါးရေတိုက်စားမှု၊ မြေပြိုနေမှု၊ လူနေအိမ်ဖျက်ထားသည့်နေရာများ တွေ့မြင်ရပြီး လူနေအိမ်တစ်လုံး ဖြိုဖျက်နေသည်ကိုလည်း တွေ့ရသည်။ ထို့နောက် ကျေးရွာဘုန်းကြီးကျောင်းတွင် ဆရာတော် ဦးသောဘိတ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ကမ်းပါးပြိုကျမှု၊ လူနေအိမ်ဖြိုဖျက်နေမှု၊ လူနေအိမ်ပြောင်းရွှေ့ရေးကိစ္စတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

"မြစ်ရေတိုက်စားမှုကြောင့် လူနေအိမ် ၄၀ ဖြိုဖျက်ထားပြီး ကိုးလုံးမှာ ယာယီပြောင်းရွှေ့နေထိုင်ကြတယ်၊ လူနေအိမ်အားလုံးကို ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ညောင်ပင်သာယာရွာတောင်ဘက်သို့ ပြောင်းရွှေ့ပေးစေလိုပါတယ်" ဟု ဆရာတော်က မိန့်ကြားသည်။

ပြောင်းရွှေ့ မြေနေရာရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြပြီး အမြန်ဆုံးပြောင်းရွှေ့နိုင်အောင် စီစဉ်ပေးမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့ပြီး ညောင်ပင်သာရွာအနီး ပြောင်းရွှေ့မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရန် မြို့နယ်အုပ်ချုပ်ရေးမှူးကိုတာဝန်ပေးလိုက်သည်။

ဧရာဝတီမြစ်ရေ မြင့်တက်သည့်ကာလဖြစ်၍ သွားလာရေးခက်ခဲချိန်တွင် မိဘပြည်သူ၊ ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက် ခရိုင်ကျန်းမာရေးဦးစီးမှူးက သူနာပြုဆရာမများကို တာဝန်ပေးစေလွှတ်ထားကြောင်း သိရသည်။

ကောင်းစင့်ရာ အနောက်ဘက်တွင် ကမ်းပါးမြေပြို၍ အောင်ချမ်းသာရွာမှ ပြောင်းရွှေ့လာသော လူနေအိမ်များကို တွေ့မြင်ရသည်။ အိမ်များ၏တောင်ဘက် ခြောက်ဖာလုံခန့်အကွာ ကုန်းမြေပေါ်သို့ သွားရောက်၍ ပြောင်းရွှေ့နိုင်မည့် မြေနေရာအခြေအနေကို မြေပုံကားချပ်နှင့်တကွ စစ်ဆေးကြည့်ရှုခဲ့သည်။

ဧရာဝတီမြစ်ရေသည် လက်ရှိရေအမှတ်ထက် ဆက်လက်မြင့်တက်လာပါက အိမ်ခြေ ၇၀ နှင့် လူဦးရေ ၃၈၈ တို့မှာ မြစ်ရေလွှမ်းမိုး ဒဏ်ခံရမည်ဖြစ်သည်။

၎င်းတို့မိသားစုဘဝရွှေ့ရေးနေထိုင်မှုများ အခက်အခဲရှိလာနိုင်သဖြင့် လူနေအိမ်များ အချိန်မီပြောင်းရွှေ့ပေးရန်လိုအပ်ကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

လွှတ်တော်ရေးရာကဏ္ဍ

◆ ပြည်ထောင်စုလွှတ်တော်မှ

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီအစည်းအဝေး အကြိမ် ၃၀ အတွင်း ကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၁၅ ခန်း၊ ပုဒ်မပေါင်း ၄၅၇ ခုနှင့် ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ရှိသည့်အနက် အခန်း (၁)၊ အခန်း (၂)၊ အခန်း (၃)၊ အခန်း (၄)၊ အခန်း (၅)၊ အခန်း(၆) နှင့်အခန်း (၁၂) တွင် ပါရှိသည့် ပုဒ်မပေါင်း ၃၄၀ နှင့် စပ်လျဉ်း၍ လေ့လာဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ဆောင်ရွက်ပေးသည့် စီမံချက်ကိစ္စနှင့် စပ်လျဉ်းသည့် သဝဏ်လွှာနှင့် ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်အတွင်းရှိ ကမ်းထောင့်ကြီးကျေးရွာအုပ်စုအား ကမ်းထောင့်ကြီးမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၁၉၉၄ ခုနှစ် မတ် ၃၁ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၈/၂၀၁၃) ဖြင့် ၂၀၁၃ခုနှစ် ဇူလိုင် ၂၉ ရက်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အသစ်ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုသာမက အခြားအခွင့်အလမ်းများကိုလည်း ထည့်သွင်းပြဋ္ဌာန်းပေးခဲ့ပါကြောင်း။

အဆိုပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုပေးရာတွင် ရင်းနှီးမြှုပ်နှံသူအနေဖြင့် ကော်မရှင်မှခွင့်ပြုမိန့်ရရှိသည်နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ငါးနှစ်ကို ခံစားခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို လုပ်ငန်းရှင်က အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကို ဖြစ်စေ ခံစားခွင့်ပြုရန် တင်ပြလျှောက်ထားလာခြင်းအပေါ်တွင် ကော်မရှင်က စိစစ်ခွင့်ပြုပေးရမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေတွင် နိုင်ငံသားများ၏ စီးပွားရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များက တင်ပြလျှောက်ထားလာမှုများကို တတ်နိုင်သမျှ ခံစားခွင့်ပြုပေးလျက်ရှိပါကြောင်း။

ဤသို့အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ အခွင့်အရေးများ၊ အာမခံချက်များအား မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေက ခွင့်ပြုထားသော်လည်း မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါဥပဒေကို ကျင့်သုံးကာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက်များ တင်သွင်း၍ ခွင့်ပြုမိန့်ရယူဆောင်ရွက်ခြင်းနည်းပါးလျက်ရှိပါကြောင်း၊ ဤသို့ ခွင့်ပြုမိန့်ရယူဆောင်ရွက်ခြင်း မပြုသည့်အတွက် အခွင့်အရေးများ ဆုံးရှုံးနေသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

ထိုသို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို အသုံးပြုမှုနည်းပါးရခြင်း၏ အကြောင်းအရင်းများအနက် အဓိကအကြောင်းအရင်းသည် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းထားရှိမှုကို သိရှိမှုအားနည်းခြင်းကြောင့်ဖြစ်ပြီး အခြားအကြောင်းများမှာ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ကျင့်သုံးနိုင်ကြောင်း သိရှိသော်လည်း ခွင့်ပြုမိန့်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ကောင်းစွာနားလည် သဘောပေါက်မှုမရှိခြင်းကြောင့် ဥပဒေအား ကျင့်သုံးဆောင်ရွက်လိုမှုမရှိခြင်း၊ အချို့သော လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို သိရှိသော်လည်း ကော်မရှင်သို့ အဆိုပြုလွှာတင်ပြရာတွင် ပူးတွဲတင်ပြရမည့် မြေပိုင်ဆိုင်မှုအထောက်အထား၊ ငွေကြေးခိုင်မာမှု အထောက်အထားစသည့် လိုအပ်သောအထောက်အထားများကို မတင်ပြလိုခြင်း၊ မတင်ပြနိုင်ခြင်းကြောင့် ကော်မရှင်သို့ ဆက်သွယ်ဆောင်ရွက်မှု မပြုခြင်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးသိန်းထိုက် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

သို့ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို နိုင်ငံသားများ ကျယ်ပြန့်စွာ သိရှိနားလည်စေရေးအတွက်လည်းကောင်း၊ ယင်းဥပဒေအရ ဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ၊ ခံစားခွင့်ရှိသည့် အခွင့်အရေးများကို တိုင်းဒေသကြီး/ပြည်နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ သိရှိနားလည်လာစေရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဦးဆောင်၍ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်းကြောင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ နှစ်စဉ် တိုးတက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၁/၂၀၁၂) ဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို စတင်ပြင်ဆင်ရေးဆွဲစဉ်ကတည်းက ရင်းနှီးမြှုပ်နှံမှုဥပဒေ တစ်ရပ်တည်းအဖြစ် ထားရှိရန် စဉ်းစားခဲ့သော်လည်း အချိန်ကာလ တစ်ခုအထိ စောင့်ဆိုင်းပြီးမှ ဥပဒေနှစ်ရပ်ပေါင်းစည်းရေးကို ဆောင်ရွက်ရန် အကြံပြုချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုသာ စတင်ပြင်ဆင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသောကြောင့် အဆိုပါဥပဒေများအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်ခွင့်ပြုပေးလျက်ရှိရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ် ပြဋ္ဌာန်းထားခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အမြင်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် ခွဲခြားဆက်ဆံမှုရှိသည်ဟု ယူဆသကဲ့သို့ နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများကလည်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအခွင့်အရေးပေးထားသည်ဟု အယူအဆလွဲမှားခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ ကတိကဝတ်များကိုလည်း လိုက်နာကျင့်သုံးရမည်ဖြစ်ရာ ၂၀၁၂ ခုနှစ် မတ် ၂၉ ရက်တွင် အသက်ဝင်ခဲ့သည့် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အရ နိုင်ငံသားနှင့် နိုင်ငံခြားသား ခွဲခြားဆက်ဆံမှုမပြုခြင်း၊ မျှတ၍တူညီသော အခွင့်အရေးပေးခြင်းစသည့် အဆိုပါ သဘောတူစာချုပ်ပါ ကတိကဝတ်များကို လိုက်နာကျင့်သုံးရမည့် တာဝန်ရှိသည့်အပြင် အခြားအာဆီယံနိုင်ငံများနည်းတူ ရင်းနှီးမြှုပ်နှံမှုဥပဒေကို တစ်ခုတည်းသာ ထားရှိရန် လိုအပ်လာပါကြောင်း။

သို့ပါ၍ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ် ပေါင်းစည်းခြင်းဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက်များ၊ အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်ပါ လမ်းညွှန်ချက်များနှင့် ညီညွတ်စေမည်ဖြစ်ပါကြောင်း။

ဥပဒေနှစ်ရပ် ပေါင်းစည်းခြင်းအားဖြင့် တည်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ဥပဒေတို့၏ အားနည်းချက်များကို ပြင်ဆင်ကာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်ရာတွင် ယခုထက် ပိုမိုကောင်းမွန်သည့် ဥပဒေတစ်ရပ်အဖြစ် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်၍ အဆိုပါ ဥပဒေပေါင်းစည်းရေးအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို လွှတ်တော်အဆင့်ဆင့်သို့ တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေပြဋ္ဌာန်းပြီးသည့်အခါ နည်းဥပဒေကို ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးကျော်ကျော်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်က အတည်ပြုထားသည့် အတိုင်း ပြန်လည်အမှတ်စဉ်သွားမည်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုထားသည့် အတိုင်းပြင်ဆင်၍ နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရေး အတွက် ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမခြောက်လ နိုင်ငံတော် အရအသုံးစာရင်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ၏ အစီရင်ခံစာ(၈/၂၀၁၄) အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ငွေလုံးငွေရင်း ခေါင်းစဉ်တွင် သုံးစွဲခွင့်ရသော တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီ၏ အတည်ပြုချက် ရယူထားခြင်းမရှိမှု၊ နိုင်ငံတော်ပိုင်ပစ္စည်းနှင့် ဘဏ္ဍာရန်ပုံငွေမှ ကျခံဆောင်ရွက်ထားသော်လည်း ရရှိလာသောဝင်ငွေကို နိုင်ငံတော်ရငွေစာရင်းတွင် မထည့်သွင်းဘဲ ရုံးဌာန၏ သီးခြားဖွင့်လှစ်ထားသည့် အခြားခေါင်းစဉ်အောက်တွင် စာရင်းထည့်သွင်းထားမှု၊ ငွေလုံးငွေရင်း ခေါင်းစဉ်တွင် သုံးစွဲခွင့်ရသော တည်ဆောက်ရေး လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်းမပြုဘဲ ဌာန၏ အစီအစဉ်ဖြင့် ဆုံးဖြတ်ဆောင်ရွက်ထားမှု၊ ဘဏ္ဍာရေးနှစ်၏ ထည့်ဝင်လျာထားစာရင်းတွင် မပါဝင်သည့် အသုံးစရိတ်များကို မသက်ဆိုင်သည့် ခေါင်းစဉ်များတွင် သုံးစွဲထားမှု၊ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအား သာမန်အသုံးစရိတ်ဖြင့် သုံးစွဲထားမှု၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲထားသော်လည်း အသုံးစရိတ်များတွင် ပြေစာတင်ပြနိုင်ခြင်းမရှိမှု၊ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် ခွဲဝေရရှိထားသည့် ရန်ပုံငွေကို သုံးစွဲခြင်းမရှိပါက ပိုလျှံငွေအဖြစ် ပြန်လည်အပ်နှံရမည်ကို နောင်ဘဏ္ဍာနှစ်များတွင် ထုတ်ယူသုံးစွဲနေမှု၊ နိုင်ငံပိုင်စက်ရုံများအား ပုဂ္ဂလိကသို့ စာချုပ်ချုပ်ဆို၍ငှားရမ်းသော်လည်း စာချုပ်ပါအတိုင်း သတ်မှတ်ရက်အတွင်း ရငွေကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်သို့ ပေးသွင်းထားခြင်းမရှိမှု၊ နိုင်ငံတော်ပိုင်ငွေအား ပေးသွင်းရမည့် ရက်ထက်ကျော်လွန်ပြီး ငွေသားများအား လက်ဝယ်ကိုင်ထားရှိမှု၊ နိုင်ငံတော်ပိုင်ပစ္စည်းများအား ထုခွဲရောင်းချမှုနှင့် ငှားရမ်းမှုတို့တွင် အမှားအယွင်းနှင့် နှောင့်နှေးမှု၊ အခွန်ငွေများ ပြည့်ပြည့်ဝဝကောက်ခံမရရှိမှု၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကူညီထောက်ပံ့ငွေများနှင့် ရငွေများအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းနှင့် ဝန်ကြီးဌာနအရအသုံးစာရင်းတွင် ဖော်ပြထားခြင်းမရှိမှုနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ဖောက်ဖျက်မှုဆိုင်ရာကိစ္စရပ်များကို အသီးသီးဆွေးနွေးကြသည်။

အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အခွန်ကောက်ခံမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းလွယ်ကူသော ဥပဒေများ ပြဋ္ဌာန်းရန်လိုအပ်ခြင်း၊ ကောင်းမွန်သည့် အခွန်ဝန်ဆောင်မှု၊ အခွန်ပညာပေးမှုများ ပိုမိုလိုအပ်ခြင်း၊ ထိရောက်ဟန့်တားသည့် ပြစ်မှုပြစ်ဒဏ်များ ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး၊ အခွန်ကောက်ခံမှုဆိုင်ရာ ရှင်းလင်းလွယ်ကူသော ဥပဒေများပြဋ္ဌာန်းနိုင်ရေး အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အခွန်ဥပဒေများကို ပြင်ဆင်ရေးဆွဲခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ကောက်ခံမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ခေတ်မီသော နည်းပညာများ တပ်ဆင်အသုံးပြုနိုင်ရေး၊ အခွန်ပညာပေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး၊ ရှင်းလင်းလွယ်ကူသော အခွန်ဥပဒေများကို ဆောင်ရွက်ပြီးသည့်အခါ အခွန်ထမ်းများနှင့် အခွန်ဝန်ထမ်းများသည် တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ပျက်ကွက်မည် ဆိုပါက ထိရောက်ဟန့်တားသည့် ပြစ်မှုပြစ်ဒဏ်များ ချမှတ်အရေးယူဆောင်ရွက်ခြင်းအားဖြင့် ကောင်းမွန်သည့် အခွန်စနစ်တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအကူအညီဖြင့် အခွန်တိမ်းရှောင်သူများကို ဖော်ထုတ်စည်းကြပ်နိုင်ရေးအတွက် အခွန်ခွဲဝေပေးနိုင်ရေးနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး အခွန်ဘဏ္ဍာငွေ တိုးတက်ကောက်ခံနိုင်ရေးအတွက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းနိုင်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများကို ဖိတ်ကြားပြီး ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြုမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ယခုထက်ပိုမို၍ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများကို သိရှိနိုင်ရန်နှင့် အလေးထားလိုက်နာနိုင်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် သင်တန်းများဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့် ညွှန်ကြားချက်များထုတ်ပြန်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးသိန်းထိုက်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဒေသစာရင်းရုံးများသည် ဥပဒေနှင့်အညီ တာဝန်ပေးမှုများအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယခြောက်လ လက်ကျန်စာရင်းများ၊ လုပ်ငန်းများနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပထမခြောက်လစာရင်းများ၊ လုပ်ငန်းဆောင်ရွက်မှုအား ၂၀၁၃ ခုနှစ် အောက်တိုဘာ စတုတ္ထရက်သတ္တပတ်မှ ၂၀၁၄ ခုနှစ် မေလပထမရက်သတ္တပတ်အထိ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အစီရင်ခံစာကို ဥပဒေနှင့်အညီ တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက တင်ပြခဲ့သည့်အစီရင်ခံစာပါ အကြောင်းအရာများသည် သက်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းနှင့် ပြည်ထောင်စု ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက တာဝန်ယူစီမံဆောင်ရွက်ရသည့်ဌာနများမှ အဆင့်မြင့်ဆုံး တာဝန်ရှိသူများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယစာရင်းစစ်ချုပ်နှင့် ဒေသစာရင်းစစ်ရုံးများမှ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်များ ဌာနတစ်ခုချင်းစီတွေ့ဆုံ၍ ပြန်လည်သုံးသပ်ဆွေးနွေးခြင်းပြုလုပ်ပြီး သက်ဆိုင်ရာဌာနများက စစ်ဆေးတွေ့ရှိချက်များအပေါ် သက်ဆိုင်ရာဌာနများက မှန်ကန်ကြောင်းအတည်ပြုခဲ့သော အကြောင်းအရာများသာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ အမှတ်စဉ် (၈/၂၀၁၄) ပါ သုံးသပ်ချက်(၁၅)ချက်၊ သဘောထားမှတ်ချက် (၄) ချက်တို့သည် သက်ဆိုင်ရာဌာနများက သင့်လျော်မှန်ကန်သော လက်တွေ့ကျကျ ဆောလျင်စွာ ပြုပြင်ဆောင်ရွက်ရမည့် အချက်များ၊ အရေးယူဆောင်ရွက်ရမည့် အချက်များဖြစ်သည်ဟု မှတ်ယူကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၊ ဒေသစာရင်းစစ်ရုံးများသည် ဥပဒေနှင့်အညီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယခြောက်လနှင့် နှစ်ချုပ်စာရင်းများနှင့် စပ်လျဉ်း၍လည်း ၂၀၁၄ ခုနှစ် ဧပြီနောက်ဆုံးရက်သတ္တပတ်မှ စတင်ပြီး စာရင်းနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား စစ်ဆေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကော်မတီဝင် ဦးညီညီမြင့်က ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၈/၂၀၁၄)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၈/၂၀၁၄)ကို လွှတ်တော်က သဘောတူကြောင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမခြောက်လ နိုင်ငံတော်အရအသုံးစာရင်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ် ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ပညာရည်ချွန်ဆုပေးအပ်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တရားသူကြီးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားပြီး ဂုဏ်ထူးရကျောင်းသားများအား ဆုတံဆိပ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ပေးပါက နယ်စပ်ဒေသနှင့်တိုင်းရင်းသားပြည်သူများ အကျိုးခံစားခွင့်ရရှိမည်

နေပြည်တော် ဇူလိုင် ၂၃

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၁ ရက် နံနက် ၉နာရီခွဲက အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း က အမှာစကားပြောကြားရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သည် နယ်စပ်ဒေသတွင်နေထိုင်ကြ သည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်နေသော အခြေခံ အဆောက်အအုံများဖြစ်သဖြင့် လုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချိန်အပြီး ဆောင်ရွက်ပေး နိုင်ခြင်းဖြင့် နယ်စပ်ဒေသတိုင်းရင်း သားများ၏ လူမှုဘဝကိုမြှင့်တင်ပေး နိုင်မည်ဖြစ်သကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း များစွာ အထောက်အကူဖြစ်စေမည်ဖြစ်သည့် အတွက် စေတနာထား ဆောင်ရွက် ပေးကြရန်လိုအပ်ပါကြောင်း၊ နယ်စပ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် လုပ်ငန်းများကို ကွင်းဆင်း စစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း များနှင့် ကိုက်ညီမှုရှိ/မရှိ၊ သတ်မှတ် ကာလအတွင်း ပြီးစီးနိုင်မှု ရှိ/မရှိ တို့ကို စိစစ်ကြရန် လိုအပ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဒေသအလိုက် အမှန်တကယ် ဆောင် ရွက်ရန်လိုအပ်သော လုပ်ငန်းစီမံ ချက်များ ကြိုတင်ရေးဆွဲထားရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြား သည်။ (ဓါတ်ပုံ)

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးထွေးလှက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက် ၍ ဒေသအလိုက်ဆောင်ရွက်ပြီးစီးမှု များနှင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများအပေါ် သုံးသပ် တင်ပြပြီး ဒေသကြီးကြပ်ရေးမှူးများ က သက်ဆိုင်ရာဒေသအလိုက် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းတင်ပြကြ သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး က နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်အဟုန်မြှင့်တင် မှု (Third Wave) အဖြစ် ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရန် ရေရှည် အတွက် အခြေခံအုတ်မြစ် ခိုင်မာ အောင်ချမှတ်မည့်အပိုင်းနှင့် ပြည်သူ တို့၏ လူမှုစီးပွားဦးစားပေး လိုအပ် ချက်များကို ချက်ချင်းဆောင်ရွက်ပေး ရမည့် အပိုင်းနှစ်ပိုင်းတို့ကို ဆောင် ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြုပြင် ပြောင်းလဲမှုများအပေါ် မူတည်ပြီး လူမှုစီးပွားဘဝနှင့် ပတ်သက်သည့် လိုအပ်ချက်များအားလုံး ယခုထက် ပိုပြီး ပီပီပြင်ပြင်ဖြင့် အမြန်ဆုံးဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်(၈) ရပ်ကိုလည်း အကောင်အထည်ဖော် ရမည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝ တွင်ပါဝင်သည့် ပညာရေး၊ ကျန်းမာ ရေးစသည့်လုပ်ငန်းများသည် နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်း အားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် ပါဝင်ပါသဖြင့် အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်မီ အမြန်ပြီးစီးအောင် ဆောင်ရွက်ပေး ပါက နယ်စပ်ဒေသနှင့် တိုင်းရင်းသား ပြည်သူများလည်း အကျိုးခံစားခွင့် အမြန်ဆုံးရရှိမည် ဖြစ်ပါကြောင်း၊ ချမှတ်ပေးထားသည့် လုပ်ငန်းများ ကို အောင်မြင်အောင် ဆောင်ရွက် ပေးရေး၊ အထက်က ပေးအပ်သည့် တာဝန်ဝတ္တရားများကိုလည်း ကြိုးစား ဆောင်ရွက်ရေးနှင့် မိမိတို့၏ တည် ဆောက်မှုလုပ်ငန်းများကို မြှင့်တင် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်တင်ရေး စီမံချက် အကောင်အထည်ဖော်ရန် အကူအညီပေးရေးဆိုင်ရာစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံ အစိုးရမှ နည်းပညာတက္ကသိုလ် များ အဆင့်မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ရန်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်၁၀ နာရီတွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း နှင့်ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာ နိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi Higuchi တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းစာချွန်လွှာကို လက်မှတ် ရေးထိုးခြင်းဖြင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ တွင် လူ့စွမ်းအားအရင်းအမြစ် ပိုမို

ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင် ခြင်းနှင့် အဆင့်မြင့်နည်းပညာရပ် များကို လေ့လာအသုံးချခွင့်ရခြင်း၊ နည်းပညာတက္ကသိုလ်များတွင် လိုအပ် သည့် သင်ထောက်ကူပစ္စည်းများ၊ လက်တွေ့ စမ်းသပ်ခန်းသုံးစက် ကိရိယာများ ပိုမိုပြည့်စုံစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ စက်မှုနည်း ပညာဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၌ အဆင့် မြင့်နည်းပညာရပ်များကို အသုံးချ နိုင်မှု၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာ မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက် အကူပြုမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံနှင့်ဂျပန် နိုင်ငံတို့အကြား အကူအညီပေးရေး စာချွန်လွှာ စုစုပေါင်း ၁၂ ခု ချုပ်ဆို နိုင်ခဲ့ပြီး မြန်မာနိုင်ငံအား အကူအညီ ပေးနေသည့် နိုင်ငံခြားတိုင်းပြည်များ အနက် ဂျပန်နိုင်ငံသည် အကူအညီ အများဆုံးပေးနေသော နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယ ဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ ဒေါက်တာ အောင်ကျော်မြတ်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr.Tateshi Higuchi နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယခုမြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံမှ ပေးအပ်မည့် နည်းပညာတက္ကသိုလ် များ အဆင့်မြှင့်တင်ရေးစီမံချက် အတွက် အကူအညီပေးငွေတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၀၆၈ သန်းနှင့်ညီမျှသော ဂျပန်ယန်း ၂ ဒသမ ၅၈၂ ဘီလီယံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ

၂၃-၇-၂၀၁၄

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုး တစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျားမိုးရွာ မည်။

နောက်နှစ်ရက်အတွက်ခန့်မှန်း ချက်မှာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် မိုးဆက်လက် ပိုနေမည်။

မြန်မာ့ပင်လယ်ပြင် အခြေ အနေမှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့်ကမ်းလွန်ပင်လယ် ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်း အသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ် နိုင်သည်။

ကျွန်းသစ်မူရင်းဒေသ ပဲခူးရိုးမထိန်းသိမ်းရေးနှင့် သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၃

ပဲခူးရိုးမဒေသသည် သဘာဝ ကျွန်းတောများ၏ မူရင်းဒေသတစ်ခု ဖြစ်သကဲ့သို့ ကျွန်းကောင်းပေါက် ရောက်ရာ နယ်မြေဒေသတစ်ခု ဖြစ်သည့်အတွက် ပဲခူးရိုးမဒေသ၌ ရတနာတန်းဝင်ကျွန်းပင်များ ရေရှည် ပေါများကြွယ်ဝစွာ တည်တံ့စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန် အရေးကြီးသည်။ ပဲခူးရိုးမဒေသ၌ ကျွန်းသစ်အပါအဝင် သစ်တော သယံဇာတအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးသာမက ဇီဝမျိုးစုံမျိုးကွဲ များရေရှည်တည်တံ့စေရေး၊ ဂေဟ စနစ် တည်ငြိမ်စေရေးနှင့် ပတ်ဝန်းကျင် အခြေအနေကောင်းများဖော်ဆောင် နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနက သစ်တောစိုက်ခင်း တည် ထောင်ခြင်း၊ သဘာဝတောထိန်းသိမ်း ကာကွယ်ခြင်းနှင့် သစ်တောပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင် ရွက်လျက်ရှိသည်။ ထို့အပြင် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနသည် ကျွန်းသစ် ပေါက်ရောက်ရာ မူရင်းဒေသတစ်ခု အဖြစ် ဆက်လက်တည်မြဲ၍ ကျွန်းမျိုး ကောင်းမျိုးသန့်ဧရိယာများ တိုးပွား လာစေရန်၊ တိုးပွားလာသည့် ပြည်သူ လူထု၏သစ်လိုအပ်ချက်ကိုဖြည့်ဆည်း ပေးရန်၊ ရာသီဥတုကောင်းမွန်၍ သဘာဝပတ်ဝန်းကျင်အခြေခံကောင်း ကို ဖန်တီးဖော်ဆောင်နိုင်သည် သာမက ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းပေးအပ် နိုင်ခြင်းဖြင့် လူမှုစီးပွားအဆင့်အတန်း မြင့်မားလာစေရန်ရည်ရွယ်၍ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တော စိုက်ခင်းတည်ထောင်ခြင်း၊ ပုဂ္ဂလိက ကျွန်းနှင့် သစ်မာစိုက်ခင်းတည်ထောင် ခြင်းလုပ်ငန်းများအား ခွင့်ပြုဆောင် ရွက်စေလျက်ရှိကြောင်း သိရ သည်။

၂၀၁၄ ခုနှစ်အထိ ပဲခူးရိုးမ တည်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်အစီအစဉ်ဖြင့် ကျွန်းစိုက် ခင်း ၃၇၀၂၃၆ ဧက၊ ပုဂ္ဂလိကကျွန်းနှင့် သစ်မာမျိုးစုံစိုက်ခင်း ၈၀၉၁၇ ဧက နှင့် ဒေသခံပြည်သူအစုအဖွဲ့ ၁၃ဖွဲ့မှ အဖွဲ့ဝင် ၂၃၀ က အစုအဖွဲ့ပိုင် စိုက်ခင်း ၉၄၂ ဧကကို တည်ထောင် စိုက်ပျိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယ ဝန်ကြီး ဦးအေးမြင့်မောင်သည် ဇူလိုင်

၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်း-ပေါက်ခေါင်းရိုးမ ဖြတ် လမ်းတစ်လျှောက် ကွင်းဆင်းသွား ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း သစ်တောဦးစီး ဌာနက တည်ထောင်ဆောင်ရွက်လျက် ရှိသည့် ဌာနသစ်တောစိုက်ခင်းများ၊ သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်း များ၊ ကျွန်းသစ်စေ့ထုတ်ဧရိယာများ၊ ပျိုးဥယျာဉ်များနှင့် ပုဂ္ဂလိကလုပ်ငန်း ရှင်များ တည်ထောင်စိုက်ပျိုးထား သည့် ကျွန်းစိုက်ခင်းများ အောင်မြင် ရှင်သန်ဖြစ်ထွန်းမှု အခြေအနေအား ကြည့်ရှုစစ်ဆေး၍ ဌာနဝန်ထမ်းများ နှင့်တွေ့ဆုံကာ ကျွန်းသစ်ပေါက် ရောက်ရာ မူရင်းဒေသ ပဲခူးရိုးမ၌ သဘာဝကျွန်းတောများနှင့် ကျွန်း စိုက်ခင်းများ ရှင်သန်အောင်မြင် ဖြစ်ထွန်းစေရေး အထူးအလေးထား ဆောင်ရွက်ကြရန်၊ သစ်တောသယံ ဇာတအရင်းအမြစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ များအား ကာကွယ်ထိန်းသိမ်းရန်၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်း များဆောင်ရွက်ရာ၌ ဒေသခံပြည်သူ များ၏ လက်ခံယုံကြည်ပူးပေါင်း ပါဝင်မှုသည် အရေးကြီးသည့် အလျောက် ပြည်သူ့ဝန်ထမ်းများက တာဝန်သိမှု၊ တာဝန်ယူမှု၊ ပေါင်းစပ် ညှိနှိုင်းမှုကောင်းစွာဖြင့် ပြည်သူတို့၏ အားရယူကာ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိ သည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၀ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇၀။ (က) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ် လည်းကောင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့်အဖြစ် လည်းကောင်း သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)နှင့်အညီ သတ်မှတ်သောအဆင့်အတန်းနှင့် လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။

(ဂ) ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပဏာမ စိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၊ စစ်ဆေးရေးမှူးနှင့် ကော်မရှင်ရုံး၏ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်တွင်းသတင်း

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ ကနဦးအစီရင်ခံစာ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း

ပြည်ထောင်စုလွှတ်တော်
ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး
အကောင်အထည်ဖော်မှုကော်မတီ

ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ၏ ကနဦးအစီရင်ခံစာကို ၂၃-၇-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့တွင် တင်သွင်းခဲ့ပြီး လွှတ်တော်က မှတ်တမ်းတင်ပြီးဖြစ်ပါသဖြင့် ပြည်သူများ သိရှိနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ ကနဦးအစီရင်ခံစာ

ရက်စွဲ၊၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၃-၂-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၀/၂၀၁၄)ဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဖော်ပြလျက် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး ကော်မတီလုပ်ငန်းဆိုင်ရာ အခြေခံမူများကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၈-၂-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၄/ ပထ(ကော်မတီ-၃)/ ၂၀၁၄-၉ ဖြင့် လမ်းညွှန်ပေးခဲ့ပါသည်။

၂။ အဆိုပါအမိန့်၊ ညွှန်ကြားချက်နှင့် အကြံပြုချက်များအပေါ် အခြေခံ၍ ဤကော်မတီသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာပါအကြောင်းအရာ၊ အချက်အလက်များအပေါ် အခြေခံ၍ ပြည်ထောင်စုလွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေကြမ်းတစ်ရပ် တင်ပြနိုင်ရန်အတွက် ကော်မတီ၏ အစည်းအဝေးများကို ၁၁-၂-၂၀၁၄ ရက်နေ့မှ စတင်ခဲ့ပြီး လွှတ်တော်ရပ်နားချိန်များအပါအဝင် အစည်းအဝေး အမှတ်စဉ် (၃၀) အထိ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီအစည်းအဝေး (၃၀)ကြိမ်အတွင်း ကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၅)ခန်း၊ ပုဒ်မပေါင်း(၄၅၇)ခုနှင့် ဇယား(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ရှိသည့်အနက် အခန်း (၁)၊ အခန်း (၂)၊ အခန်း (၃)၊ အခန်း (၄)၊ အခန်း (၅)၊ အခန်း (၆) နှင့် အခန်း (၁၂) တို့တွင်ပါရှိသည့် ပုဒ်မပေါင်း (၃၄၀)ခုနှင့်စပ်လျဉ်း၍ လေ့လာဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ အစည်းအဝေးများတွင် ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ အသေးစိတ်အစီရင်ခံစာပါ ပြည်သူတစ်ဦးချင်းနှင့် အဖွဲ့အစည်းအသီးသီးမှတင်ပြသည့် အကြံပြုချက်များ၊ ပါတီအဖွဲ့အစည်းအသီးသီးနှင့် တပ်မတော်သား အစုအဖွဲ့များထံမှ တင်ပြသည့် အကြံပြုချက်များအပေါ်တွင် အခြေခံ၍ လေ့လာသုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ အကြံပြုချက်များ၌ပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်းပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် ပြင်ဆင်သင့်သည်များ၊ ဖြည့်စွက်သင့်သည်များ၊ ပယ်ဖျက်သင့်သည်များနှင့် အချို့သောအကြံပြုချက်များတွင် စဉ်းစားရန်ဟုပါရှိသော အကြံပြုချက်များအပေါ် ဆွေးနွေးကြပါသည်။

၅။ ဤသို့လေ့လာဆွေးနွေးရာတွင် ပြည်သူများ၏ အကြံပြုချက်များ၊ အဖွဲ့အစည်းအသီးသီးမှ အကြံပြုချက်များ၊ ပါတီအသီးသီးမှ အကြံပြုချက်များ၊ တပ်မတော်သားအစုအဖွဲ့မှတင်ပြသည့် အကြံပြုချက်များတွင်ပါရှိသည့် အဓိပ္ပာယ်ဖော်ပြချက် တူညီသည့်အကြံပြုချက်များကို ပေါင်းစည်း၍ တင်ပြရန်နှင့် အခန်းတစ်ခုချင်း၊ ပုဒ်မတစ်ခုချင်း၊ ပုဒ်မခွဲတစ်ခုချင်းအလိုက် အစဉ်အတိုင်းတင်ပြသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူများ၏ အကြံပြုချက်များ၊ အဖွဲ့အစည်းအသီးသီးမှအကြံပြုချက်များ၊ ပါတီအသီးသီးမှအကြံပြုချက်များ၊ တပ်မတော်သားအစုအဖွဲ့မှ တင်ပြသည့် အကြံပြုချက်များအပေါ် အခြေခံသည့် ကော်မတီ၏ လေ့လာသုံးသပ်ပြီးစီးမှုအခြေအနေကို ပြည်ထောင်စုလွှတ်တော်က ကြိုတင်သိရှိနိုင်ပါရန်နှင့် ကျန်ရှိသည့် အခန်း၊ ပုဒ်မများကိုလည်း အထက်ပါနည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ ကနဦးအစီရင်ခံစာကို တင်သွင်းအပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး
အကောင်အထည်ဖော်မှုကော်မတီ

သတ္တုတွင်းဝန်ကြီးဌာန တတိယအဆင့်အရှိန်မြှင့်တင်မှုအလုပ်ရုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၃

သတ္တုတွင်းဝန်ကြီးဌာန နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ယူရသည့် လုပ်ငန်းကဏ္ဍများအလိုက် အစိုးရ/ပုဂ္ဂလိက ပညာရှင်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သိရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုသည် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ထူထောင်ရေးတွင် အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်ဆောင်ရွက်ရန်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်မှုနှင့်အညီ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရာတွင် ဝန်ထမ်းများ၏ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရေး၊ စွမ်းဆောင်ရည်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အကောင်အထည်ဖော်နိုင်ရေး၊ အကောင်အထည်ဖော်သည့် လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ရေး၊ ပွင့်လင်းမြင်သာမှု၊ အဂတိလိုက်စားမှု မရှိရေးတို့ကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့၏ဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဒေသအဆင့်နှင့် အမျိုးသားအဆင့်ဆွေးနွေးပွဲများကို ကျင်းပခဲ့ပြီး ဆွေးနွေးပွဲရလဒ်များထုတ်နုတ်၍ ဆက်လက်အကောင် အထည်ဖော်ခဲ့ရာ လက်ရှိအချိန်ထိ အကောင်အထည်ဖော်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိမှု၊ နောက်ဆုံးတိုးတက်မှုအခြေအနေတို့ကိုဆွေးနွေးကြရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ပြုပြင်ဆောင်ရွက်သင့်သည်များကို ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ ပြင်ပမှ ဖိတ်ကြားထားသော ဧည့်သည်တော် ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ယနေ့အခမ်းအနားသို့ ဒုတိယဝန်ကြီးဦးသန်းထွန်းအောင်၊ ဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) များဖြစ်ကြသည့် ဦးကိုကိုသန်း၊ ဦးမြင့်သိန်း၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးစိုးမြ၊ ဦးဝင်းတည်၊ ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) ဦးဆန်းထွန်း၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးဇော်ဝင်း၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ရှိတယ်"ဟု LUX ငွေကြေးနှင့်ဘဏ်လုပ်ငန်းစုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတွင်းအသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းသည် တိုင်းပြည်တိုးတက်ခြင်းဖြစ်သည့်အပြင် ပြည်ပမှ အကျိုးတူပူးပေါင်းလိုသည့် လုပ်ငန်းရှင်များအဖို့လည်း အခြေခံအဆောက်အအုံကောင်းများ ရရှိမည်ဖြစ်ခြင်းကြောင့် ငွေကြေးထောက်ပံ့သည့်အစီအစဉ်အားကောင်းလာစေရန် စဉ်းစားထားကြောင်း၊ ဥရောပငွေကြေးဈေးကွက်အတွင်းမှ ပြည်တွင်းတွင် ကိုယ်စားလှယ်ရုံးခန်းဖွင့်ရန် လာရောက်သူ Capital Glory မှ ဆက်ဆံရေးတာဝန်ခံ မစ္စတာ ကောလ်မက်ခ်က ပြောကြားသည်။ နိုင်ငံတကာမှ ဘဏ်များသို့ ပြည်တွင်းလုပ်ငန်းရှင်များမှ ငွေကြေးအကူအညီများ ရယူနိုင်ရန် မျှော်လင့်ထားကြသော်လည်း လက်ရှိတွင် အဆင်မပြေမှုများရှိနေကြောင်း မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးဝင်းအောင်က ထောက်ပြသည်။

အဓိကအကြောင်းမှာ ငွေချေးယူခွင့်ရရှိရန်အတွက် ခိုင်မာသည့်စီးပွားရေးအခြေအနေများနှင့် ထောက်ခံပေးနိုင်သည့် ကြားခံအဖွဲ့အစည်း ခက်ခဲမှုကြောင့် ဖြစ်နိုင်ကြောင်း ပြည်တွင်း စီးပွားရေးပညာရှင်များက ခန့်မှန်းသည်။

လာမည့်လအတွင်း ဥရောပငွေကြေးဈေးကွက်ကုမ္ပဏီများမှ ပြည်တွင်း အက်စ်အမ်အီးများကို ငွေကြေးထောက်ပံ့နိုင်ရန်အတွက် ကိုယ်စားလှယ်ရုံးခွဲများကို ပြည်တွင်း၌ တရားဝင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုအပိုင်းတွင် ကူညီရန် ရည်ရွယ်ထားကြောင်း သိရသည်။ ထိုသို့ ငွေကြေးထောက်ပံ့ရာတွင် လုပ်ငန်းစတင်လုပ်ကိုင်မည့် လုပ်ငန်းရှင်များအား စတင်ကူညီနိုင်ဦးမည်မဟုတ်ဘဲ မူလကတည်းက တည်ရှိပြီးသား လုပ်ငန်းများကိုသာ ပိုမိုအားကောင်းလာစေရန် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး အဓိကအားဖြင့် အခြေခံခိုင်မာသည့် လုပ်ငန်းများကိုသာ ကူညီပေးပြီး သုံးနှစ်မှ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ထားသည့်အခြေအနေများကို စဉ်းစားရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။ ပေးအပ်ထားသည့် အထောက်အပံ့ကို ရယူပြီးပါကလည်း တစ်နှစ်အတွင်း တိုးတက်မှုအခြေအနေကို အကဲဖြတ်ကာ ထပ်မံကူညီရမည့်ပမာဏကို သတ်မှတ်မည်ဖြစ်သည်။

"ဘယ်လိုပဲပြောပြော ကူညီပေးတယ်ဆိုတာကိုက အကောင်းဆုံးဖြစ်လာတာပါ။ ကျွန်တော်တို့ ပြည်တွင်းလုပ်ငန်းရှင်တွေကိုလည်း ဆုပေးဒဏ်ပေးပုံစံပေါ့။ ကျွန်တော်တို့ကို အသိအမှတ်ပြုပြီး ဥရောပလုပ်ငန်းရှင်တွေ စိတ်ဝင်စားတာကို အကောင်းဘက်က ကြည့်ပေးရမှာပေါ့။ ရေရှည်မှာ စိတ်ချရတဲ့ အကျိုးတူပူးပေါင်းလုပ်ဆောင်သူတွေဖြစ်လာဖို့ မျှော်လင့်ပါတယ်"ဟု ဦးဝင်းအောင်က ပြောကြားသည်။ **(မြန်မာ့အလင်း)**

ထိုင်းနိုင်ငံဖိနပ်လုပ်ငန်းကဏ္ဍ မြန်မာနိုင်ငံနှင့်ပူးပေါင်းလုပ်ကိုင်ရန် ပထမဆုံးအကြိမ် လက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၂၃

ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နိုင်ငံခြားကုန်သွယ်မှုဌာန (DFT) သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ဖိနပ်လုပ်ငန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာဖိနပ်လုပ်ငန်းရှင်များနှင့် ထိုင်းဖိနပ်လုပ်ငန်းရှင်များအကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပခဲ့သည်။

ယင်းသို့ လက်မှတ်ရေးထိုးခြင်းကြောင့် ထိုင်းနိုင်ငံ၏ဖိနပ်လုပ်ငန်းကဏ္ဍနှင့်မြန်မာနိုင်ငံ၏ ဖိနပ်လုပ်ငန်းကဏ္ဍတို့အကြား ပူးပေါင်းလုပ်ကိုင်မှု မြှင့်တင်နိုင်မည်ဖြစ်ပြီး ဖိနပ်လုပ်ငန်းဆိုင်ရာ စီးပွားရေးအလားအလာနှင့် သတင်းအချက်အလက်များအား ဖလှယ်နိုင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဌာန (DFT)မှ ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ အထွေထွေအတွင်းရေးမှူး ဦးအောင်မင်းက "မြန်မာနိုင်ငံက ရှူးဖိနပ်ထုတ်လုပ်မှုမှာ လုပ်ငန်းဖွံ့ဖြိုးတွင်ကျယ်မှု မရှိသေးဘူး။ မြန်မာဈေးကွက်မှာ မန္တလေးဖိနပ်၊ ကတ္တီပါဖိနပ်ပဲ အစီးများတော့ ရှူးဖိနပ်ဈေးကွက်က မတွင်ကျယ်ဘူး။ ရှူးဖိနပ်ကို CMP အနေနဲ့ လက်ခစား နိုင်ငံခြားတင်ပို့နေတဲ့ကုမ္ပဏီက မြန်မာနိုင်ငံမှာဆို ခုချိန်ထိ ၁၆ ခုပဲရှိတယ်။ နိုင်ငံခြားက ကုန်ကြမ်းယူတယ်။ ကုန်ချော ရှူးဖိနပ်ချုပ်ပြီးရင် မူလနိုင်ငံကို ပြန်ပို့တယ်။ အခုလို ထိုင်းဘက်က နည်းပညာလည်းပံ့ပိုးမယ်၊ ရင်းနှီးမြှုပ်နှံမှုလည်းလုပ်မယ်လို့ ကမ်းလှမ်းလာတဲ့အတွက် MoU ရေးထိုးဖြစ်တာပါ" ဟု ပြောသည်။

လက်ရှိ မြန်မာနိုင်ငံရှူးဖိနပ်လုပ်ငန်းကဏ္ဍတွင် တရုတ်၊ တရုတ်(တိုင်ပေ)၊ ကိုရီးယား၊ ဂျပန်နိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံကာ လုပ်ကိုင်နေသည်။ ပြည်တွင်း ရှူးဖိနပ်လုပ်ငန်းသည် နည်းပညာဖွံ့ဖြိုးမှုအားနည်းကာ ငွေကြေးရင်းနှီးမြှုပ်နှံနိုင်မှု နည်းပါးခြင်းကြောင့် ရှူးဖိနပ်ကဏ္ဍတွင် ပြင်ပပို့ကုန်အဖြစ် တွင်ကျယ်စွာလုပ်ကိုင်နိုင်ခြင်းမရှိဟု နိုင်ငံခြားသို့ဖိနပ်တင်ပို့သူ ဦးအောင်မင်းက ဆက်လက်ပြောကြားသည်။

ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဌာန (DFT)မှ Mr.Akarapong Dipavajra(**ယာပုံ**)က"ထိုင်းနိုင်ငံအနေနဲ့ ဖိနပ်လုပ်ငန်းကို မြန်မာနိုင်ငံမှာလာရောက်လုပ်ကိုင်ဖို့လက်မှတ်ထိုးတာ ပထမဆုံးခြေလှမ်းဖြစ်မယ်လို့ ကျွန်တော်ထင်တယ်။ မနေ့က ကျွန်တော် ဖိနပ်စက်ရုံတွေ၊ အထည်စက်ရုံတွေဆီ သွားလေ့လာပြီး မန်နေဂျာတွေနဲ့ ကုန်ကျစရိတ်တွေအကြောင်း စကားပြောကြည့်တယ်။ မြန်မာနိုင်ငံမှာက မြေဈေးနှုန်းနဲ့ မြေငှားခတွေက ဈေးကြီးတယ်။ ဒါပေမယ့် အလုပ်သမားစရိတ်ကျတော့ ထိုင်းမှာနဲ့ နှိုင်းယှဉ်ရင် ပိုသက်သာတာ တွေ့ရတယ်။ လုပ်သားအင်အားဟာ မြန်မာနိုင်ငံအတွက်တော့ တော်တော်များတယ်လို့ ပြောနိုင်ပေမယ့် တချို့ကတော့ လုပ်ငန်းကျွမ်းကျင်မှု လိုအပ်နေသေးတယ်" ဟု သုံးသပ်ပြောကြားသည်။

ယနေ့ ထိုင်းနှင့်မြန်မာနိုင်ငံအကြား ရေးထိုးသောနားလည်မှုစာချွန်လွှာတွင် ထိုင်းနိုင်ငံမှနည်းပညာများနှင့် ငွေကြေး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်၍ မြန်မာနိုင်ငံတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မည်ဆိုသည့်အချက်များ အဓိကပါရှိသည်။

ထိုင်းနိုင်ငံသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၄၈၉ မီလီယံကျော်ကို တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့ပြီး ဖိနပ်လုပ်ငန်းကဏ္ဍတွင်မူ ယခုနားလည်မှုစာချွန်လွှာရေးထိုးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများတွင် စင်ကာပူနှင့်တောင်ကိုရီးယားနိုင်ငံများ၏နောက် တတိယမြောက်အများဆုံး ရင်းနှီးမြှုပ်နှံသော နိုင်ငံဖြစ်ကြောင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

သတင်း-ရဲခေါင်ညွှန့်၊
မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရှမ်းပြည်နယ်၌ မီနီမာရသွန်သရုပ်ပြပြိုင်

နေပြည်တော် ဇူလိုင် ၂၃

မီနီမာရသွန်ပြိုင်ပွဲနှင့် စက်ဘီးစီးသရုပ်ပြပြိုင်ပွဲများကို ဇူလိုင် ၂၀ ရက် နံနက် ၆ နာရီက ရှမ်းပြည်နယ် လားရှိုးမြို့ မြို့တော်ခန်းမရှေ့၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပြည်နယ်ဝန်ကြီးများနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စက်ဘီးစီးသရုပ်ပြပြိုင်ပွဲကို သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မီနီမာရသွန်ပြိုင်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးပြီး ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ဒုတိယတိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား တွေ့ဆုံ၍ သီပေါမြို့နယ် အားကစားကွင်း၊ ကျောက်မဲမြို့နယ်ရှိ အားကစားကွင်းနှင့် ဘတ်စကက်ဘောအားကစားရုံ၊ နောင်ချိုမြို့နယ် အားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုင်ရှင်မဲ့ဓာတ်ရောင်ခြည်ပင်ရင်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၃

အမေရိကန်ပြည်ထောင်စု စွမ်းအင်ဌာန U.S. Department of Energy (DOE)၊ Global Threat Reduction Initiative (GTRI) နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင် ဦးစီးဌာနတို့ ပူးပေါင်း၍ ပိုင်ရှင်မဲ့ဓာတ်ရောင်ခြည်ပင်ရင်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်က ကမ္ဘာ့နိုင်ငံအသီးသီး၌ ဓာတ်ရောင်ခြည်ပင်ရင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်း၊ ဆေးပညာ၊ သုတေသနနှင့် သင်ကြားရေး စသည့် နယ်ပယ်များတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိပါကြောင်း၊ အဆိုပါ ဓာတ်ရောင်ခြည်ပင်ရင်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုမည်ဆိုပါက အလွန်တရာ အကျိုးများသော်လည်း ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံများ အားနည်းမည်ဆိုပါက အများပြည်သူအား ဓာတ်ရောင်ခြည်အန္တရာယ်သင့်ရောက်စေပြီး အသက်ပါဆုံးရှုံးနိုင်သည်အထိ အကျိုးဆက်များဖြစ်ပေါ်နိုင်ပါကြောင်း၊ ဓာတ်ရောင်ခြည် ပင်ရင်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုရန်အရေးကြီးသကဲ့သို့ ၎င်းတို့ကို လုံခြုံစွာထိန်းသိမ်းရန်လည်း အရေးကြီးပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှ ဓာတ်ရောင်ခြည် ပင်ရင်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုနိုင်ရေး နည်းလမ်းများနှင့် ၎င်းတို့ကို လုံခြုံစွာထိန်းသိမ်းထားရှိရန်နည်းလမ်းများ၊ တရားမဝင်ကူးသန်းရောင်းဝယ်မှုများ အသုံးပြုမှုများကို ရှာဖွေဖော်ထုတ်သွားနိုင်မည့် အတွေ့အကြုံကောင်းများ ရမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမေရိကန်ပြည်ထောင်စု စွမ်းအင်ဌာန Global Threat Reduction Initiative (GTRI) မှ Foreign Affairs Specialist, Mr. Bryan Robert Reed က ပိုင်ရှင်မဲ့ဓာတ်ရောင်ခြည်ပင်ရင်းများ ရှာဖွေခြင်းနှင့် ထိန်းချုပ်ရန်အတွက် ဓာတ်ရောင်ခြည်ဆိုင်ရာ အသိပညာများကို ပြောကြားသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဇူလိုင် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွမ်းလုံ၌ မိုးသည်းထန်မှုကြောင့် လမ်းတံတားပျက်စီး

ကွမ်းလုံ ဇူလိုင် ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ဇူလိုင် ၂၂ ရက်က ဟိုလီကျေးရွာနှင့် ရှင်လုံကျိုင်းကျေးရွာသို့ ဆက်သွယ်ထားသည့် နမ့်လင်းချောင်းကူး တံတားသည် ရေကြီးတိုက်စားမှုကြောင့် ပျက်စီးခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ ကွမ်းလုံ-သိန်းနီ ပြည်ထောင်စုလမ်းမမိုင်တိုင်အမှတ်(၃၅/၄.၅)တွင် မြေပြိုမှုကြောင့် ပျက်စီးသွားသောလမ်းကို မြေထိုးစက်ဖြင့် ရှင်းလင်းနေသည့် (Asia World) စက်မောင်းသမားနှစ်ဦးသည် လမ်းအပေါ်ဘက်ခြမ်း တောင်ပေါ်မှ ပြိုကျလာသောကျောက်တုံးများကြောင့် ထိခိုက်မိပြီး နမ့်လင်းချောင်းအတွင်းသို့ စက်နှင့်လူပါ ပြုတ်ကျသွားခဲ့သည်။ စက်မောင်းသမားတစ်ဦးမှာ ဒဏ်ရာများဖြင့် ပြန်လည်တွေ့ရှိပြီး ကျန်တစ်ဦးမှာစက်နှင့်အတူ ချောင်းအတွင်း ပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကွန်တိန်နာယာဉ်နှစ်စီး အရှိန်ပြင်းစွာတိုက်

ရန်ကုန် ဇူလိုင် ၂၃

ဇူလိုင် ၂၂ ရက် နံနက် ၃ နာရီခွဲခန့်က အလုံမြို့နယ် ဧရာဝတီရပ်ကွက် ကမ်းနားလမ်း သခင်မြပန်းခြံရှေ့တွင် မြောက်မှတောင်နှင့် တောင်မှမြောက်သို့ ပေ ၄၀ ကွန်တိန်နာနှစ်စီး (ကုန်မပါ)တို့ အရှိန်ပြင်းစွာ တိုက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်မောင်း ကိုဖြိုး မောင်းနှင်လာသည့် 1A/---- ကုန်တင်ယာဉ်မှာ ရှေ့ခေါင်းပိုင်းတစ်ခုလုံး ကားလမ်းပေါ်သို့ပြုတ်ကျပျက်စီးပြီး ယာဉ်မောင်း နေလင်းသွင်မောင်းနှင်လာသည့် ၃ခ/--- ကွန်တိန်နာယာဉ်မှာ ဘယ်ဘက်ဘီးများ ပျက်စီးသွားခဲ့သည်။ ယာဉ်နှစ်စီးတိုက်မှုကြောင့် 1A/---ယာဉ်မောင်း ကိုဖြိုးနှင့် ယာဉ်နောက်လိုက် ဟိန်းလင်းထက်တို့ ဒဏ်ရာများ ရရှိခဲ့ကြသည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ကိုကြီးတင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ)

ဆောက်လုပ်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ပခုက္ကူ)တွင် အုတ်ခုံ(၁)ပေအမြင့်၊ ကွန်ကရစ်တိုင်၊ သံဇကာ(၄၈၇၈ ပေ)ခြံစည်းရိုး ဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများသည် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း (ပခုက္ကူ)၊ ပခုက္ကူမြို့တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ရက် ညနေ ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဥက္ကဋ္ဌ၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ)၊ ပခုက္ကူမြို့ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ) ဖုန်း-၀၆၂-၂၂၀၆၆၊ ၀၉-၄၀၁၅၀၃၃၀၄ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ)

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊မြတ်လေးနွယ်(၂)လမ်း၊ အမှတ် ၂၀၄ ၏မြေညီထပ် (ခြေရင်းခန်း)ကို ဦးနေမျိုးမောင်မောင် ၁၂/မဂတ(နိုင်)၀၈၃၉၀၇ ထံမှ မြေရှင် ဦးအုန်းကြိုင် အသိအမှတ်ပြုလက်မှတ်ရေးထိုး၍ ၂၃-၇-၂၀၁၄ ရက်တွင် ကာလပေါက်ဈေးဖြင့် စရန်ငွေ ပေးချေဝယ်ယူထားပါသည်။ ဖော်ပြပါတိုခန်းနှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူမှန်သမျှ ကျွန်ုပ်ထံ စာရွက်စာတမ်း(မူရင်း)များတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၎င်းသတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်အေး (အထက်တန်းရှေ့နေ၊ စဉ်-၃၂၂၆၁)
B.A,RL,DBL,DML,DIE,DLP (WIPO-Switzerland)
ဖုန်း-၀၉-၂၅၀၁၄၄၁၀၈၊ ၀၉-၇၃၀၃၈၃၉၁
New Sky အိမ်ခြံမြေအကျိုးဆောင်ရှေ့နေ
ရုံးအမှတ် ၁၀၄/၁၁၂၊ ပထမထပ်၊ အနော်ရထာလမ်း၊ ၃၉ လမ်းထောင့်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၈၇၄၁၊ ၀၉-၄၂၁၁၂၄၁၁၀၊ ၀၉-၄၂၁၁၂၄၁၁၂

ပျောက်ဆုံးကြောင်း

ကျွန်မ မိုးစန္ဒာ ၁၂/အစန(နိုင်)၁၃၈၈၄၀ ၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၂၂၀၅၈

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမင်းခိုင်၏ ယာဉ်မောင်းလိုင်စင်၊ မှတ်ပုံတင်၊ ကားသော့တစ်ချောင်း 3G/7584 ယာဉ်မှတ်ပုံတင်စာအုပ် အမည်ပေါက်၊ ကားစာချုပ်နှင့် ကားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ၁၇-၇-၂၀၁၄ရက် ည ၈ နာရီ ဝန်းကျင်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၂၈၈၇၆

CLAIMS DAY NOTICE
M.V DEL SOL VOY:NO(EAL6)

Consignees of cargo carried by M.V DEL SOL VOY:NO.(EAL 6) are here by notified that the vessel will arrive on about 26-7-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၁)၊ မြေကွက်အမှတ် (၁၂၇)၊ (ပေ၄၀×ပေ၆၀)ဧရိယာပမာဏရှိ မြေချပါမစ် အမည်ပေါက်သူ ဒေါ်မြမြကြည် (ဘ)ဦးကျော်ငွေ ၁၂/သဃက(နိုင်)၀၈၅၆၂၃ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်သော ဦးအေးမောင် ၁၂/ဒပန(နိုင်)၀၃၅၀၃၅ မှ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကို ဦးအေးမောင်ထံ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါကခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးသိန်းဝင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၇၂)
အမှတ်-၂၇၊ ပဲခူးလမ်း၊ ပဲခူးလမ်းရပ်ကွက်၊
ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၃၆၂၃၉

ဝင်ငွေနည်းသူများအတွက် ရွှေလင်ပန်းအိမ်ရာ တိုက်ခန်းများစတင်ရောင်းပြီ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်း တန်ဖိုးနည်း အိမ်ရာစီမံကိန်းရှိ တိုက်ခန်းများ ဆောက်လုပ်ပြီးသွားပြီဖြစ်၍ ပြည်သူများ ဝယ်ယူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး စာတိုက်မှတစ်ဆင့် လျှောက်ထားရန် သက်ဆိုင်ရာက နှိုးဆော်ချက်ထုတ်ပြန်ထားသည်။

အဆိုပါ စီမံကိန်းတွင် တစ်ခန်းလျှင် ၄၆၈ စတုရန်းပေစီရှိသော ခြောက်ခန်းတွဲ လေးထပ်တိုက် (Steel Structure) Hall Type ၁၈ လုံး၊ ခြောက်ခန်းတွဲ လေးထပ် (RCC Structure) Hall Type ခြောက်လုံး၊ စုစုပေါင်း ၂၄ လုံး၊ အခန်းပေါင်း ၅၇၆ ခန်းကို တည်ဆောက်ပြီးစီးသွား ပြီဖြစ်သည်။ ယင်းတိုက်ခန်းများကို အရစ်ကျငွေချေစနစ်ဖြင့်လည်းကောင်း၊ ဘဏ်ချေးငွေစနစ်ဖြင့်လည်းကောင်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုက်ခန်းတန်ဖိုးမှာ ခြောက်ခန်းတွဲ လေးထပ် (Steel Stracture) တွင် မြေညီထပ် ငွေကျပ် သိန်း ၁၂၀၊ ပထမထပ် ၁၁၅ သိန်း၊ ဒုတိယထပ် ၁၁၃ သိန်းနှင့် တတိယထပ် သိန်း ၁၁၀ သတ်မှတ်ထားသည်။

ခြောက်ခန်းတွဲ လေးထပ် (RCC Structure) တွင် မြေညီထပ် ငွေကျပ် ၁၂၅ သိန်း၊ ပထမထပ် ၁၂၂ သိန်း၊ ဒုတိယထပ် ၁၁၉ သိန်း နှင့် တတိယထပ် ၁၁၆ သိန်း သတ်မှတ်ထားသည်။ တိုက်ခန်း ဝယ်ယူရန် လျှောက်ထားသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်ဖြစ်ပြီး အသက် ၂၅ နှစ်ထက် မငယ်သူဖြစ်ရမည် ဖြစ်ကြောင်း၊ လစဉ် မိသားစုဝင်ငွေ စုစုပေါင်း ငွေကျပ်သုံးသိန်းရှိရမည် ဖြစ်ကြောင်း၊ ဝင်ငွေမှာလည်း ကျပ်ခုနစ်သိန်းထက် မကျော်လွန်ရကြောင်း ဖော်ပြထားသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာများကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အဆိုပါ တိုက်ခန်းများကို နိုင်ငံ့ဝန်ထမ်းများ၊ ဝင်ငွေနည်း မိသားစုများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများကို ဦးစားပေး ရောင်းချသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကြေညာချက်တွင် ဖော်ပြထားချက်အရ သိရသည်။

မြင့်မောင်စိုး

ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲ မြဝတီမြို့၌ ကျင်းပ

မြဝတီ ဇူလိုင် ၂၃

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၁)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ ပညာရေးကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ယခုလုပ်ငန်းသည် မူလတန်းပညာရေးကို အကြောင်းအမျိုးမျိုးကြောင့် မသင်ရသည့်ကလေးများကို ဒုတိယအခွင့်အလမ်းအဖြစ် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကျောင်းပြင်ပပညာရေးလုပ်ငန်းသည် အမှိုက်ကရွှေဖြစ်အောင်လုပ်သည့် လုပ်ငန်းဖြစ်ကြောင်း၊ ဤလုပ်ငန်းကို ကူညီပေးခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးကို ကူညီရာရောက်ကြောင်း၊ ကလေးများ၏ အနာဂတ်မမှဲ့အောင်ဆောင်ရွက်ပေးနေသည့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းကို အားလုံးကဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားပြီး ကရင်ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးက ကျောင်းပြင်ပပညာရေး လုပ်ငန်းအကြောင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူးဦးစောမင်းခင်က သင်တန်းကိစ္စဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင်များက လှူဒါန်းသည့် လှူဒါန်းငွေနှင့်ကျောင်းသုံးပစ္စည်းများကို လက်ခံရယူပြီး ခရိုင်အခြေစိုက်စခန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများကို တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။

မြဝတီခရိုင်အနေဖြင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းတွင် အခြေစိုက်စခန်းရှစ်ခုကို ဖွင့်လှစ်ထားရှိပြီး ယခု ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၀၆ ဦး တက်ရောက်သင်ကြားမည် ဖြစ်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းများမှ စီစဉ်ကျင်းပသော
ICT Products, Solutions & Edu Fair 2014
၂၀၁၄ – ခုနှစ်၊ ဇူလိုင် (၂၅)ရက် နေ့မှ (၂၇)ရက်နေ့ထိ တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
Solutions
Education
Products
3 Zones
MCPA Yangon
MCIA Yangon
Products Zone တွင် Computer နှင့် Mobile ဆက်စပ်ပစ္စည်းများ
Solutions Zone တွင် Online Banking အပါအဝင် ICT Solutions များ
Education Zone တွင် နိုင်ငံတကာအဆင့်မီ ကွန်ပျူတာသင်တန်းကျောင်းများ
နည်းပညာပြကွက်များ ခင်းကျင်းပြသထားမည့် Technology Corner
ပြပွဲရက်အတွင်းပေးမည့် Discount အစီအစဉ်များ
အဖျော်ယမကာ အခမဲ့ သောက်သုံးနိုင်မည့် Coffee Counter
အခမဲ့ စီးနင်းနိုင်သော Shuttle Bus
အခမဲ့ အလုပ်လျှောက်နိုင်သော Job Opportunities
နံနက်၉း၀၀နာရီ မှ ညနေ၅း၀၀နာရီအထိ အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။
Technology Partner by
Assembler automation
Media Partner by
INTERNET NetGuide techspace itizen

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အထူးအစီရင်ခံစာတင်သွင်းသူ ကချင်ပြည်နယ်အတွင်း လူ့အခွင့်အရေးဆိုင်ရာကိစ္စများ ဆွေးနွေး

မြစ်ကြီးနား ဇူလိုင် ၂၃

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ဦးဆောင်သောအဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဇူလိုင် ၂၁ ရက် နံနက် ၁၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ပြည်နယ် အတွင်းရှိ IDP Camp စခန်းများတွင် လုံခြုံရေးအရတိမ်းရှောင်လာသော မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်နှင့် လူမှုရေးအခြေအနေ စောင့်ရှောက်ထားရှိမှုများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိစ္စရပ်များ၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ အခြေအနေများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ မစ္စရန်ဟီလီနှင့်အဖွဲ့သည် IDP Camp စခန်းများသို့သွားရောက်လေ့လာကြမည်ဖြစ်ကာ ဗန်းမော်မြို့သို့ ဇူလိုင် ၂၁ ရက်တွင် သွားရောက်ခဲ့ပြီး ဇူလိုင်၂၂ ရက်တွင် မြစ်ကြီးနားသို့ ပြန်လည် ရောက်ရှိကာ မြို့ပေါ်ရှိ Camp များနှင့် အကျဉ်းထောင်များသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၃

နေပြည်တော် ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံ ဦးမြင့်ဆွေသည် ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးလှရှောင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ဗောဓိကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး (အမက) ဆောက်လုပ်နေမှု၊ ဟေမာန်ရွာတွင် ၂၀၁၃-၂၀၁၄ ပညာရေး ရန်ပုံငွေဖြင့် မူလတန်းလွန်ကျောင်းဆောက်လုပ်နေမှု၊ ရေနီလေး-ဘို့ကိုးလုံးလမ်းပေါ်ရှိ ချောင်းကူးတံတားဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုခဲ့ပြီး ဘို့ကိုးလုံးရွာ မူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ နိုင်ငံတော်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု ပညာရေးမြှင့်တင်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့အတူ နေပြည်တော် ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးမြင့်ဆွေသည် ဇူလိုင် ၁၇ ရက်ကလည်း ဓားမကျ-စမ်းကလေးလမ်းကို ရိစာခင်းကျင်းမှု၊ အမှတ်(၆) ရပ်ကွက် မြို့သစ်(၈)လမ်း ကတ္တရာခင်းကျင်းနေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုကို(ပျဉ်းမနား)

လင့်စင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ပညာဒါန ငွေ၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများလှူဒါန်း

တပ်ကုန်း ဇူလိုင် ၂၃

နေပြည်တော် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ စာသင်တိုက် တိုက်အုပ်စာချကထိက နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိနှင့် အလှူရှင် ကိုဖိုးသား-မဘိုမ (တော်ဝင်ကွမ်းယာ) မိသားစုတို့က ပညာပါရမီ ကုသိုလ်အဖြစ် ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်အုပ်စု လင့်စင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၇၂ ဦး၊ ဆရာ ဆရာမ ငါးဦးတို့အတွက် ကျောင်းဝတ်စုံ အဖြူ အစိမ်းနှင့် လိုအပ်သော စာအုပ်စာတမ်းများ၊ စာရေးကိရိယာများကို လည်းကောင်း၊ ကျောင်းဆောင်သစ်အတွက် ပထမအကြိမ် အလှူငွေကျပ် ၁၀ သိန်းကို လည်းကောင်း ဇူလိုင်လ တတိယပတ်တွင် လင့်စင်ကုန်းရွာအုပ်ချုပ်ရေးမှူးထံ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း — ၂၃-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၇၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၈၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၆၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၉၀၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၁၅၀၀-၂၈၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၃၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၈၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၅၀၀-၈၅၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂-၉၇၆
ဥရောပ	တစ်ယူရို	၁၃၂၉-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၂-၃၀.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၄-၁၅.၉၅
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၆

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ဆန်အသစ်)	တစ်အိတ်	၁၈၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၄၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၀၅
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၆၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၄၀-၂၂၅၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၅၀-၇၄၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀-၂၄၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၂၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

မျက်စိဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသမှုခံယူနိုင်ရန် ကုသိုလ်ပြုပို့ဆောင်မည်

ရမည်းသင်း ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ဆရာမ ဒေါက်တာဒေါ်ခင်ယုဝေ စီစဉ်မှုဖြင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိခွဲစိတ်ကုသရန် ငွေကြေးအခက်အခဲ ဖြစ်နေသူများကို ခွဲစိတ်မှုခံယူရန် တတိယအကြိမ်ဝေဒနာရှင် ၁၆ ဦးကို ဩဂုတ် ၃ ရက်တွင် မန္တလေးမြို့ဖြူမ္မစိုရ်အထူးကုဆေးခန်းသို့ သီလဝလူမှုကူညီရေးကားဖြင့် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်သည်။ ဖြူမ္မစိုရ်မျက်စိ အထူးကုဆေးခန်းသည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ လူငယ်များ စာရိတ္တနှင့် စိတ်ဓာတ်မြင့်မားရေး အထောက်အကူပြုအဖွဲ့မှ လှူဒါန်းထားသော ဆေးခန်းဖြစ်ကာ ခေတ်မီ စက်ကိရိယာဖြင့် မျက်စိဝေဒနာရှင် ၁၆ ဦးကို အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။ ပထမအကြိမ်မေ ၇ ရက်က မျက်စိဝေဒနာရှင် ၁၂ ဦးကိုလည်းကောင်း၊ ဒုတိယအကြိမ် ဇွန် ၁၅ ရက်က မျက်စိဝေဒနာရှင် ၁၂ ဦးကို ခွဲစိတ်ကုသမှုပေးခဲ့ပြီး ဖြစ်သည်။ ပထမအကြိမ် မျက်စိဝေဒနာရှင် ၁၂ ဦးနှင့် စောင့်ကြပ်လိုက်ပါသူများအား မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်-ဒေါ်စိန်စိန်ရီမိသားစု မန္တလေးမြို့က ထမင်းဟင်းများဖြင့် လည်းကောင်း၊ ဒုတိယအကြိမ် မျက်စိဝေဒနာရှင်များနှင့် စောင့်ကြပ်လိုက်ပါသူများအား ဒေါ်ကြည်သန်း(သမီး)မစံပယ်၊ မဆွေ မိသားစု ရမည်းသင်းမြို့တို့ကလည်းကောင်း ကုသိုလ်ပြုကျွေးမွေးခဲ့သည်။

ထို့ပြင် ပထမအကြိမ် မန္တလေးမြို့သို့ ခွဲစိတ်ကုသသူများနှင့် စောင့်ကြပ်လိုက်ပါသူများအား ဦးမောင်မောင်သိန်းနှင့်ဇနီး ဆီဇာ(ခရီးသည်ပို့ဆောင်ရေး)ယာဉ်ပိုင်ရှင် တပ်ကုန်းမြို့နေသူတို့က မန္တလေးအသွားအပြန် အခမဲ့ပို့ဆောင်ပေးခြင်း၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် မျက်စိဝေဒနာရှင်နှင့် စောင့်ကြပ်လိုက်ပါသူများအား သီလဝလူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်များဖြင့် မန္တလေးသို့ အသွားအပြန်ပို့ဆောင်ပေးခဲ့ပြီး မျက်စိဝေဒနာရှင်များအား ဒေါက်တာခင်ချောစုယဉ်နှင့် သီလဝလူမှုကူညီရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ လိုက်ပါစောင့်ကြပ်ပေးခဲ့ကြောင်း သိရသည်။

(ဝ၁၁)

ပျောက်ဆုံး

Daw Wai Wai Myint (4H-1942), Suzuki Carry (2004) နှင့် U Hla Win (1H-7969), Honda Partner(2009) ကညန အမှုတွဲမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၂၀၅၆၀၀၊ ၀၉-၄၅၀၀၂၅၀၉၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက် တန်ဖိုးနည်းအိမ်ရာ လေးခန်းတွဲ လေးထပ်ခြောက်လုံးတည်ဆောက်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)မှ တာဝန်ယူကြီးကြပ်လျက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းတည်ဆောက်ရေးလုပ်ငန်းတွင် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

၁။ ဘိလပ်မြေ
၂။ မြစ်သဲ
၃။ ကျောက်ကြီး
၄။ CHIPPING
၅။ အုတ်
၆။ သံချောင်းလုံး ၁၂ မမနှင့်အောက်
၇။ သံချောင်းလုံး ၁၂ မမ အထက်
၈။ တောသစ်
၉။ ငါးထပ်သား

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၈-၂၀၁၄ ရက်၊ မွန်းလွဲ ၁၂:၀၀နာရီ
၃။ **တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန်** - ၆-၈-၂၀၁၄ ရက်၊ မွန်းလွဲ ၂:၀၀နာရီ
၄။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အဆောက်အအုံအထူးအဖွဲ့(၆)၊ မန္တလေးမြို့
၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ မန္တလေးမြို့တွင် ၂၃-၇-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကချင်ပြည်နယ်အစိုးရအဖွဲ့
ကချင်ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါအသစ်တည်ဆောက်ရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။
(က) လဘန်(မဒိန်)၊ ခါးရှို၊ အင်းလေး၊ အောင်မြေ (၁)၊ အောင်မြေ (၂)နှင့် ရွှေညောင်ပင်ကျေးရွာများလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁/၀ဒသမ၄ကေဗွီ၊ ထရန်စဖော်မာ(၁၁)လုံး တိုးချဲ့တည်ဆောက်ခြင်း။
(ခ) ရွှေအိုက်၊ ရွှေပြည်သာနှင့် ငေါ့ချန်းကျေးရွာများ၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ကေဗွီလိုင်း၊ ထရန်စဖော်မာနှင့် ၄၀၀ ဗို့လိုင်းတိုးချဲ့တည်ဆောက်ခြင်း။
၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၇-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး(ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး)၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၂၃၅၄၊ ၀၉- ၆၄၀၀၉၈၀ တွင် စုံစမ်းဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန်** - ၂၆-၈-၂၀၁၄ရက် (အင်္ဂါနေ့) (၂:၀၀)နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၇-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အတွင်းရေးမှူး(တင်ဒါစိစစ်ရေးကော်မတီရုံး) ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

စဉ်	လုပ်ငန်းဆောင်ရွက်မည့်မြို့အမည်	လုပ်ငန်းအမျိုးအစား
၁။	ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်	- သဃ်န်းကျွန်းအိတ်ချိန်းဝင်းအတွင်း ဂိုဒေါင် Open Shed ပေ(၅၀×၃၀) နှစ်လုံးဆောက်လုပ်ခြင်း။
၂။	ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်	- စာသင်ဆောင်အသစ်ပေ(၁၄၀×၆၀) တစ်ထပ်၊ အာရ်စီဆောက်လုပ်ခြင်း။
၃။	ရန်ကုန်တိုင်းဒေသကြီး၊ (ဒဂုံတောင်) တိုးကြောင်ကလေး	- ဝန်ထမ်းအိမ်ရာပေ(၆၀×၅၀)၊ လေးခန်းတွဲ သုံးထပ်၊ (အာရ်စီ) တစ်လုံးဆောက်လုပ်ခြင်း လုပ်ငန်း။
၄။	နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာပင်လမ်းနှင့်မြို့ပတ်လမ်းထောင့်	- မြေ ၁၀ ဧကတွင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း
၅။	နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာပင်လမ်းနှင့် မြို့ပတ်လမ်းထောင့်	- မြေ(၁၀)ဧကတွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ (၄" Ø အဝီစိတွင်းတူးဖော်ခြင်း၊ သံရေစင်နှင့် အုတ်ရေကန်တည်ဆောက်ခြင်း)

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တစ်စောင်လျှင် ၂၀၀၀ိ/-နှုန်းဖြင့် အောက်ဖော်ပြပါလိပ်စာတွင် ၂၄-၇-၂၀၁၄ ရက်မှ ၆-၈-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်း၊ စိစစ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၅၀၁၁၀၊ ၀၁-၃၉၈၄၂၄၊ ၀၁-၂၅၆၇၆၁

ကျောင်းသားများအား နိုင်ငံသားစိစစ်ရေး ကတ်များ ပြုလုပ်ပေး

မုံရွာ ဇူလိုင် ၂၃

မုံရွာမြို့တွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားမရှိသေးသော အသက်ပြည့်ပြီးသူ နိုင်ငံသားများအား မိုးပွင့်အဆင့် (၆)စီမံချက်ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ မုံရွာမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း သလ္လာရပ်ကွက်၌ ဇူလိုင် ၁၉ ရက်က ကျောင်းသား ကျောင်းသူ ၃၆၂ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က လိုက်လံကြည့်ရှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ဖိုးချမ်း(မုံရွာ)

မလေးရှားနိုင်ငံ လေထုအခြေအနေ ဆိုးရွားနေသဖြင့် မြန်မာအလုပ်သမားများ သတိထားနေရ

မီးခိုးပြာများ အုံ့မှိုင်းနေသော အီပိုမြို့တွင်းရပ်ကွက်တစ်ခု

အီပို ဇူလိုင် ၂၃

မလေးရှားနိုင်ငံ အီပိုမြို့ ဆရီမန်ဂျုန်းဒေသတွင် မီးခိုးပြာဖုံးမှုကြောင့် လေထုအခြေအနေသည် ကျန်းမာရေးအတွက် အလွန်ဆိုးရွားသော အခြေအနေသို့ ရောက်ရှိနေသဖြင့် သတိထား၍ နေထိုင်ကြရန် မလေးရှားရောက် မြန်မာလုပ်သားများ အချင်းချင်း တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်နေကြကြောင်း သိရသည်။

ဆရီမန်ဂျုန်းဒေသ လေထုအခြေအနေသည် ကျန်းမာရေးအတွက် ဆိုးရွားသောအဆင့် ရောက်ရှိနေပြီဖြစ်ကြောင်း မလေးရှားနိုင်ငံအစိုးရ၏ ဇူလိုင် ၂၂ ရက်က အသိပေးကြေညာချက်ကို မလေးရှားနိုင်ငံ နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြသွားခဲ့ကြောင်း မလေးရှားရောက် မြန်မာများက ဆက်သွယ်ပြောခဲ့သည်။

မလေးရှားနိုင်ငံတွင် နှစ်စဉ်ခံစားနေရသော မီးခိုးပြာဖုံးမှုအခြေအနေအရ ပြီးခဲ့သောနှစ်က မလက္ကာဒေသအတွင်း အဆိုးရွားဆုံးကြုံတွေ့ခဲ့ရပြီး ယခု နှစ်တွင် အီပိုမြို့၌ ထပ်မံကြုံတွေ့ရခြင်းဖြစ်သည်။ ဇူလိုင် ၂၂ ရက် မွန်းတည့်ချိန်က(API -AIR POLLUTION INDEX) အဆင့် ၂၂၉ အထိ ရောက်ရှိခဲ့ပြီး ထိုအဆင့်သည် ကျန်းမာရေးအတွက် ဆိုးရွားစေနိုင်သောအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ညနေပိုင်းတွင်မူ အီပိုမြို့ ဆရီမန်ဂျုန်းဒေသရှိ စာသင်ကျောင်းအားလုံး ယာယီပိတ်ရန် မလေးရှားအစိုးရက ကြေညာအသိပေးလိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

API သတ်မှတ်ချက်များအရ API ၁၀၁-၂၀၀ အား မကျန်းမာသော လေထုအဆင့်နှင့် API ၂၀၁ မှ ၃၀၀ ကြားအဆင့်မှာ အန္တရာယ်များသော အဆင့်ဖြစ်ကြောင်းဖြင့် သတ်မှတ်ထားကြောင်း သိရသည်။ မလေးရှားနိုင်ငံသည် ၁၇ နှစ်အတွင်း ဆိုးရွားသော လေထုအခြေအနေများနှင့် ရင်ဆိုင်ခဲ့ရပြီး ၁၉၉၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အဆိုးရွားဆုံးလေထုမှတ်တမ်းများစာရင်းအရ ဆာရာဝက်မြို့တွင် အန္တရာယ်များသော အဆင့် ၈၀၆ API၊ မွာဂျိုဟိုးမြို့တွင် အန္တရာယ်များသောအဆင့် ၇၄၆ API၊ မလက္ကာမြို့တွင် ၄၀၀ API နှင့် ပို့ကလန်ဆိပ်ကမ်းတွင် မကျန်းမာသောအဆင့် ၂၁၄ API တို့ ကြုံတွေ့ခဲ့ရပြီး ဇူလိုင် ၂၂ ရက် ညနေပိုင်းတွင်မူ ဆရီမန်ဂျုန်းဒေသ လေထုအခြေအနေမှာ မကျန်းမာသော အဆင့် ၂၂၉ API ဖြစ်ကြောင်း သတင်းများ၏ ဖော်ပြထားချက်အရ သိရသည်။

ထို့ကြောင့် မလေးရှားနိုင်ငံ အီပိုမြို့ ဆရီမန်ဂျုန်းဒေသတွင် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ အနေဖြင့် မလေးရှားနိုင်ငံအစိုးရ၏ ဇူလိုင် ၂၂ ရက်က နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြချက်အရ အသိပေးကြေညာချက်ကို သတိရှိစွာ စောင့်ကြည့်နေထိုင်ကြရန်၊ မီးခိုးဒဏ်ကာကွယ်ရန်အတွက် မျက်နှာဖုံးများ တပ်ဆင်ထားကြရန်နှင့် အလုပ်ခွင်များတွင် သတိပြုနေထိုင်ရန် မလေးရှားရောက် မြန်မာများက အချင်းချင်း အသိပေးတိုက်တွန်း နှိုးဆော်ထားကြောင်း မလေးရှားရောက်မြန်မာများထံမှ စုံစမ်းသိရှိရသည်။

စိုးဝင်း(SP)

သွေးလွန်တုပ်ကွေးကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ကော့ကရိတ် ဇူလိုင် ၂၃

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ရက်က ကော့ကရိတ် အထက(၁)နှင့် အထက(၂)တို့တွင် သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ကျောင်းဝင်းအတွင်း ချုံနွယ်များခုတ်ထွင်ခြင်း၊ ရေထဲသို့ အဘိတ်ဆေးများထည့်ခြင်း၊ ဆေးမှုတ်ခြင်းနှင့် ရပ်ကွက်အတွင်းလှည့်လှည်၍ ဆေးမှုတ်ပေးခြင်း၊ ပညာပေးခြင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်လင်းဦးကဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စုပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

စိုးထက်အောင်(ကော့ကရိတ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါသိုလှောင်ရုံတစ်လုံးနှင့် အဆောက်အအုံနှစ်လုံးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်(မြေမပါ) ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) (မြေမပါ) ရောင်းချမည့်အဆောက်အအုံများ

LOT(1) မွန်ပြည်နယ် မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အောက်လမ်းမကြီးရှိ (၆၀'×၂၅'×၁၆')(သွပ်×သွပ်×ကွန်ကရစ်) သိုလှောင်ရုံ ၁လုံး

LOT(2) မွန်ပြည်နယ် မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အောက်လမ်းမကြီးရှိ (၄၅'×၃၈'×၂၀')(သွပ်×အုတ်×ကွန်ကရစ်) နှစ်ထပ်လူနေအိမ် တစ်လုံး

LOT(3) မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊အောက်လမ်းမကြီးရှိ (၂၈'×၁၉'×၁၇') (သွပ်×အုတ်×ကွန်ကရစ်) နှစ်ထပ်လူနေအိမ် တစ်လုံး

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၂၅-၇-၂၀၁၄ရက်မှ၅-၈-၂၀၁၄ရက် အထိ၊ ရုံးချိန်အတွင်းသာ

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၃၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်။

(ဃ) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့် ရက်၊ အချိန်၊ နေရာ** - ၆-၈-၂၀၁၄ ရက် ၁၃:၀၀နာရီ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်။

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ရောင်းချမည့် သိုလှောင်ရုံ၊ အဆောက်အအုံ၏အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၄၀၈၁၇၁သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန ရှမ်းပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရှမ်းပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆောက်လုပ်မည့်တောင်ကြီး(အေးသာယာ)တိုင်းရင်းဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင်နှင့် (၄)ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက် ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀ နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက် ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၈၁-၂၁၂၂၂၂၇(ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန)
ဖုန်း-၀၈၁-၂၁၂၇၇၂၃(အေးသာယာတိုင်းရင်းဆေးရုံ)

တင်ဒါခေါ်ယူရေးကော်မတီ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မကွေးတိုင်းဒေသကြီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ (၁)စက်မှုအဆောက်အအုံ RC Slab အမိုးပါ၊ (၂)ဝန်ထမ်းနေအိမ် (ပေ ၄၀×၂၂ပေ+ပေ ၂၀×၉ပေ) နှစ်ခန်းတွဲ၊ (၃) (၄၂)မီတာ တာဝါဖောင်ဒေးရှင်း၊ (၄) ခြံစည်းရိုးကာရံခြင်း (ဂိတ်သံပန်းတံခါးအပါ) ပေ ၃၂၀၊ (၅)အုတ်ရေကန်(ဂါလန် ၄၅၀) (၁၀ပေ×၁၂ပေ×၆ပေ)၊ (၆)ရေလောင်းအိမ်သာ (၄ပေ×၄ပေ) နှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တင်ဒါပေးသွင်းနိုင်ပါသည်။

၂။ **လျှောက်လွှာယူရမည့်ရက်** - ၂၄-၇-၂၀၁၄ရက်မှ ၂၈-၇-၂၀၁၄ရက်အထိ
၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၆-၇-၂၀၁၄ရက်မှ ၃၁-၇-၂၀၁၄ရက်အထိ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်အထွေထွေမန်နေဂျာရုံး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လမ်းငါးသွယ်အနီး၊ ဆေးရုံလမ်း၊ မကွေးမြို့

၅။ အသေးစိတ်အချက်အလက်များကို လက်ထောက်အထွေထွေမန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လမ်းငါးသွယ်အနီး၊ ဆေးရုံလမ်း၊ မကွေးမြို့၊ ဖုန်း-၀၆၃-၂၅၉၉၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မကွေးမြို့

ကချင်ပြည်နယ်အစိုးရအဖွဲ့ ကချင်ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ၁၁ကေဗွီ ဓာတ်အားလိုင်းများ၊ ၁၁/၀.၄ကေဗွီ၊ ထရန်စဖော်မာခွဲရုံငယ်များနှင့် ၄၀၀ဗို့ဓာတ်အားလိုင်းများအား ပုတ်ပြတ်(Turn Key)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအတွက် ချိပ်ပိတ်ဈေးနှုန်းများ မြန်မာကျပ်ငွေ(Kyat) ဖြင့် တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၅-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးရုံးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၉၅၁၈၊ ၀၉-၆၄၀၀၉၈၀၊ ၀၇၄-၂၀၄၂၇ တွင် လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ(USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) DVB-T2 Transmitter (USD) 10 Sets
Transmitter များကို Rohde & Schwarz(Germany), Gates Air (Harris) (USA),NEC (Japan) Brand များဖြင့် တင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၇-၂၀၁၄ ရက်မှ ၃၁-၇-၂၀၁၄ ရက်အထိ နေ့စဉ်နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၄ ရက် နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

နိုင်ငံတကာအားကစားနှင့် ကျော်ငြာ

ဆွာရက်ဇ်မရှိတဲ့ ကြိုးကြာနီတို့ရဲ့ ခရီးစဉ်

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ရာသီမစခင်မှာ ထိပ်တန်းကလပ်အသင်းတွေရဲ့ ဘောလုံးသမားခေါ်ယူမှုတွေက စိတ်ဝင်စားစရာကောင်းနေပါတယ်။ အဲဒီ ထိပ်တန်းကလပ်အသင်းတွေထဲမှာမှ လီဗာပူးရဲ့ ကစားသမား အရွှေ့အပြောင်းက လှုပ်ခတ်မှုတွေအရှိဆုံးဖြစ်နေပါတယ်။

လီဗာပူးရဲ့အဓိကတိုက်စစ်မှူး ဆွာရက်ဇ်ဟာ ကမ္ဘာ့ဖလားပွဲမှာ ခြေစွမ်းပိုင်းရော၊ လုပ်ရပ်ပိုင်းပါ ကမ္ဘာ့ပရိသတ်စိတ်ဝင်စားခဲ့သလို လီဗာပူးကနေ ဘာစီလိုနာကို ပြောင်းရွှေ့ခဲ့တာကလည်း အံ့အားသင့်စရာဖြစ်ခဲ့ပါတယ်။ လီဗာပူးဟာ ဆွာရက်ဇ်ရဲ့ ကြိုးစားစွမ်းဆောင်မှုတွေနဲ့ ပြိုင်ဘက်အသင်းတွေကြားမှာ သိက္ခာရှိရှိနဲ့ ရပ်တည်နေခဲ့တာဖြစ်ပါတယ်။

လီဗာပူးကနေ ဆွာရက်ဇ်ကို ပေါင် ၇၅ သန်းနဲ့ ဘာစီလိုနာအသင်းသို့ ထုတ်ရောင်းလိုက်ပြီးတဲ့နောက်မှာ လီဗာပူးဟာ ကွက်လပ်ဖြစ်သွားတဲ့ ဆွာရက်ဇ်နေရာမှာ အစားထိုးနိုင်ဖို့အတွက် စွမ်းအားစုတွေဖြစ်တဲ့ ဆောက်သမ်တန်အသင်းက ရစ်ကီလမ်းဘတ်နဲ့ လာလာနာတို့နှစ်ဦးကို ပေါင် ၂၉ သန်းပေးပြီး အားဖြည့်ထားပါတယ်။

ဒါ့အပြင် လီဗာပူးဟာ လေဗာကူဆင်အသင်းက ကွင်းလယ်ကစားသမား အမ်မရီကန်ကို ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းနဲ့ ခေါ်ယူထားတဲ့အပြင် ဘင်ဖီကာအသင်းက တောင်ပံကစားသမား မာကိုဗစ်ကို ပေါင်သန်း ၂၀ နဲ့ ခေါ်ယူထားတာမို့ လီဗာပူးရဲ့အားဖြည့်ထားမှုကတော့ တကယ့်ကိုအားရစရာပါပဲ။

ဒါ့အပြင် လီဗာပူးဟာ ဆောက်သမ်တန်အသင်းက နောက်ခံလူ လိုဗရန်ကိုလည်း ပေါင်သန်း ၂၀ နဲ့ ခေါ်ယူအားဖြည့်ဖို့စီစဉ်နေတာမို့ ဆွာရက်ဇ်အထွက်မှာ လီဗာပူးရဲ့အားဖြည့်မှုက အပြည့်အဝဖြစ်နေပါတယ်။ ဒီလိုကစားသမားတွေခေါ်ယူမှု စုစုပေါင်းဟာ သန်း ၈၀ နီးပါးဖြစ်နေတာမို့ လီဗာပူးရဲ့ ကစားသမားတွေ အပြောင်းအရွှေ့ငွေကြေးသုံးစွဲမှုက များပြားနေတာက အမှန်ပါပဲ။

ဒီလိုအားကစားသမားတွေခေါ်ယူမှု အားကောင်းခဲ့ပေမယ့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဂါရက်ဘေးလ်ထွက်သွားလို့ စပါးအသင်း ကစားသမားတွေ အားဖြည့်ခဲ့ပေမယ့် အရာမထင်ဖြစ်ခဲ့သလိုမျိုး လီဗာပူးထပ်ဖြစ်လေမလား ပရိသတ်တွေက စောင့်ကြည့်နေကြပါတယ်။

တကယ်တော့ ဆွာရက်ဇ်ဟာ လီဗာပူးအတွက် မရှိမဖြစ် ကစားသမားတစ်ဦးဖြစ်ပြီးအသင်းရဲ့စွမ်းဆောင်မှုအားကောင်းအောင် ရှေ့တန်းတိုက်စစ်ကဦးဆောင်အားထုတ်သူဖြစ်ပါတယ်။ အခုလာမယ့် ဘောလုံးရာသီမှာ ဆွာရက်ဇ်မရှိတဲ့ ကြိုးကြာနီတို့ရဲ့ပျံသန်းမှုလမ်းကြောင်းဟာ ဖြည့်ဆည်းမှုတွေရှိပေမယ့် ဘယ်လိုဖြစ်လာမယ်ဆိုတာ. . . .။ ။

ကလပ်ခြေစမ်းပွဲစဉ်နှင့် ဂိုးရလဒ်များ

သီဟ

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ — ဇူလိုင် ၂၃

တိုရှန်တို	-	စပါး	နံနက် ၅း၃၀
လီဗာပူး	-	ရိုးမား	နံနက် ၆း၀၀
ကိုလံဘတ်စ် ခရူး	-	ပဲလေ့စ်	နံနက် ၆း၀၀
နေစီအိုနယ်	-	မိုနာကို	နံနက် ၆း၃၀
ဒယ်လ်လက်စ်	-	အက်စ်တွန်ဗီလာ	နံနက် ၇း၃၀
ကန်းစပ်စီးတီး	-	မန်စီးတီး	နံနက် ၇း၃၀
အယ်လ်အေ ဂလက်ဆီ	-	မန်ယူ	နံနက် ၉း၀၀
ဒိုင်နမို မော့စ်ကောင်း	-	အူဒီးနိစ်	ည ၁၀း၀၀
ဟာသာဘာလင်	-	PSV	ည ၁၀း၃၀

ကလပ်ခြေစမ်းပွဲ ဇူလိုင် ၂၂/၂၃ ဂိုးရလဒ်များ

ဆိုင်ဒီနေး	၀-၄	နယူးကာဆယ်
အမ်ကာ	၃-၀	ကာဒစ်ဖ်
ကာလီဆယ်လ်	၀-၁	ဆန်းဒါးလန်း
ကတ်စ်တွန်	၁-၆	လက်စတာ
ထရန်မီယာ	၂-၂	အဲဗာတန်

ဂိုးရဲမက်ဒရစ်တိုက်စစ်မှူးဖြစ်လာတဲ့ ရွှေဖိနပ်ဆုရှင်

၂၀၁၄ ကမ္ဘာ့ဖလားမှာ ကိုလံဘီယာတိုက်စစ်မှူး ရိုဒရီဂွက်ဇ်ဟာ ဂိုးတွေအများကြီးသွင်းခဲ့လို့ လူသိများခဲ့သူပါ။(ယာပုံ)သူဟာဘရာဇီးနိုင်ငံမှာ ကျင်းပတဲ့ ကမ္ဘာ့ဖလားမှာ ဂိုးအများဆုံး သွင်းပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားမှာ စုစုပေါင်း ခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့သူပါ။ သူ့ကို အခု ရီးရဲမက်ဒရစ်က စာချုပ်လိုက်ပါပြီ။

ကမ္ဘာမှာ နာမည်အကြီးဆုံး ကလပ်ဖြစ်တဲ့ ရီးရဲမက်ဒရစ်က ပေါင် ၆၃ သန်းနဲ့ ခြောက်နှစ်စာချုပ် ခေါ်ယူလိုက်တာပါ။ ရိုဒရီဂွက်ဇ်ဟာ ကမ္ဘာ့ဖလားမှာ ဂိုးအများဆုံးသွင်းပေးနိုင်ခဲ့တဲ့အတွက် ရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။ ကမ္ဘာ့ဖလားမှာ သူ့ရဲ့သွင်းဂိုးတွေနဲ့ ကိုလံဘီယာအသင်းကို ကွာတားဖိုင်နယ်အထိ အရောက်ပို့ပေးခဲ့တဲ့သူလည်းဖြစ်ပါတယ်။

ကမ္ဘာ့ဖလားမှာ သူသွင်းခဲ့တဲ့ ဂိုးတွေဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတွေ သွင်းယူခဲ့တဲ့ ဂိုးတွေဖြစ်တယ်လို့ ရီးရဲမက်ဒရစ် ပိုင်ရှင် ဖလော်ရင်တီနိုပီရက်ဇ်က ဆိုပါတယ်။ သူ့ဂိုးတွေဟာ အဆင့်အတန်းရှိတဲ့ ဂိုးတွေ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မျက်စိကျနေပြီး မရအရခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

ရိုဒရီဂွက်ဇ်ဟာ ကမ္ဘာ့ ဈေးအကြီးဆုံး ကစားသမားဖြစ်လာခဲ့ပါပြီ။ ကစားဖော်တွေ ဖြစ်လာမယ့် ဂါရက်ဘေးလ်၊ စီရိုနယ်ဒိုနဲ့ ဘာစီလိုနာရောက် ဆွာရက်ဇ်တို့ ပြီးလျှင် စတုတ္ထဈေးအကြီးဆုံး ကစားသမားဖြစ်လာပါတယ်။ "ကျွန်တော် အလွန်ပျော်ပါတယ်။ ကျွန်တော့်အိပ်မက်တွေ တကယ်ဖြစ်လာပါပြီ။ ကျွန်တော်ဒီမှာ ဖလားတွေအများကြီး ယူသွားမှာပါ" လို့ သူကဆိုပါတယ်။

အာကာကျော်

ဌာနဆိုင်ရာကြော်ငြာချက်နှင့် ကြော်ငြာ

ဌာနဆိုင်ရာ

ကုန်သွယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ၂၀၁၄ ခုနှစ် မေလအတွင်း ပြုပြင်ဆောင်ရွက်ပေးမှုများအား ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြုပြင်ဆောင်ရွက်မှု/ပြောင်းလဲတိုးတက်မှုအခြေအနေ

စီးပွားရေးပြုပြင်ပြောင်းလဲမှုကဏ္ဍဆောင်ရွက်ချက်များ

ဆပ်ကော်မတီနာယက ဦးဆောင်လျက် ၂၀၁၄ ခုနှစ် မေလ ၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ (IBBC) တွင် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျောက်စိမ်းအချောထည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကျောက်စိမ်းအချောထည်လုပ်ငန်းအစုအဖွဲ့ (စစ်ကိုင်း)ကို ဖွဲ့စည်းပေးခဲ့ပြီး တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေးအတွက် လိုအပ်ချက်များ ပံ့ပိုးပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

အပင်နှင့် အပင်ထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်းဆောင်ရွက်ရာတွင် လိုအပ်ချက်များ ကြာမြင့်ချိန်နှင့် ကုန်ကျစရိတ်များကို အများပြည်သူနှင့် လုပ်ငန်းရှင်များ သိရှိနိုင်ရန်အတွက် ၂၀၁၄ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် Commerce Journal တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ သရက်စုအဖွဲ့(ဗဟို) နှင့် ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု (GIZ) တို့၏ စီစဉ်မှုတို့ဖြင့် မြန်မာ့သရက်သီးပွဲတော် ၂၀၁၄ (Mynamar Mango Festival 2014) ကို မေလ ၁၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြုပြင်ဆောင်ရွက်မှု/ပြောင်းလဲတိုးတက်မှုအခြေအနေ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် မေလအထိ ကမ္ဘာလှည့်ခရီးသည် ၁၂၀၆၂၆၀ ဦး ရောက်ရှိခဲ့ပြီး ၂၀၁၃ ခုနှစ် မေလထက် ၃၄၆၀၃၂ ဦး ပိုမိုရောက်ရှိခဲ့ပါသည်။

သတ္တုတွင်းဝန်ကြီးဌာန ပြုပြင်ဆောင်ရွက်မှု/ပြောင်းလဲတိုးတက်မှုအခြေအနေ

ပြည်ပတင်ပို့မှု

အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ အောက်ပါဓာတ်သတ္တုများကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့ပါသည်-

(က)	ခဲနှင့်ရောရာသတ္တုရိုင်း	- ၂၆၀ မက်ထရစ်တန် ကျပ်သန်းပေါင်း ၁၅ ဒသမ ၆၀
(ခ)	ခဲသတ္တုသန့်စင်	- ၂၀၀၀၀ မက်ထရစ်တန် ကျပ်သန်းပေါင်း ၁၆၀၀ ဒသမ ၀၀
(ဂ)	ခနောက်စိမ်းသတ္တုသန့်စင်	- ၆၀ မက်ထရစ်တန် ကျပ်သန်းပေါင်း ၃၀၀ ဒသမ ၀၀

အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ အောက်ပါ ဓာတ်သတ္တုများကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့ပါသည်-

(က)	ခဲမဖြူသတ္တုသန့်စင်	- ၃၉ ဒသမ ၁၂၂၆ မက်ထရစ်တန်- USD ၂၃၄၇၃၅ ဒသမ ၆၀
(ခ)	ခဲမဖြူ-အဖြိုက်နက် ရောရာသတ္တု	- ၃၀ ဒသမ ၀၀ မက်ထရစ်တန်- USD ၃၁၇၅၈၀ ဒသမ ၀၀
(ဂ-၁)	ခဲမဖြူ-အဖြိုက်နက် ရှီးလိုက်ရောရာသတ္တု	- ၃၃ ဒသမ ၁၈၈၄ မက်ထရစ်တန်- USD ၃၁၅၃၈၉ ဒသမ ၃၇
(ဂ-၂)	ခဲမဖြူ-အဖြိုက်နက် ရှီးလိုက်ရောရာသတ္တု	- ၁၄၅ ဒသမ ၀၀၆၀ မက်ထရစ်တန်- Euro -၁၁၇၈၆၀၈ ဒသမ ၇၇
(ဃ)	ခဲမဖြူ-အဖြိုက်နက် ရှီးလိုက်ရောရာသတ္တု(နိမ့်)	- ၂၆ ဒသမ ၀၁၁၁ မက်ထရစ်တန်- USD - ၂၁၅၂၆၇ ဒသမ ၈၆

(ဆက်လက်ဖော်ပြပါမည်)

အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

သထုံ ဇူလိုင် ၂၃

သထုံမြို့နယ် သုဝဏ္ဏမြို့ ဝင်းပကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်ကျောင်းနေပျော်၍ စာပေသင်ကြားနိုင်စေရန်အတွက် ဝင်းပကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာ၏ဦးဆောင်စီမံမှုဖြင့် ဝင်းပကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းငွေနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသား၊ အလှူရှင်များ၊ ဆရာ ဆရာမများပူးပေါင်း၍ ကလေးများ အာဟာရဖြစ်စေရန် မုန့်ဟင်းခါးအလှူဒါန ကျွေးမွေးသည်။

ကျောင်းသား ကျောင်းသူဦးရေ ၅၀၀ ခန့်ကို မုန့်ဟင်းခါးပိဿာ ၁၂၀ ခန့် ကျွေးမွေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက် အာဟာရအလှူကျွေးမွေးမှု အစီအစဉ်များကို တစ်လလျှင်တစ်ကြိမ် ကျွေးမွေးရန်စီမံထားရှိကြောင်း သိရသည်။

ခွန်(ဝင်းပ)

ပလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

သတင်းတို

အရန်သားဖွား ဆရာမသင်တန်းဖွင့်

မဘိမ်း ဇူလိုင် ၂၃

ကျေးလက်နေပြည်သူများ ကျန်းမာရေးအသိပညာများ ရရှိစေရန်နှင့် ကိုယ်ဝန်ဆောင်နှင့် သားဖွားမိခင်များ၏ ကျန်းမာရေးကိုထိရောက်စွာ ကူညီစောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာန မဘိမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အရန်သားဖွားဆရာမသင်တန်းအမှတ်စဉ် (၁/၂၀၁၄)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေလင်းက အရန်သားဖွားဆရာမသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေး ဆရာဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသူ ၂၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ စာတွေ့သုံးလနှင့် လက်တွေ့သုံးလ စုစုပေါင်း ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်း(iprd)

တပ်ကုန်းမြို့အတွင်း လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်သော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဇူလိုင် ၂၀ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟထွန်းနှင့် လျှပ်စစ် ဝန်ထမ်းများသည် စက်ယန္တရားများအသုံးပြု၍ ဆရာစံရပ်ကွက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ အောင်ဇေယျရပ်ကွက်၊ မြဝတီရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်များတွင် ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းစဉ်။ တင်ထွန်းတာ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၂၀၉၇ တိုယိုတာ မတ်တူး LX 761 စတေရှင်ဝက်ဂွန် ယာဉ်လက်ဝယ်ရှိသူ ဦးချိန်ကွေကြည် ၁၃/လရန(ဧည့်)၀၀၀၁၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ အထက ကဖြူ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ပြည့်ဖြိုးအောင်၊ ဆဋ္ဌမတန်း(က)မှ မခင်အေးစန္ဒာကျော်၊ တတိယတန်းမှ မောင်သန်းဇော်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုး ၉/ကပတ(နိုင်)၀၇၄၉၇၇ ဖြစ်ပါကြောင်း။

ဦးကြည်စိုး

အမည်မှန်

ဦးသန့်ဇော်ဦး၏သား မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အထက (၂)၊ ဆဋ္ဌမတန်း(A)မှ မောင်ဖုန်းမြတ်မင်းသန့်၏အမည်မှန်မှာ မောင်ဘုန်းမြတ်မင်းသန့် ဖြစ်ပါသည်။

မောင်ဘုန်းမြတ်မင်းသန့်

အမည်မှန်နှင့်ဖခင်အမည်မှန်

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့ အထက၊ သတ္တမတန်းနေ မနန်းစုရည်နန္ဒာအား မနန်းဆုရည်နန္ဒာဟုလည်းကောင်း၊ ဖခင်အမည်မှန်မှာ ဦးစိုင်းသန်းစိန် ၁၃/လရန(နိုင်)၀၆၂၇၂၆ ဟု ခေါ်ဆိုပါရန်။

ဦးစိုင်းသန်းစိန်၊ သမီး-မနန်းဆုရည်နန္ဒာ

မိဘအမည်မှန်

မိတ္ထီလာမြို့နယ်၊ အထက(၅) ရှမ်းတဲကျောင်း နဝမတန်း(G)တွင် ပညာသင်ကြားနေသော မမေဇင်၏ ဖခင်အမည်မှန်မှာ ဦးလှမြင့် ၉/သစန(နိုင်)၀၁၅၀၆၂နှင့် မိခင်အမည်မှန်မှာ ဒေါ်တင်လှ ၉/သစန(နိုင်) ၀၁၅၂၁၆ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ အထကခွဲ မြို့မ၊ သတ္တမတန်း(A)မှ မောင်ဟိန်းသန့်ဇင်အား ယနေ့မှစ၍ မောင်ဖြိုးဝေယံစိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖြိုးဝေယံစိုး

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ဃ/၉၃၁၅၈ Luojia ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းချစ် ၅/မရန(နိုင်)၁၅၄၇၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(I)တွင် ပညာသင်ကြားနေသော မဝုန်ဒိတ်ဝေ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မဝုန်ဒိတ်ဟွေး ဖြစ်ပါကြောင်း။

မဝုန်ဒိတ်ဟွေး

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ အထက(ကူမဲ)ကျောင်း သတ္တမတန်း(F)မှ မောင်မင်းမင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးသန်းစိုးဦး ဖြစ်ပါကြောင်း။

ဦးသန်းစိုးဦး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဓ/၂၃၅၉ KMT Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၇/ရတန(နိုင်)၀၆၆၃၈၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၄ဃ/၈၇၃၀၀ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်း ၁၃/ရငန(နိုင်)၀၂၁၆၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)**

မိဘအမည်မှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အထက (၁၂) နဝမတန်း(င)မှ မောင်ကိုကိုဦးနှင့် ပဥ္စမတန်း(င)မှ မဝေဇာဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးလှိုင်၊ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းဝင်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ အထက(ကူမဲ)ကျောင်း တက္ကသိုလ်ဝင်တန်း (D)မှ မောင်ထက်နိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးတင့်ဆွေဦး ဖြစ်ပါကြောင်း။

ဦးတင့်ဆွေဦး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဃ/၆၀၄၈၇ Kenbo CZI 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းလေး ၉/ခမစ(ပြု)၀၀၀၀၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၅၆၄၂၊ Tun L/T, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ဇော် ၅/ကလတ(နိုင်)၀၈၁၈၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ အနော်ရထာ၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ ၀ဒသမ ၁၃၃ဧကရှိ အစိုးရမြေမျိုး မြေကွက်အား ဦးကျော်ဝင်း၊ ဒေါ်အိအိဝင်း ၉/တကန(နိုင်)၀၀၄၄၅၈၊ ၉/တကန(နိုင်)၀၀၆၀၂၂ (ဘ)ဦးကျင်သန်းမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ မြေကွက်/ဦးပိုင်အမှတ် ၉၈၊ ဧရိယာ ၀ဒသမ ၁၁၆ဧကရှိ ဦးကို (ပါ)၆ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးတင်ထွေး ၉/ပမန(နိုင်)၀၁၉၃၈၂ (ဘ) ဦးမြင့်ဆွေမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကျေးလက်ကဏ္ဍနှင့် ကြော်ငြာ

သာစည်မြို့နယ်တွင် အခြေခံပညာမူလတန်းလွန်ကျောင်းများဖွင့်

သာစည် ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကုက္ကိုကန်ကျေးရွာအုပ်စု ကုက္ကိုကန်ကျေးရွာနှင့် တောင်ပူစာကျေးရွာများတွင် အခြေခံပညာမူလတန်းကျောင်းများကို အခြေခံပညာ မူလတန်းလွန်ကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကုက္ကိုကန်ကျေးရွာမှ ကျောင်းသား ကျောင်းသူများသည် ယခင်က မူလတန်းပြီးဆုံး၍ အလယ်တန်းပညာကို ဆက်လက်သင်ယူရာတွင် ရွှေတုတ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်သင်ယူကြရပြီး တောင်ပူစာကျေးရွာမှ ကျောင်းသား ကျောင်းသူများမှာ ဘုရားငါးဆူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပညာသင်ယူကြရသဖြင့် မူလတန်းပြီးဆုံးပါက အလယ်တန်းပညာကို တက်ရောက်ပညာသင်ကြားသူ နှစ်စဉ်လျော့နည်းခဲ့သည်။ ယခုသတ္တမတန်းအထိ ကိုယ့်ရွာကိုယ့်ကျောင်းမှာပဲ ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိပြီး နိုင်ငံတော်မှ မူလတန်းနှင့် အလယ်တန်းကို အခမဲ့ပညာသင်ယူခွင့်ပေးထား၍ ကျောင်းထွက်မှုရာခိုင်နှုန်းမှာလည်းလျော့နည်းမည်ဖြစ်သည်။ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်းကို ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

အောင်ရေလိုအပ်လျက်ရှိသောစပါးခင်းများ ရေရရှိအောင်ဆောင်ရွက်

မြင်းခြံ ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ပျားကျေးရွာအနီး ကွင်းအမှတ် (၁၈၁၊ ၁၈၄)တွင် စိုက်ပျိုးထားသော နွေစပါး၊ မိုးစပါးခင်းအချို့သည် အောင်ရေများလိုအပ်လျက်ရှိသည်။

ပျားကျေးရွာရှိ တောင်ကြား၀ကျေးလက်ဆည်မှ ရေနည်းနေသဖြင့် ဆည်အောက်ခြေရှိ စိုက်ကွင်းများတွင်သာ အောင်ရေပေးနိုင်ပြီး အဖျားပိုင်းရှိ စိုက်ကွင်းများကို အောင်ရေမပေးနိုင်သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များဖြစ်သော ဦးလှငွေနှင့် ဦးလှမြင့်တင်တို့က စက်ရေတွင်းများမှ ရေတင်၍ အောင်ရေရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။ စက်မောင်းရန်အတွက် OK သောက်ရေသန့်လုပ်ငန်းမှ တစ်ဧကလျှင် နှစ်ဂါလန် နှုန်းဖြင့် ၆၄ ဒသမ ၅ ဧကအတွက် စက်ဆီများကို လှူဒါန်းပေးခဲ့သည်။ ထို့အပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်က တောင်သူများအား ရေတတ်ဒဏ်ခံနိုင်သော စိုက်ပျိုးရက်သက်တမ်းတိုသော ပုလဲသွယ် စပ်မျိုးစပါးများ စိုက်ပျိုးရေးအတွက် စည်းရုံးဟောပြောခဲ့သည်။ ထိုဒေသတွင် မနောသုခစပါးမျိုးများကိုသာ စိုက်ပျိုးနေကြသဖြင့် ၎င်းစပါးမျိုးသည် ရေတတ်ဒဏ်မခံနိုင်ခြင်း၊ စိုက်ပျိုးရက်သက်တမ်းကြာမြင့်ခြင်းတို့ကြောင့် မိုးနည်းသောအရပ်ဒေသများတွင် ယခုလို အောင်ရေလိုအပ်ခြင်းများ ဖြစ်ပွားတတ်ကြောင်း သိရသည်။ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးလိုပါက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာအရောက် စပါးမျိုးများ ဖြန့်ဝေပေးခြင်း၊ ပျိုးထောင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

နှမ်းပန်းပွင့်ချိန် ပျားရည်ထုတ်လုပ်သူများ အဆင်ပြေ

မကွေး ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူး-မင်းလှလမ်းမိုင်တိုင်အမှတ် ၁၀/၀ နှင့် ၁၅/၃အကြား၊ လမ်းဘေးနှမ်းသီးနှံ စိုက်ခင်းအစပ်များတွင် မိုးမဥ္စူ မိုးကျော်ကျော် စသည့် ရွှေ့ပြောင်းပျားမွေးမြူရေးအဖွဲ့များက လာရောက်၍ ပုံးများဖြင့် ပျားမွေးမြူခြင်း၊ ပျားရည်ထုတ်လုပ်ခြင်းများ ဆောင်ရွက်နေကြသည်။

ပျားမွေးမြူသည့်နေရာတွင် မြစ်ရေတင်စီမံကိန်းရေမြောင်းများရှိခြင်း၊ နှမ်းစိုက်ခင်း၊ ပြောင်းစိုက်ခင်း စသည်တို့မှ စိုက်ပျိုးသီးနှံများ ပန်းပွင့်ချိန်ဖြစ်ခြင်းကြောင့် ပျားများအတွက် အစာရေစာပေါများကြောင်း၊ ပျားပုံးများကို ဇွန်လတွင် လာရောက်ချထားကြောင်း၊ ယခုရာသီတွင် ပျားရည်အထွက်ကောင်းသလို ပျားရည်သန့်သန့်လည်းရကြောင်း၊ ဒေသပေါက်ဈေး ပျားရည်တစ်ပုလင်းငွေကျပ် ၂၀၀၀ ခန့်ရှိသဖြင့် အဆင်ပြေကြကြောင်း၊ တစ်ဖက်တွင်လည်း စိုက်ပျိုးသီးနှံများကို ပျားဝတ်မှုန်ကူးပေးသဖြင့် သီးနှံအထွက်တိုးစေကြောင်း၊ ယခုအခါ ကျေးလက်ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပျားမွေးမြူရေးရက်တိုသင်တန်းပေးခြင်း၊ ပျားပုံး၊ ပျားအုံ၊ ပျားသလက်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းတို့ကို ပျားလုပ်ငန်းဌာနမှ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကိုကြီးစန်း

တောင်သူပညာပေးဆွေးနွေးပွဲနှင့် မြေသြဇာပေးအပ်

လားရှိုး ဇူလိုင် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးစိုက်ပျိုးသော တောင်သူများ၏ တစ်ဧကထွက်နှုန်းတိုးတက်ရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် မြို့ဝင်မြို့ထွက် စံပြကွက်များ စိုက်ပျိုးပြသဆွေးနွေးပညာပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးစံပြကွက် ဧက ၅၀ တွင် စိုက်ပျိုးသည့်တောင်သူများကို ဇူလိုင် ၂၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကျင့်သုံးစိုက်ပျိုးရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများအသုံးပြုရေး၊ တောင်သူအချင်းချင်းဆွေးနွေးဖလှယ်ခြင်းဖြင့် စိုက်နည်းစနစ်မှန်များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာစေရေးတို့ကို မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ဆွေးနွေးဟောပြောခဲ့ပြီး မိုးစပါးစံပြကွက်ဧက ၅၀ အတွင်းရှိ တောင်သူများကို ကွန်ပေါင်းနှင့် ပုလဲဓာတ်မြေသြဇာများ၊ ရွက်ဖျန်းမြေသြဇာများ၊ ပိုးသတ်ဆေးနှင့်ရောဂါကာကွယ်ဆေးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် မြို့နယ်အုပ်ချုပ်ရေးမှူးက ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါး (ပုလဲသွယ်) စိုက်ပျိုးထုတ်လုပ်မှုတွင် အထွက်နှုန်းအများဆုံးရရှိသည့် တောင်သူသုံးဦးအား ငွေသားဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေး

ကော့သောင်း ဇူလိုင် ၂၃

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရိမြို့နယ်ခွဲအမှတ်(၁) ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းကို မြို့နယ်ခွဲကျန်းမာရေးဦးစီးဌာနမှ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက လိုက်လံဆောင်ရွက်ခဲ့သည်။

အဆိုပါသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေးလုပ်ငန်းများအဖြစ် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများလက်တွေ့ပြသပေးခြင်း၊ ခြင်ကိုက်ခြင်းမှ ဖြစ်ပေါ်နိုင်သည့် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများကြိုတင်ကာကွယ်နိုင်သည့် နည်းစနစ်များကို ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ NGO အဖွဲ့များက လိုက်လံပညာပေးဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်ခွဲ ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းသစ်ဖွင့်

မိုးကောင်း ဇူလိုင် ၂၃

မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာအုပ်စု ရှစ်မိုင်လမ်းဆုံ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းသစ်ဖွင့်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းရှေ့၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်နှင့် ဦးကျော်မြင့်၊ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းနှင့် ကော်မတီဝင် ဦးဖိုးစိုးတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဝင်းအောင်

အမက(ခွဲ)မှ အမကအဖြစ် အဆင့်တိုးမြှင့်

ရေဦး ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ရေဦးကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးအခြေခံပညာမူလတန်းကျောင်းခွဲမှ မူလတန်းကျောင်းသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပရာ အလှူရှင်များက စာရေးကိရိယာများနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ လျှပ်စစ်ပန်ကာနှင့် အလှူငွေများကို အမကကျောင်းအုပ်ဆရာမထံ ပေးအပ်လှူဒါန်းခဲ့သည်။ အခြေခံမူလတန်းကျောင်း(ခွဲ)မှ မူလတန်းကျောင်းသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိပြီဖြစ်သဖြင့် ဆရာ ဆရာမများ ငှားရမ်းစရာမလိုဘဲပညာရေးစနစ်ကိုအပြည့်အဝရရှိကာ ကျောင်းသားများ မိမိတို့ကျေးရွာ၌ပင် အေးချမ်းစွာ ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း သိရသည်။

သန်းထိုက် (ရေဦး)

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)
အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်အလှူတော်မင်္ဂလာ
ဖိတ်ကြားခြင်း

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)မှရန်ကုန်ရောက် တန့်ဆည်နယ်ဖွား ကျောင်းထိုင်ဆရာတော်များအား အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ၂၇-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့)နံနက် ၈း၃၀နာရီအရောက် ဗဟန်း ၃လမ်း၊ အသင်းတိုက်သို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
ဖိတ်ကြားခြင်း

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြို့နယ် အသင်းသူ/သားများအားလုံး ကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၆ခုနှစ် ဝါဆိုလကွယ်နေ့ (၂၆-၇-၂၀၁၄ရက်) စနေနေ့
အချိန် - နံနက် ၁၀ နာရီ
နေရာ - ရန်မျိုးအောင်ဘုရားကြီးကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ စံပြ ၅ လမ်း၊ သဃ်န်းကျွန်းစံပြဈေးအနီး၊ သဃ်န်းကျွန်းမြို့နယ်။

သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးသန်းအောင် ဖုန်း-၀၉-၄၂၀၁၇၇၇၆၇၊ ဦးသန်းဝင်း ဖုန်း-၀၉-၄၃၀၄၆၈၆၀၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၄၉၂၃၃၉၉၉၊ ဒေါ်နန်းရေစင်ဦး ဖုန်း-၀၉-၅၁၅၄၇၀၉၊ ဒေါ်နွဲ့နွဲ့ဝင်း ဖုန်း-၀၉-၄၂၀၀၃၀၅၄၊ ဒေါ်သန္တာထွေး(သွန်း) ဖုန်း-၀၉-၅၀၁၀၃၀၅၊ ဒေါ်နော်သန်းသန်းဦး ဖုန်း-၀၉-၄၅၀၀၁၅၉၅၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (အသင်းမှ သင်္ကန်းများ ဈေးနှုန်းသက်သာစွာစီစဉ်ထားပါသည်။)

အမှုဆောင်အဖွဲ့

အမည်ပြောင်း

ဦးအောင်မိုးဇင်၏သား ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အထက(၂)၊ ပဉ္စမတန်း(D)မှ မောင်ကောင်းထက်အား မောင်အောင်ကောင်းသန့်၊သမီး ယွန်းယွန်းအား ဆောင်းယွန်းယွန်းစံနှင့် သမီး ရွှန်းရွှန်းအား ဆောင်းရွှန်းရွှန်းစံဟု ပြောင်းလဲခေါ်ပါရန်။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားမရုံးတော်၌
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၄ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃

ဒေါ်မာမာဆန်း နှင့် ၁။ ဦးမြအောင်၊ ၂။ ဒေါ်အုန်းမြင့်
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၀(က)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ်(၁၂၄) (ယခင်လိပ်စာ)နေ (၁) ဦးမြအောင်၊ (၂) ဒေါ်အုန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၀၄ တွင် ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုရာတွင် ရရှိသည့် အနိုင်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၅ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် ဇူလိုင် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်မင်းအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉၁ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၉

ဒေါ်ခင်သန်းအေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စမ်းစမ်းမော်) နှင့် ဦးမင်းလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်နှင်းလွင်)
ဒီကရီအနိုင်ရသူ **တရားရှုံး**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ် ၁၂၇ နေ တရားရှုံး ဦးမင်းလွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၆၉၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၅ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လေးမြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အမှားပြင်ဆင်ချက်

၁၇-၅-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)တွင် ပါရှိသော **ကန့်ကွက်နိုင်ပါသည်** ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၇)၊ မြေကွက်အမှတ် (၃၉)အစား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၇)၊ မြေကွက်အမှတ်(၆၉)ဟု ပြန်လည်ဖတ်ရှုပေးပါရန်။

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၅၃၃၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

စလင်းမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော် အကြီးစားပြုပြင်

မကွေး ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်ကြီးသည် သီရိဓမ္မာသောကမင်းကြီးက သာသနာနှစ် ၂၁၈-၂၃၅ ခုနှစ်တွင် ထည်ထားခဲ့သော စေတီပေါင်း ၈၄၀၀၀ တွင် အပါအဝင် မုဋ္ဌောစေတီဖြစ်သည်။ ကောဇာသက္ကရာဇ် ၄၅၆ ခုနှစ်တွင် အလောင်းစည်သူမင်းကြီး ယခုစလင်းမြို့တည်ရာဒေသသို့ ရောက်သောအခါ အသစ်တစ်ဖန်ဒုတိယအကြိမ် ပြန်လည်ပြုပြင်တည်ထားခဲ့သည်။

ပုဂံပြည်ကြီးကောင်းစားစဉ် ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးသည် ကောဇာသက္ကရာဇ် ၅၅၆ ခုနှစ်၊ ခရစ်နှစ် ၁၁၉၄ ခုနှစ်တွင် ပံ့သကူစွယ်တော်ရှင် ပေါင်းလောင်းရှင်ကဿပဆရာတော်တို့ကို ပင့်ဆောင်၍ မြန်မာနိုင်ငံ အကြေအညာတဝန်း တိုင်းခန်းလှည့်လည်တော်မူခဲ့သည်။ ဤတွင် စလင်းမြို့ ဒေသသို့ရောက်ရှိပြီး ဝက်သည်းကန်ကြီးကိုတူးဖော်ခဲ့သည်။ ကန်ကြီး၏ ကုသိုလ်ရှင် နရပတိစည်သူမင်းကြီး၏ ကိုယ်လုပ်တော်ရှင်စောဝက ကန်ကြီးတူးဖော်သောအခါ ကန်တော်မင်္ဂလာ၏ ဝန်းရာပါတွင်ရှိသော ရွှေမုဋ္ဌောစေတီတော်တည်ထားသည့်နေရာကို ကောက်နယ် တလင်းခန့် မြေအဝန်းကျွန်းငယ် သောင်မြိတ်ချန်ထားစေခဲ့သည်။ ၎င်းစေတီတော်၏ အကြောင်းကို မင်းကြီးက မြို့သူကြီးကို မေးမြန်းရာ ဘေးလောင်းတော်တို့၏ကောင်းမှုဟုသိရ၍ အသစ်တစ်ဖန် ပြန်လည်ပြုပြင်တော်မူခဲ့သည်။

စတုတ္ထအကြိမ် ကောဇာသက္ကရာဇ် ၁၂၉၂ ခုနှစ်တွင် အညတြဘိက္ခု (သို့မဟုတ်) ရွက်ပုန်းသီးရဟန္တာဟု ကျော်ကြားသောကန်လည်ဆရာတော်ကြီး အရှင်ဝဇီရာဝုဓက အသစ်တစ်ဖန်ပြန်လည်ပြုပြင်တော်မူခဲ့သည်။ ထိုသို့ပြုပြင်ရာတွင် စေတီတော်အစဉ်သဖြင့် တည်တံ့နိုင်ရန် ရည်ရွယ်၍ စေတီတော်ကို အုတ်ရိုးပတ်၍ တံတားစောင်းတန်းဇရပ်တို့နှင့် တည်ထားတော်မူခဲ့သည်။ ယခုအခါ နှစ်ပေါင်း ၈၄ နှစ်ကြာမြင့်ပြီဖြစ်၍ စေတီတော်ကြီး၏အာရုံခံတန်ဆောင်း၊ လူသွားလမ်းစင်္ကြံတံတားတို့မှာ ရုပ်ဆင်းအင်္ဂါမှအစ ပြိုကျပျက်စီးတော့မည့်အသွင်သဏ္ဌာန်ဖြစ်ပေါ်နေ၍ စေတီတော်ကြီးနှင့်လူသွားလမ်း စင်္ကြံများ၊ အာရုံခံတန်ဆောင်းများကို အသစ်တစ်ဖန် ပြန်လည်ပြုပြင်တည်ဆောက်နေပြီဖြစ်ရာ ဒေသခံမြို့သူမြို့သားများ၊ ရပ်ဝေးမှ စလင်းသူစလင်းသားများ၏ လှူဒါန်းမှု အစုစုနှင့် ဆောင်ရွက်လျက်ရှိရာ တံတားအခန်းပေါင်း ၇၅ ခန်းခန့်မှ ၃၀ ရာခိုင်နှုန်း အလှူရှင်များပေါ်ပေါက်နေကြောင်းနှင့် ရွှေမုဋ္ဌောဘုရားကြီး အကြီးစား ပြုပြင်တည်ဆောက်မှုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအပြီး တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ဗန်းမော်မြို့၌ ဓမ္မစကူးလ်ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ဗန်းမော် ဇူလိုင် ၂၃

ကချင်ပြည်နယ် ဗန်းမော်မြို့ ရိုးကြီးရွာမကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတိဿဦးစီး၍ ရင်သွေးငယ်များ အမျိုးဘာသာသာသနာကို ထိန်းသိမ်းကာကွယ်ချစ်မြတ်နိုးစိတ်ရှိစေရန်နှင့် လိမ္မာယဉ်ကျေးသော မျိုးဆက်သစ် ထူးချွန်ထက်မြက်သော လူကောင်းလူတော်များ ဖြစ်လာစေရန်တို့အတွက် တနင်္ဂနွေဓမ္မစကူးလ်ဗုဒ္ဓဘာသာယဉ်ကျေး လိမ္မာသင်တန်းကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ရိုးကြီးရွာမကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကာ ဆရာတော်ကြီးထံမှငါးပါးသီလခံယူတည်ဆောက်ကြပြီး မြို့နယ်သာသနာရေးမှူး ဦးတင်ဖေက အမှာစကားပြောကြားသည်။

ဆက်လက်၍ သစ္စာပါရမီ သာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းက မှတ်သားစရာအထွေထွေ ဗဟုသုတများအကြောင်း ပြောကြားပြီးအရှင်ဇနကက သင်တန်းဖွင့်လှစ်ခြင်း၏ရည်ရွယ်ချက်များ ပြောကြား၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားရုပ်သိမ်းသည်။

ကျောင်းသား ကျောင်းသူကလေးသူငယ် ၂၁၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ဇူလိုင် ၂၀ရက်မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ရက်ထိဖြစ်၍ အပတ်စဉ် တနင်္ဂနွေနံနက် ၉နာရီမှ ၁၀ နာရီထိဖြစ်သည်။ ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီမှ ၅ နာရီခွဲအထိ အဌမတန်း ကျောင်းသားကျောင်းသူများအား အင်္ဂလိပ်သဒ္ဒါ၊ သင်္ချာဘာသာတို့ကို အရှင်ဇနက (နေပြည်တော်)နှင့် ဆရာမောင်မင်းချစ်သူတို့က ပညာဒါန အခမဲ့သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

ကျေးလက်ပြည်သူများအတွက် ကျန်းမာရေးဌာနခွဲ တိုးမြှင့်ဖွင့်

ကျွန်းလှ ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်ရည်ရွယ်၍ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ထိုသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရာတွင် မကျီးကုန်းကျေးရွာ၊ ရေယိမ်းကျေးရွာတို့အား ကျေးလက်ကျန်းမာရေးဌာနအဖြစ်လည်းကောင်း၊ ကုန်းစည်း၊ မော်ကယ်၊ နန်းသတ်၊ ဟဲကင်း၊ အောင်းပင်တပူတော၊ ပျဉ်းပင်၊ မြင်သာဦးနှင့် လိပ်စင်းတောင်ကျေးရွာတို့ကို ကျန်းမာရေးဌာနခွဲအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာများမှာ သဖန်းဆိပ်ဆည်၏ အနောက်ဘက်ခြမ်းတွင်ရှိပြီးမိုးရာသီတွင် သွားလာရေးခက်ခဲ၍ ဆေးရုံဆေးပေးခန်းများနှင့်လည်းဝေးလံကာကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲတို့ကို တိုးမြှင့် ဖွင့်လှစ်ပေးသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မြောင်းမြမြို့၌ကျင်းပ

မြောင်းမြ ဇူလိုင် ၂၃

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရည်ရွယ်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက မြောင်းမြမြို့နယ် သိလ္လာကျေးရွာအုပ်စု မြောင်းမြ-လပွတ္တာ ကားလမ်းမကြီးဘေး မိုင်တိုင် (၃၂/၀) ၌ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်တို့ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သစ်တောဝန်ထမ်းများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအသင်းအဖွဲ့ဝင်များ၊ သိလ္လာ အထကနှင့် ခွေးလေးကြီးကျေးရွာ အထက(ခွဲ) တို့မှ ကျောင်းသား ကျောင်းသူလေးများ၊ ဆရာ ဆရာမများ ဒေသခံတိုင်းရင်းသားပြည်သူများက ကျွန်းပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ယခုသစ်ပင်စိုက်ပျိုးသော နေရာသည် ယခင်က သိလ္လာတောင်ကြောအဖြစ် စိမ်းလန်းစိုပြည်စွာရှိခဲ့ပြီး လူအများကသစ်၊ ထင်း၊ ဝါးများခုတ်ယူမှုကြောင့် တောင်ကတုံးဖြစ်ခဲ့ရာမှ သိလ္လာတောင်ကြော စိမ်းလန်းစိုပြည်ရေးနှင့် သိလ္လာရေဝေ ရေလဲနယ်မြေ ဒေသတစ်ခုလုံး ရေ၊ မြေ၊ ရာသီဥတုထိန်းသိမ်းနိုင်ခြင်း၊ တောင်ကြောများ မြေဆီလွှာရေတိုက်စားခံရမှုမှ ကာကွယ်ထိန်းသိမ်းရန် အထောက်အကူဖြစ်ခြင်း၊ သစ်တောသစ်ပင်များဖြစ်ထွန်းလာမှုကြောင့် သားငှက်တိရစ္ဆာန်များနားခို၊ နေထိုင်၊ ကျက်စားနိုင်ခြင်း၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကောင်းကို ရရှိစေခြင်းစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

အောင်မင်း(iprd)

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုအား တတိယအဆင့်အရှိန်မြှင့်တင်မှုအလုပ်ရုံဆွေးနွေးပွဲကျင်းပ

မိုးမောက် ဇူလိုင် ၂၃

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ထွေ/အုပ်စည်းဝေးခန်းမ၌ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ လုပ်ငန်းရှင်များနှင့် မြို့မိ မြို့ဖများ စုပေါင်း၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုကို တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ဆွေးနွေးပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွတ်နောင်က နိုင်ငံတော်၏ မူဝါဒများအကြောင်း ရှင်းလင်းဆွေးနွေးခြင်းနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးလဇိန်ဘရန်က သန့်ရှင်းသောအစိုးရဖြစ်ရေးတွင် ဝန်ထမ်းများ တစ်ဦးချင်း အရည်အသွေးပြည့်ဝရေး၊ ပြည်သူများနှင့် ဆက်ဆံရာတွင် ဆက်ဆံရေး ကောင်းမွန်စေရေးနှင့် ပြည်နယ်တွင်းမှ ထွက်ရှိသော ဥပဒေများ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ရပ်ကျေးဥပဒေများအောက်ခြေ အဆင့်ထိ ဖြန့်ဝေပေးရေးတို့ကို ဆွေးနွေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ထပ်မံဖြည့်စွက် ရှင်းလင်းဆွေးနွေးပြီး အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

လွှန်းနန်းထွေး(မိုးမောက်)

သစ်ပင်စိုက်ပါတို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန

ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနတွင် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ခဲ့သော ဝန်ထမ်းများအား လျော်ကြေးငွေများ လာရောက်ပေးသွင်းကြရန်အတွက် ၃-၆-၂၀၁၄ရက်နှင့် ၅-၆-၂၀၁၄ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြေညာခဲ့သည့် ပုဂ္ဂိုလ်များအနက် စဉ်(၁၉) ဒေါ်သီတာကြည် သနသ(လ)၄၂၀၈ အား ဘွဲ့လွန်လျော်ကြေးငွေကျပ် ငါးသိန်းအစား ဘွဲ့လွန်လျော်ကြေးငွေကျပ် ၂၅သိန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ နေပြည်တော်တွင် ကြိုတင်ပြင်ဆင်မှုအလုပ်ရုံ ၅၈'×၃၄'×၂၄' အရွယ် RC နှစ်ထပ် အဆောက်အအုံတစ်လုံးတည်ဆောက်ရန် စျေးပြိုင်ပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပေးသွင်းခြင်းကို ၂၄-၇-၂၀၁၄ရက်မှ ၂၃-၈-၂၀၁၄ရက် ၁၆ နာရီအတွင်း (စနေ၊ တနင်္ဂနွေအပါအဝင်) မည်သူမဆို လွတ်လပ်စွာ အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ မြို့ပြအင်ဂျင်နီယာဌာနစု
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း
နေပြည်တော်
ဖုန်း-၀၆၇-၄၁၄၀၇၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးဝါးတက္ကသိုလ်၊ မန္တလေး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆေးဝါးတက္ကသိုလ်၊ မန္တလေး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်ဆေးများ၊ ပရိဘောဂပစ္စည်းများ၊ ဆေးပညာဂျာနယ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၆-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၈-၈-၂၀၁၄ ရက်

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၀၈၅-၄၀၁၃၄၊ ၄၀၁၃၅ တို့သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၉C/၉၂၅၅ Honda Civic FD3 S/L(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းရွက်ခမ်း(ခ)စိုင်းတီ ၁၃/ကတန(နိုင်)၀၈၈၀၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ရခိုင်ပြည်နယ်၊ စစ်တွေမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စစ်တွေခရိုင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး(RC-တစ်ထပ်) ပေ၄၀၊ ပေ၅၀၊ ၁၂ပေ အဆောက်အအုံဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၂၅-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၄ ရက် ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စစ်တွေမြို့ ဖုန်း- ၀၉-၈၅၂၂၃၀၃၊ ၀၄၃-၂၃၇၄၂ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လေလံကြော်ငြာ

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆောက်အအုံနှင့်ပစ္စည်းများ၊ ဆိုင်းဘုတ်(Bill Board)အဟောင်းများ၊ အသုံးမလိုပိုလျှံပစ္စည်းများ၊ မြက်ဖြတ်စက်များ စသည်တို့အား လေလံတင်ရောင်းချခြင်းကို ၇-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမအနီး ၁၀ ထပ်ရုံးရှိ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ပဥ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၆-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ၊ ဖုန်း-၂၄၉၅၂၅၊ ၃၇၄၃၆၆၊ ၃၇၉၆၁၈ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မော်လူးတိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ရေး တွေ့ဆုံဆွေးနွေး

မော်လူး ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန် တာဝန်ယူထားသည့် I Green ဆောက်လုပ်ရေးကုမ္ပဏီမှ ကန်ထရိုက်အင်ဂျင်နီယာများနှင့် မော်လူးဒေသ တိုက်နယ်ဆေးရုံဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များသည် ဇူလိုင် ၂၀ ရက်က မော်လူး အုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံ ဆွေးနွေးရာသို့ မော်လူးဒေသ တိုက်နယ် ကိုးခု၊ အုပ်စု ၁၀ခုရှိ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မော်လူးဒေသ တိုက်နယ်ဆေးရုံ ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ I Green ဆောက်လုပ်ရေးကုမ္ပဏီမှ ကန်ထရိုက် အင်ဂျင်နီယာများ တက်ရောက်ကြပြီး ဆေးရုံသစ်ဆောက်လုပ်ရန် လိုအပ်သည့် အုတ်၊ သဲ၊ ကျောက် အစရှိသည့် ဆောက်လုပ်ပစ္စည်းများ ရရှိနိုင်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်နိုင်ရေး၊ အခြားဆေးရုံများကဲ့သို့ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်နိုင်ရေးစသည့် အချက်အလက်များ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

ဆေးရုံသစ် ဆောက်လုပ်ရန် ရွေးချယ်ထားသည့် မြေနေရာတွင် မြေနုတ်ခြင်း၊ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်း၊ ပန္နက်တိုင် စိုက်ထူခြင်းများကို ဇူလိုင် ၂၂ ရက်က ဒေသတွင်း ဆရာတော်များကို ပင့်ဖိတ်ဆွမ်းကပ်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်မည့် ဆေးရုံသစ်အဆောက်အဦးမှာ အလျား ၁၂၆ ပေ၊ အနံ ၁၁၇ ပေရှိ အာရ်စီတစ်ထပ်ဖြစ်ကြောင်း၊ ခုနစ်လခန့် အချိန်ယူ ဆောက်လုပ်မည်ဖြစ်ကြောင်းနှင့် မော်လူးဒေသတိုက်နယ်ဆေးရုံသစ် ဆောက်လုပ်နိုင်ရန်အတွက် နိုင်ငံတော်မှ ငွေကျပ်သိန်း ၅၀၀၀ ချမှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။ (၁၇၁)

မိုးတွင်းကာလအတွင်း မိုးရေတိုက်စားမှုကြောင့် မြေပြို၍ လမ်းပျက်ခြင်းများ မကြာခဏဖြစ်ပွားလျက်ရှိရာ ကလေး–ဖလမ်း–ဟားခါးလမ်း ဟားခါးမြို့အဝင် မိုင်တိုင် (၁၂၀/၁၂) တွင် လမ်းဘေးမြေပြိုကျမှုအခြေအနေကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်သည် ပြည်နယ် အင်ဂျင်နီယာမှူးကြီးဦးမြတ်ကိုကိုနှင့် တာဝန်ရှိသူများနှင့်အတူသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများအမြန်ဆုံးဆောင်ရွက်ရန် လမ်းညွှန်မှာကြားစဉ်။ (ပြည်နယ် ပြန်/ဆက်)

သတင်းတိုများ

အုပ်ချုပ်ရေးကဏ္ဍ လုပ်ငန်းစဉ်များ ညှိနှိုင်း

ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အုပ်ချုပ်ရေးကဏ္ဍတတိယအဆင့် အရှိန်အဟုန်မြှင့်တင်ရေး (Third Wave) လုပ်ငန်းညှိနှိုင်း အသိပေးရှင်းလင်း ဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အုပ်ချုပ်ရေးကဏ္ဍ တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ (၄၃၂)

နည်းပညာတက္ကသိုလ်၌ စာပေဟောပြောပွဲကျင်းပ

နည်းပညာတက္ကသိုလ် (ပခုက္ကူ)တွင် လူငယ်များ ပညာရေးအနာဂတ် ဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် စာပေဟောပြောပွဲ တစ်ရပ်ကိုဇူလိုင် ၂၀ ရက်က ကျောင်းအုပ်ကြီး ဒေါက်တာအောင်ကျော်စိုး ဦးဆောင်၍ ကျင်းပခဲ့ရာ ဟောပြောပွဲတွင် စာရေးဆရာချစ်ဦးညိုက တစ်ခါတုန်းကတက္ကသိုလ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဘုန်း(ဓာတု)က (၆၇)နှစ်ပြည့် အာဇာနည်နေ့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာညီမင်းညိုကလူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။ စာပေမြတ်နိုးသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ တက်ရောက်အားပေးခဲ့ကြောင်းများ သိရှိရပါသည်။ **အောင်(မန်းတက္ကသိုလ်)**

ချင်းပြည်နယ်ဆိုကရေးတီးပြိုင်ပွဲ စည်ကားစွာ ကျင်းပမည်

ဟားခါး ဇူလိုင် ၂၃

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်သည့် (၂၁)ကြိမ်မြောက် ဆိုကရေးတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် နံနက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအွန်ခန့်ကပ်က ပြိုင်ပွဲ ကျင်းပရေးနှင့် ပတ်သတ်၍ ရှင်းလင်းပြောကြားသည်။

ချင်းပြည်နယ်၏ (၂၁)ကြိမ်မြောက် ဆိုကရေးတီးပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ဟားခါးမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရှိရပါသည်။ **(ပြည်နယ် ပြန်/ဆက်)**

နွေစပါး ဈေးကောင်းရသဖြင့် ဒီပဲယင်း တောင်သူများ တွက်ခြေကိုက်

ဒီပဲယင်း ဇူလိုင် ၂၃

ဒီပဲယင်းတောင်သူများအတွက် နွေစပါးပေါက်ဈေးမှာ တင်းတစ်ရာလျှင် ငွေကျပ်လေးသိန်းကျော်နှင့် နွေနှမ်း တင်းတစ်ရာလျှင် ငွေကျပ်လေးသောင်း ရရှိနေသဖြင့် တောင်သူများ တွက်ခြေကိုက် လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ဒီပဲယင်းမြို့နယ်သည် သဖန်းဆိပ်ဆည်ရေသောက်ဖြစ်ပြီး နှစ်စဉ်နွေစပါးဧက ခြောက်သောင်းကျော်နှင့်မိုးစပါး ဧကတစ်သိန်းနှစ်သောင်းကျော်စိုက်ပျိုးသောမြို့နယ်ဖြစ်သည်။

ယခုနှစ်တွင် နွေစပါးဧက ခြောက်သောင်းကျော် စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းသော ဆင်းရွှေလီ၊ မန်းဧရာ၊ ပုလဲသွယ် စပါးများကို အဓိကထား စိုက်ပျိုးခဲ့သည့်အပြင် နွေနှမ်းကိုပါ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တောင်သူလယ်သမားများ အနေဖြင့် စိုက်ပျိုးရေးနည်းပညာများ မြင့်မားလာမှုနှင့်အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလာခဲ့ပြီး မိုးစပါးအချိန်မီအမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် နွေစပါးကို စက်ယန္တရားများအသုံးပြုကာ ရိတ်သိမ်းခြွေလှေ့ကြပြီး တစ်ဧကပျမ်းမျှတင်း ၉၀ ထွက်ရှိသည်။ မိုးစပါးကိုလည်း ပွဲစားများဝယ်လက်ရှိသော ရွှေဘိုပေါ်ဆန်း၊ မနောပင်ရှည်နှင့် ဧရာမင်းစပါးမျိုးများကို ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ပြီး ရွှေဘိုပေါ်ဆန်းသည် လက်ရှိပေါက်ဈေးအရ တင်းတစ်ရာလျှင် ငွေကျပ် ဆယ်သိန်းအထိ ဈေးရောင်းရကြောင်းတောင်သူများကပြောပြသည်။ **အောင်လင်း**(IPRD)

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ငြမ်းဝါးဝယ်ယူရန်ဈေးပြိုင်ကြော်ငြာ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူရန်အတွက် ငြမ်းစေတီတည်ဆောက်ရန် သိုက်ဝါး(သို့မဟုတ်) ဝါးယား (၁၀၀၀၀)လုံး ဝယ်ယူရန်ရှိပါသည်။ ရောင်းချလိုသူများသည် တင်ဒါပုံစံနှင့်စည်း ကမ်းချက်တစ်စုံလျှင်(၅၀၀၀ိ/-)နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ အုပ်ချုပ်ရေးဌာနတွင် ဝယ်ယူပြီး ၂၀-၈-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃း၀၀ နာရီနောက်ဆုံးထား၍ ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်းဂေါပကအဖွဲ့ရုံး၊ အုပ်ချုပ်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့

ကျိုက္ကလော့တရားစခန်းပွဲ

မင်္ဂလာဒုံမြို့နယ်၊ ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ၂၀၁၄ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ လစဉ်(၇)ရက်တရားစခန်းပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဖုန်း-၀၁-၆၃၆၅၀၀၊ ၀၁-၆၃၇၄၂၀၊ ၀၉-၇၃၂၀၂၅၈၂

အိတ်ဖွင့်လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနရှိ အသုံးပြုပြီးသော ရေယာဉ်ဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံတင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းလာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သိလိုသည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

သတိပေးကြေညာချက်

ကျွန်တော်၏ ဝန်ထမ်းများဖြစ်ကြသော ဦးစိုးမြင့် ၁၂/မဂတ(နိုင်) ၀၃၁၇၅၈ နှင့် ဒေါ်ဇင်သူဇာစိုး ၁၂/ဥကမ(နိုင်)၂၀၉၄၈၀ တို့အား မိမိကုမ္ပဏီသို့ ပေးအပ်ရှင်းလင်းရန် ကျန်ရှိနေသော ငွေစာရင်းဇယားကိစ္စများကို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ရုံးသို့ လာရောက်ဖြေရှင်းရန် အကြောင်းကြားအပ်ပါသည်။ ထိုသို့လာရောက်ဖြေရှင်းရန်ပျက်ကွက်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးအေးမြင့်
၁၂/မဂတ(နိုင်)၀၄၅၅၀၀
အမှတ် ၁ အေ၊ ဂန္ဓမာ ၆ လမ်းနှင့် ပိတောက်လမ်းထောင့်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှအဆင်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ကန်ထရိုက်တာဦးအောင်ထိန်း ၁၂/လသန(နိုင်)၀၀၃၂၁၁(မှ) ဒေါ်ယဉ်မေအောင် ၁၂/ကမရ(နိုင်)၀၃၅၁၁၀(မှ)	ဒေါ်ပုလုံး ၁၂/ဗတထ(နိုင်)၀၂၄၀၈၆	အမှတ်(၇၁/၇၃)၊ ၆လွှာ(ယာ) (လမ်းမှကြည့်လျှင်)၊ ၂၁လမ်း၊ လသာမြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ်၃၃၊ မြေကွက်တည်နေရာအမှတ်၃၃၊ မြဝတီလမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးကိုကိုကြီး၊ ဒေါက်တာဝါဝါ) အမည်ပေါက်နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက်များထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဌေးအောင်မှ (တရားလို)ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၁၄၇၁/၂၀၁၁ဖြင့် ဦးကိုကိုကြီး၊ ဒေါက်တာဝါဝါတို့အား (တရားပြိုင်)ထားရှိ၍ အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ် ၅၄/၂၀၁၂ဖြင့် တရားရုံးမှ တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်စောယုမွန်ဒုတိယဦးစီးအရာရှိ(ဘီလစ်) ၁၂/သကတ(နိုင်)၁၄၅၃၁၇မှ ဂရန်မူရင်း၊ တရားရုံးအထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သည့်အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂျပန်သို့ လေ့လာရေးခရီးသွားရောက်ရန် မော်လူးမှ ကျောင်းသူသုံးဦး ပဏာမရွေးချယ်

မော်လူး ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအခြေခံပညာအထက်တန်းကျောင်းမှ အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ငါးဦးအား ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန်အတွက် စစ်ကိုင်းတိုင်းကိုယ်စားပြု ရွေးချယ်ရာ ကျောင်းသူ သုံးဦးမှာ ပဏာမအဆင့်ရွေးချယ်ခံရကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မော်လူးမှ ပဏာမရွေးချယ်ခံရသည့် ကျောင်းသူသုံးဦးမှာ ဟဲနုကျေးရွာ မော်လူးမှ မမျိုးနုနုအောင် သုံးဘာသာဂုဏ်ထူးရှင် (အမှတ်ပေါင်း- ၄၆၉)၊ စီပိန်းကျေးရွာ မော်လူးမှ မအေးချမ်းမေ သုံးဘာသာဂုဏ်ထူးရှင် (အမှတ် ပေါင်း-၄၆၆)၊ ၂၀၁၄ တက္ကသိုလ်ဝင်တန်း ဘက်စုံပညာထူးချွန်ဆုရှင်နှင့် ကွင်းငို့ကျေးရွာ မော်လူးမှ မအေးမိလှိုင် သုံးဘာသာဂုဏ်ထူးရှင် (အမှတ်ပေါင်း-၄၆၄)၊ ၂၀၁၃ နဝမတန်းဘက်စုံပညာထူးချွန်ဆုရှင်တို့ဖြစ်ကြောင်း သိရသည်။ **(၁၇၁)**

မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ပေး

ဟိုပင် ဇူလိုင် ၂၃

ကချင်ပြည်နယ် ဟိုပင်မြို့အတွင်းရှိ သမဝါယမအသင်းသား တောင်သူများကို ဆောင်းသီးနှံချေးငွေ ပေးချေပြီး၍ ဒုတိယအကြိမ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ဇူလိုင် ၁၈ ရက်က နန့်ရင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ တောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားတွင် ဟိုပင်မြို့အသင်းစုဥက္ကဋ္ဌ ဦးသန်းဝင်းက တရုတ်နိုင်ငံ EXIM BANK ချေးငွေနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကိုလည်းကောင်း၊ မိုးညှင်းမြို့နယ်သမဝါယမဦးစီးဌာန ကွင်းဆင်းအဖွဲ့ အမှတ်(၄)အဖွဲ့ခေါင်းဆောင် ဦးစီးမှူး ဒေါ်မော်မော်ဝင်းက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များအရ သမဝါယမကဏ္ဍမှ ဆောင်ရွက်နေမှုများ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများ၊ အသင်းသားများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ချေးငွေများကို ဇူလိုင် ၁၈ ရက်မှ ၂၀ ရက်အထိ ကျေးရွာပေါင်း ၁၀ ရွာရှိ အသင်း ၁၀ သင်းမှ အသင်းသား ၂၄၃ ဦးကို တစ်ဦးလျှင် ငွေကျပ် တစ်သိန်းတစ်သောင်းနှုန်းဖြင့် ၂၇၁ သိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအဖြစ် အသင်းသားတောင်သူများ၏ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိတ္ထီလာတွင် စပါးစိုက်ဧက ၅၀၀ ကျော်ကို အကျိုးပြုမည့် သလက်မန်းပင်မြောင်း ပြန်လည်တူးဖော်

မိတ္ထီလာ ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ လျှော်ဖြူကန်ကျေးရွာ၊ မကျီးချောက်ကျေးရွာနှင့် ကွမ်းခြံရိုးကျေးရွာများရှိ စပါးစိုက်ဧက ၅၀၀ ကျော်ကို အကျိုးပြုမည့် လျှော်ဖြူကန်ကျေးရွာ သလက်မန်းပင်မြောင်းကို သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)မှ ပြန်လည်တူးဖော်ပေးသဖြင့် ဒေသခံတောင်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

"လျှော်ဖြူကန်ကျေးရွာ သလက်မန်းပင်မြောင်းကို ၂၀၀၈ ခုနှစ်က မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းအနေနဲ့ ပြန်လည်တူးဖော်ပေးခဲ့ဖူးပါတယ်။ အခုနောက်ပိုင်း သဲနုန်းပို့ ချတာများလို့ မြောင်းကောလာတာတွေကြောင့် မြောင်းကို သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး) က ပြန်လည်တူးဖော်ပေးနေပါတယ်။ ဇူလိုင်လ ဒုတိယပတ်ကတည်းက မကျီးချောက်ကျေးရွာ သရက်အုပ်မြောင်း အပါအဝင် စပါးစိုက်ဧက ၅၀၀ ကျော်ကို အကျိုးပြုမယ့် သလက်မန်းပင်မြောင်းကို ပြန်လည်တူးဖော်ပေးလို့ ဒေသခံတောင်သူများအားလုံး ဝမ်းမြောက်လျက်ရှိပါတယ်"ဟု လျှော်ဖြူကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က ပြောသည်။

ပြန်လည်တူးဖော်ပေးသည့် စိုက်ပျိုးရေပေးမြောင်းများ ဖြစ်သည့် သရက်အုပ်မြောင်း၊ သလက်မန်းပင်မြောင်းများသည် တစ်ဆက်တည်းတည်ရှိပြီး ကွင်းအမှတ်(၆၂၆) မကျီးချောက်ကွင်း ၁၈ ဒသမ ၀၇ဧက၊ ကွင်းအမှတ်(၆၂၄)သစ်တောပင်ကွင်း ၁၄၄ ဒသမ ၄၃ ဧက၊ ကွင်းအမှတ်(၆၂၃) ကွမ်းခြံကွင်း ၃၃၈ ဒသမ ၇၅ ဧက စုစုပေါင်း စပါးစိုက်ဧက ၅၀၂ ဒသမ ၂၅ ဧက၏ စိုက်ပျိုးရေအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ပုသိမ်ကြီးမြို့နယ်၌ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းဆင်း

ပုသိမ်ကြီး ဇူလိုင် ၂၃

ပညာရေးဌာနနှင့် မြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော (ရှေးဦးပြုစုခြင်း) အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက်က မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖြစ်မြောက်ရေး ကော်မတီနာယက၊ မြို့နယ်ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဒေါက်တာဒေါ်ဥမ္မာကြည်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်း တွဲဖက်အတွင်းရေးမှူးဦးသန်းထွန်းက ကျေးဇူးတင်စကား ပြောကြားပြီး ကြက်ခြေနီ သစ္စာအဓိဋ္ဌာန် ရွတ်ဆိုပြီးစီးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်ပညာရေးမှူး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာမှ တာဝန်ရှိသူများ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းကို ဇူလိုင် ၅ ရက်မှစတင်ကာ ပဥ္စမတန်း၊ဆဋ္ဌမတန်းနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများကို တစ်ပတ်လျှင်နှစ်ရက် အခြေခံ သင်တန်းပို့ချခဲ့ပြီး ကျောင်းကြက်ခြေနီ လုပ်ငန်းများကို ဆက်လက် လက်ဆင့်ကမ်း လုပ်ဆောင်သွားကြမည် ဖြစ်ကြောင်း သိရသည်။ **ဝေဖြိုးအောင်**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်အတွင်းရှိ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ သီပေါမြို့နယ်၊ မန်တုံမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲ၊ မိုင်းလုံမြို့နယ်ခွဲများမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဖြုန်းကျောက်၊ ကျောက်ရောမြေ၊ အုတ်၊ သဲ၊ သစ်မာခွဲသား(ရွယ်စုံ)၊ တောသစ်ခွဲသား(ရွယ်စုံ)၊ဘိလပ်မြေ၊ သံချောင်း(ရွယ်စုံ)၊ ၂Øသံကူကွန်ကရစ်ပိုက်(၁'-၆"အရှည်/၂'အရှည်)၊ ကာကွယ်တိုင်၊ မိုင်/ဖာလုံတိုင်၊ ရိုက်သံ၊ သွပ်နန်းကြိုးစသည့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူလိုသည့်လမ်းခင်းကျောက်များနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျောက်မဲခရိုင်တွင် ၂၄-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် — **အမှတ်(၂)(၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)**

၁။ တင်ဒါပိတ်မည့်ရက်/အချိန် - **၃၀-၇-၂၀၁၄ ရက်၊ ၁၆:၃၀ နာရီ**

၂။ တင်ဒါဖွင့်မည့်ရက်/အချိန် - **၁-၈-၂၀၁၄ ရက်၊ ၁၀:၀၀ နာရီ**

၃။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ - **ခရိုင်အင်ဂျင်နီယာမှူးရုံး**
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ကျောက်မဲခရိုင်/ကျောက်မဲမြို့
ဖုန်း-၀၈၂-၄၀၀၄၉၊ ၀၈၂-၄၀၇၇၆

၄။ အသေးစိတ်အချက်အလက်များသိလိုပါက ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

ရွှေအောင်
ခရိုင်အင်ဂျင်နီယာမှူး

အမည်မှန်ပြောင်းလဲခြင်း

ဖျာပုံမြို့၊ အမာမြို့နယ်ခွဲ၊ ဘုန်းကြီးသောင်ကျေးရွာနေ မနှင်းဝတ်ရည် ၁၄/အမတ(နိုင်)၀၀၄၈၄၉ ၏ဖခင် ဦးမြင့်ရွှေ(ကွယ်လွန်)၏ အမည်မှန်မှာ ဦးသိန်းစိုး(ကွယ်လွန်)ဖြစ်ပါသည်။ **ဦးသိန်းစိုး**

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)
အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းမြတ်ဆက်ကပ်လှူဒါန်းပွဲ

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းမြတ်ဆက်ကပ်လှူဒါန်းပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တန့်ဆည်မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်လှူဒါန်းပူဇော်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အချိန် - ၉း၀၀နာရီ

နေ့ရက် - ၂၇-၇-၂၀၁၄ ရက်(တနင်္ဂနွေနေ့)

နေရာ - တန့်ဆည်မြို့နယ်အသင်းတိုက်
မြို့မရပ်ကွက်၊ ဗဟန်း(၃) လမ်း၊ ဗဟန်းမြို့နယ်

အမှုဆောင်အဖွဲ့
တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် (၆၀)၊ မြေကွက်တည်နေရာအမှတ်(၆၀)၊ ဝဏ္ဏကျော်စွာလမ်း ဦးကျင်လှိုင် ၁၂/လကန(နိုင်)၁၄၁၉၉၃ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျင်လှိုင် (တရားရှုံး)ကိုယ်စား ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တရားရုံး၌ တရားမကြီးမှုအမှတ်(၂၁၆/၁၃)၏ စီရင်ချက်နှင့် တရားမဇာရီမှုအမှတ်(၁၆၆/၁၃)၏ အမိန့်၊ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ ဒုတိယဦးစီးအရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူအား တရားရုံးအရာရှိအဖြစ် ခန့်အပ်သည့် အကြောင်းကြားစာတို့ကို တင်ပြပြီး ဒေါ်နှင်းဝင့်ဝင့်ဖြူမှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်သစ်-ကျူး)၊ မြေကွက်အမှတ် ၁၅၇/ခ၊ မြေကွက်တည်နေရာအမှတ် ၁၅၇/ခ၊ ညီညွတ်ရေးလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်း၊ ဦးစောလှမောင် အမည်ပါမစ်မြေအား အမည်ပေါက် ဦးစောလှမောင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ ဦးမျိုးကျော်ဦး ၁၂/သဃက(နိုင်)၁၃၀၄၄၃ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၉၈၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧက၊ စတုရန်းပေ ၂၄၀၀၊ (အလျားပေ ၄၀× အနံပေ ၆၀)အကျယ်အဝန်းရှိ အမှတ် ၉၈၊ အဓိပတိလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော နှစ် ၆၀မြေငှားဂရန်မြေအမျိုးအစား၊ မြေချည်းသက်သက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်၍ ဝယ်ယူသူအတွက် အမည်ပေါက်ပြောင်းလဲနိုင်သည်အထိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဘိုသူရ ၆/ထဝန(နိုင်)၀၀၁၄၃၂ ထံမှ ဖော်ပြပါမြေကွက်ကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးကြည်ထွန်း (စဥ်-၆၁၇၃) ၊ တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၁/၅၇၊ ဩဘာလမ်း၊ ကျောက်/ထက်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၅၁၇၁

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၄၇/က၊ မြေကွက် တည်နေရာအမှတ် ၄၁/က၊ ၅၇ လမ်း၊ (၇)ရပ်ကွက်၊ မတင်တင်စီအမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေ)အား မြေကွက်၏ဧရိယာ ၀ဒသမ၁၃၇ ဧကအနက်မှ မခွဲမစိတ်ရသေးသော ၂၅ပေ×၁၀၀ပေကို အမည်ပေါက်ထံမှ လှိုင်မြို့နယ်၊ တရားရုံးတရားမကြီးမှုအမှတ် ၁/၂၀၀၆၊ တရားမဇာရီမှုအမှတ် ၃/၂၀၀၇ အရောင်းအဝယ်စာချုပ်အမှတ် ၂၃၀၅/၁၉-၆-၂၀၀၇ တို့ဖြင့် ပိုင်ဆိုင်လာသူ ဦးအောင်ဝင်း ကွယ်လွန်သဖြင့် ဇနီးဒေါ်ကြူကြူစိန် ၁၂/လမန(နိုင်)၀၀၂၂၃၁ က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ်အမှတ် ၂၃၀၅/၁၉-၆-၂၀၀၇ နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၈၆၁/၃-၆- ၂၀၁၄ တို့တင်ပြ၍ ဒေါ်ကြူ ကြူစိန်ထံမှ (GP)ရသူ ဦးအောင်ကျော်စိုး ၁၁/သတန(နိုင်)၀၀၅၇၃၀ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ချောင်းဦး၌ စပါး စိုက်စနစ်ပြသ

မုံရွာ ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် တောကျောင်းကြီး ကျေးရွာအုပ်စု ရွာထင်ကျေးရွာ ရွှေသိမ်တော်ဘုရား အရုံခံတန်ဆောင်း၌ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် တောင်သူပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၁၉ ရက် မွန်းလွဲ၂နာရီက ကျင်းပခဲ့ပြီး တောင်သူ ၆၆ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ တောင်သူပညာပေး ဆွေးနွေးပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှခရိုင်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် ပြုပြင်ပြောင်းလဲရမည့် အချက်များ ရှင်းလင်းဆွေးနွေးပြီး တောင်သူများအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ဟောလိဝုဒ် အကျည်းမတန်စေလိုပါ

မြန်မာ့ရုပ်ရှင်သမိုင်းကို ဆရာကြီး ပီမိုးနင်း၏ ရုပ်ရှင်ဇာတ်ညွှန်းဖြစ်သော မေတ္တာနှင့် သူရာအား မြန်မာ့ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတ်ဦးအုန်းမောင်က အပိုင်း ငါးပိုင်း ရိုက်ကူးကာ ၁၉၂၀ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့ စီနီမာဒီပဲရစ်ရုပ်ရှင်ရုံတွင် စတင်ပြသခဲ့ရာမှ ခရီးစခဲ့သည်ဟု သိရသည်။

ပြင်ဦးလွင်မြို့၏ တောတောင်ရေမြေသဘာဝရှုခင်းများကို ဖော်ကျူးရိုက်ကူးထားသော တောမြိုင်စွန်းက လွမ်းအောင်ဖန် ဇာတ်ကားကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်မြို့ ရုံတင်ပြသသောအခါ ပြင်ဦးလွင်၏ သာယာလှပသော ရှုခင်းအထွေထွေတို့ကို ရုပ်ရှင်ကြည့်ပရိသတ်တို့ ရင်သပ်ရှုမောကြည့်ရှုခံစားခဲ့ရပြီး ထိုအချိန်မှစ၍ မြန်မာရုပ်ရှင်ဇာတ်ကား အမြောက်အများကို ပြင်ဦးလွင် လာရောက်ရိုက်ကူးခဲ့ကြသည်။

ပြင်ဦးလွင် နှစ်တစ်ရာပြည့် မဂ္ဂဇင်းအတွက်လည်း ရုပ်ရှင်မင်းသားကြီး ဦးကျော်ဟိန်းက "ပြင်ဦးလွင်မြို့သာ မြန်မာပြည်မှာ မရှိခဲ့ရင် ကျုပ်တို့ ရုပ်ရှင် ဗီဒီယိုသမားတွေ ဒုက္ခပဲ"ဟု မှတ်တမ်းတင် ရေးသားခဲ့ဖူးသည်။ ယခုအခါတွင် ပြင်ဦးလွင်မြို့ကို မြန်မာပြည်၏ ဟောလိဝုဒ်ဟု တင်စားခေါ်ဆိုရသည်အထိ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ အဆက်မပြတ် လာရောက်ရိုက်ကူးလျက်ရှိကြကြောင်း သိရသည်။

အချစ်၊ အကြမ်း၊ အလွမ်း၊ ဟာသနှင့် စစ်ဇာတ်လမ်းများပါမကျန်အောင် တစ်မြို့တည်း၊ တစ်နေရာတည်းတွင် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်အောင် ဖန်တီးပုံဖော်ပေးနိုင်သည့် ပြင်ဦးလွင်မြို့၏ သဘာဝရှုမျှော်ခင်းများကို ဗီဒီယိုသမားများ အထူးကြိုက်နှစ်သက်ကြသည်ဟု ဆိုသည်။ ထို့ကြောင့်လည်း ပြင်ဦးလွင်ကို ရွေးချယ်၍ လာရောက်ရိုက်ကူးကြခြင်းဖြစ်သည်။

ယခုအခါတွင် အခြားသော ဇာတ်လမ်းအမျိုးအစားများသာမက ထိတ်လန့်ဖွယ်ကောင်းသော သရဲတစ္ဆေဇာတ်ကားများကိုလည်း ပြင်ဦးလွင်မြို့၏ နာမည်ကျော် အထင်ကရ အဆောက်အအုံများတွင် ဇာတ်လမ်းဖွဲ့ရိုက်ကူးလာကြရာ မြို့နေပြည်သူလူထုနှင့် မျိုးဆက်သစ်လူငယ်များအတွက် ထင်ယောင်ထင်မှားဖြစ်စေကာ ယုံကြည်စွဲလန်းသွားနိုင်သဖြင့် စဉ်းစားဆင်ခြင်၍ ရိုက်ကူးခွင့်ပြုသင့်ကြောင်း မြို့မိမြို့ဖတစ်ဦးက ၄င်း၏ထင်မြင်ချက်ကို ပြောသည်။

သက်နိုင်(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့၌ အလယ်တန်းကျောင်းခွဲအဆင့်တိုးမြှင့်ဖွင့်

ပြင်ဦးလွင် ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ်အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၁ ရက်က ကျင်းပသည်။

ကျောင်းအဆင့်တိုးမြှင့်ပွဲသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သုံးတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကျောင်းသား မိဘများနှင့် ကျေးရွာနေပြည်သူများတက်ရောက်ပြီး တာဝန်ရှိသူများက ကျောင်းကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက ကျောင်းအဆင့်တိုးမြှင့်မှုနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဦးသန်းဆွေမှ ကျောင်းသမိုင်းအကျဉ်းကို ရှင်းလင်း ပြောကြားခဲ့ပြီး အလှူရှင်များက တောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ကျောင်းသုံးပစ္စည်းမျိုးစုံကို လှူဒါန်းခဲ့ကာကျောင်းအကျိုးတော်ဆောင်များက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြသည်။

(၄၃၂)

ဂန့်ဂေါခရိုင် တောင်ခင်ရန်းဆည် အတွင်း ငါးမျိုးစိုက်ထည့်

မကွေး ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး အတွင်းရှိ တောင်ခင်ရန်းဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဇူလိုင် ၂၁ ရက်က အဆိုပါဆည်တွင် ပြုလုပ်သည်။

ငါးမျိုးများ စိုက်ထည့်ထားခြင်းဖြင့် ကြီးထွားလာသော ငါးများနှင့် ပေါက်ပွားလာသော ငါးသားပေါက်များက ဆည်ရေနှင့်အတူ ချောင်းများ၊ မြောင်းများနှင့် စိုက်ပျိုးလယ်ကွက်များ အတွင်း ရောက်ရှိကာဒေသခံများ စားသုံးနိုင်ရန် ရည်ရွယ်ကာ ငါးမျိုးစိုက်ထည့်ခြင်းဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

ထို့အပြင် ငါးများပေါက်ပွားသည့်အခါတွင်လည်း သဘာဝအတိုင်း ဖမ်းဆီးစားသုံးခြင်းများဖြင့်သာ သဘာဝသယံဇာတများနှင့် ငါးမျိုးသုဉ်းမှုများမှ ကာကွယ်နိုင်ရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မကွေးခရိုင် ငါးလုပ် ငန်းဦးစီးဌာနမှ တောင်ခင်ရန်းဆည်အတွင်းသို့ ဆည်မြောင်း တာဝန်ရှိသူများနှင့်အတူ ငါးမြစ်ချင်းငါးပေါက် သုံးသောင်းခန့်ထည့်သွင်းကာ ငါးမျိုးစိုက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အောင်(မန်းတက္ကသိုလ်)

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့်ထုတ်လုပ်ထားသည့် ကျင်းထုံခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၄င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျင်းထုံခြင်ဆေးခွေအမည်ဖြင့် မည်သည့်ခြင်ဆေးခွေကိုမျှ ပိုးသတ်ဆေး ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ဈေးကွက်တွင်တွေ့ရှိရသော ကျင်းထုံတံဆိပ်ခြင်ဆေးခွေနမူနာများကို စစ်ဆေးခဲ့ရာတွင် ကျင်းထုံတံဆိပ်ဖြင့်ခြင်ဆေးခွေများပေါ်တွင် ဖော်ပြထားသော အမျိုးအစားဓာတုပစ္စည်း၏ ပါဝင်မှုရာခိုင်နှုန်း ၀.၀၈%သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့်ပမာဏ ၀.၀၄%ထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကိုများစွာ ထိခိုက်စေပါသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေတင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသောခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှုစစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တရုတ်ပြည်မှတင်သွင်းလာသော ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ယင်းကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့်တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၇၊ မြေကွက်တည်နေရာအမှတ် ၇၊ သီရိမင်္ဂလာလမ်း၊ (၅/၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်(ဦးဌေးညွန့်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဌေးညွန့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်မွေး ၁၂/အစန(နိုင်) ၁၀၀၆၆၃ မှ သေစာရင်း၊ တရားဝင်ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြပြီး ၄င်း၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၆၇၄(၂၆-၇-၁၃)ဖြင့်ရသူ ဒေါ်မြမြဝင်းမှ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂/ခ)၊ ကံဘဲ့၊ မြေကွက်အမှတ် ၁၈/၄ နှင့် ၁၉/ဆ၂၊ မြေကွက်တည်နေရာအမှတ် ၄၊ သဇင်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်နီနီတင် အမည်ပေါက် မြေပိုင်မြေ၊ လ/န ၃(ခ) မြေအား ဒေါ်နီနီတင်ထံမှ အပိုင်ပေးစာချုပ် ၇၁၉၈/၁၁(၁၅-၁၁-၂၀၁၁)ဖြင့် ပိုင်ဆိုင်မှုထက်ဝက်အား ပိုင်ဆိုင်သူ ဗိုလ်မှူးချုပ်ဝင်းတင် ၁၂/မရက(နိုင်)၀၃၆၇၆၈ က အမည်ပေါက် ဒေါ်နီနီတင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကင်းအေးငြိမ်းရိပ်သာ ဝါတွင်းရက်(၆၀)တရားစခန်း

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေ၊ ရန်ကင်းအေးငြိမ်းရိပ်သာ၌ ကိန္တိနည်းဥပနိသ္သယ၊ နိဗ္ဗာနမဂ္ဂအာနာပါန-သမထ-ဝိပဿနာတရားများကို မြေဇင်းတောရဆရာတော်ကြီးနှင့် ကျမ်းပြုဆရာကြီး ဓမ္မစရိယ ဦးဌေးလှိုင်တို့ ဖွင့်လှစ်ပြသခဲ့သည့်မူအတိုင်း ပြသလျက်ရှိရာ (၁၃၇၆ ခု ဝါခေါင်လဆန်း ၁၄ ရက်) ၉-၈-၂၀၁၄ ရက်တွင် ရက်(၆၀)တရားစခန်းစတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူ ရဟန်းရှင်လူ ယောဂီများ စာရင်းကြိုတင်ပေးသွင်းနိုင်ပါသည်။ စခန်းကြေးဆွမ်းစရိတ် သတ်မှတ်တောင်းခံခြင်းမပြုပါ။

သာသနာအကျိုးဆောင်အဖွဲ့
ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၉၁၀၄၆၃၀၆၊ ၀၉-၃၃၀၆၂၁၃၃၊ ၀၂-၅၇၂၅၃

စည်သူ(၈၉)သူငယ်ချင်းများသို့

တို့တစ်တွေရဲ့ ကျောင်းဆင်း အနှစ်(၂၀)မြောက် အထိမ်းအမှတ်အဖြစ် ကျဆုံး၊ သေဆုံးသွားသော သူငယ်ချင်းများအားရည်စူး၍ ဝါဆိုသင်္ကန်းကပ်၊ ဆွမ်းကျွေးတရားနာနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်၍ မိသားစုများနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

	နေပြည်တော် ဝါဆိုသင်္ကန်းကပ်နှင့် ဆွမ်းကျွေးအစီအစဉ်		**နေပြည်တော် မိတ်ဆုံညစာစားပွဲ**
(က)	၃-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့)	**နေ့ရက်**	(က) ၃-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
(ခ)	၁၀း၃၀ နာရီ	**အချိန်**	(ခ) ၁၉း၀၀ နာရီ
(ဂ)	ဘူးကွဲဘုန်းကြီးကျောင်း	**နေရာ**	(ဂ) Lion House Restaurant

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ

(၁) သက်မျိုးနိုင် ဖုန်း - ၀၉-၂၅၀၈၀၀၆၃၃
(၂) လှဝင်း ဖုန်း - ၀၉-၄၉၂၃၀၃၈၆
(၃) ခင်မောင်ချို ဖုန်း - ၀၉-၄၂၀၇၀၃၀၀၀
(၄) ဇော်မြင့် ဖုန်း - ၀၉-၄၄၈၅၃၄၉၃၀
(၅) မောင်မောင်လတ် ဖုန်း - ၀၉-၃၁၂၄၈၈၆၆
(၆) ကျော်မင်း ဖုန်း - ၀၉-၈၆၂၀၃၂၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရွှေဘိုမြို့နယ်တရားမရုံး၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၅

ဦးနန္ဒဝံသ(ခ)ဦးတိုး **နှင့်** ၁။ ဒေါ်ထိုက်ထိုက်
၂။ ဒေါ်နီနီစန်းမြင့်
၃။ ဒေါ်ဝါဝါစန်းမြင့်
၄။ ဒေါ်ဖြူဖြူစန်းမြင့်

တရားလို **တရားပြိုင်များ**

ရွှေဘိုမြို့၊ ဈေးတန်းရပ်၊ အမှတ်(၃)ရပ်နေ (၄)တရားပြိုင် ဒေါ်ဖြူဖြူစန်းမြင့်(ဘ)ဦးမိုက်ခဲ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်ဝင်းမြေနှင့် ယင်းမြေပေါ်ရှိ အိမ်ခန်းသုံးခန်းကို ပြန်လည်လက်ရောက်ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၄ရက် မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သောစာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထက်ဝေဖြိုးနိုင်)
ဒုတိယမြို့နယ်တရားသူကြီး
ရွှေဘိုမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်အလယ်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ အမှတ်(၂၄၇/၂၆၉)၊ TELTA PLAZA အိမ်ရာရှိ အဆောက်အအုံအမှတ် B၊ အခန်းအမှတ် ၆၀၅၊ ခြောက်လွှာ၊ အကျယ်အဝန်းပေ(၃၀×၅၄)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ စွဲကပ်တည်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လျက်ရှိပြီး အမည်ပေါက်လျက် တည်ရှိသူများဖြစ်ကြသည့် ဦးသိုးစိမ်း ၁၂/မဂတ(နိုင်)၀၈၄၄၈၄ နှင့် ဇနီး ဒေါ်ဒေဝီလှ ၁၂/မရက(နိုင်)၁၂၇၉၉၆ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှု စာချုပ်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးဟန် B.A (Law), LL.B, D.B.L,D.M.L,D.I.L,
တရားလွှတ်တော်ရှေ့နေ (၄၅၄၆/၈၈)
တိုက်အမှတ် ၂၀၊ အခန်းအမှတ် ၄၊ သုံးလွှာ၊ ၄၀လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၅၃၂၉၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနတွင် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ခဲ့သော ဝန်ထမ်းများအား လျော်ကြေးငွေများ လာရောက်ပေးသွင်းကြရန်အတွက် ၃-၆-၂၀၁၄ရက်နှင့် ၅-၆-၂၀၁၄ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာခဲ့သည့် ပုဂ္ဂိုလ်များအနက် ပေးသွင်းရန်ကျန်ရှိသူများသည် ၃၁-၇-၂၀၁၄ရက် နောက်ဆုံးထားပေးသွင်းရန်နှင့် ပေးသွင်းခြင်းမရှိပါက တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
ဆေးသိပ္ပံပညာဦးစီးဌာန

စဉ်	အမည်/ရာထူး/ဌာန	ဆမလိုင်စင်နံပါတ်	လျော်ကြေးငွေအမျိုးအစား	ပေးလျော်ရမည့် လျော်ကြေး	မှတ်ချက်
၁။	ဒေါက်တာဇော်ထွေး	ဆမ-၁၆၃၆၆	ပြည်ပပညာသင်လျော်ကြေး	(၄၀)သိန်း	
၂။	ဒေါက်တာသိန်းမင်းထွန်း	ဆမ-၁၇၇၈၁	ပညာသင်လျော်ကြေး	(၁၀)သိန်း	
၃။	ဒေါက်တာသောင်းမြတ်အောင်	ဆမ-၁၈၀၀၄	ဘွဲ့လွန်လျော်ကြေး	(၂၅)သိန်း	
၄။	ဒေါက်တာသန်းသန်းမော်	ဆမ-မရှိ	ပညာသင်လျော်ကြေး	(၁၀)သိန်း	
၅။	ဒေါက်တာစောမြစန္ဒာစိန်	ဆမ-၁၈၈၈၆	ပညာသင်လျော်ကြေး	(၁၀)သိန်း	
၆။	ဒေါက်တာဇာခြည်ထွန်း	ဆမ-၂၀၁၃၆	ဘွဲ့လွန်လျော်ကြေး	(၂၅)သိန်း	
၇။	ဒေါက်တာနွယ်နီဝင်း	ဆမ-၁၆၉၇၀	ဘွဲ့လွန်လျော်ကြေး	(၂၅)သိန်း	
၈။	ဒေါ်ဟေမာနှင်း		ပညာသင်လျော်ကြေး	(၃)သိန်း	
၉။	ဒေါ်သီတာထွေး	သနသ(လ)၈၇၆၄	ပြည်ပပညာသင်အာမခံလျော်ကြေးငွေ	(၄၉)သိန်း	
၁၀။	ဒေါ်မူပေါ်လင်း	သနသ(လ)၁၀၄၅၉	ပညာသင်လျော်ကြေး	(၄)သိန်း	
၁၁။	ဒေါ်လှလှဝင်း	သနသ(လ)၁၅၂၂၃	ပညာသင်လျော်ကြေး	(၄)သိန်း	
၁၂။	ဒေါ်သီတာကြည်	သနသ(လ)၄၂၀၈	ဘွဲ့လွန်လျော်ကြေး	(၂၅)သိန်း	
၁၃။	ဒေါ်ခင်ဆွေထိုက်		ပညာသင်လျော်ကြေး	(၃)သိန်း	
၁၄။	ဒေါ်သင်ဇာဇာအောင်		ပညာသင်လျော်ကြေး	(၃)သိန်း	
၁၅။	ဒေါ်စမ်းစမ်းစိမ့်	သနသ(လ)၉၄၂၆	ပြည်ပပညာသင်အာမခံလျော်ကြေးငွေ	(၅၀)သိန်း	
၁၆။	ဒေါ်နွယ်နွယ်မြင့်	သနသ(လ)၁၀၄၉၁	ပြည်ပပညာသင်အာမခံလျော်ကြေးငွေ	(၅၀)သိန်း	
၁၇။	ဒေါ်စီစီဝင်း		ပညာသင်လျော်ကြေး	(၃)သိန်း	
၁၈။	ဒေါ်အေးသီတာမွန်	သနသ(လ)၁၂၈၃၉	ပညာသင်လျော်ကြေး	(၄)သိန်း	

စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း

လှိုင်သာယာမြို့နယ်၊ FMI City H-7 ၄ဝါလမ်းနေ ဦးမြင့်ကြူဖေ-ဒေါ်ခင်အေးမူတို့၏ တစ်ဦးတည်းသောသား

ဆွေဆက်ကြူဖေ

Diploma in Electronics, Comp & Communication Engineering (Singapore Poly);
B.E (Electrical University of Queensland;
M.E (Energy Systems) Griffith University

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် ၁၆၂ နေ (ဦးစိုင်းမျိုးသန့်)-ဒေါ်စဝ်သီတာထွေး (M.D, Mahar Aung Pan Travels & Tours Co.) တို့၏သမီးကြီး

နွှန်းနေခြည်မျိုးသန့်

B.C.Sc (U CSY), Master of Business (Marketing), Q.U.T Australia.
Sales Manager, e Tail Solutions Co.,Brisbane-QLD

တို့သည် ၁၂-၇-၂၀၁၄ရက်တွင် နှစ်ဖက်မိဘလူကြီးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဆွေဆက်ကြူဖေ-နွှန်းနေခြည်မျိုးသန့်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၄

ဒေါ်သန်းသန်းစု **နှင့်** မအေးအေးမြင့် ပါ -၂

တရားလို **တရားပြိုင်များ**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝါခရူကျေးရွာတောင်ပိုင်းနေ မအေးအေးမြင့်(ယခုနေရပ်လိပ်စာမသိ)သူသိစေရမည်။

သင့်အပေါ် တရားလိုက ငွေကျပ် ၆၈၀၀၀၀၀ိ/-ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သမျှကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၃ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်ပြလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ညွှန့်ညွှန့်ဝင်း)
ဒုတိယခရိုင်တရားသူကြီး-၃
မော်လမြိုင်ခရိုင်တရားရုံး

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ သလ္လာ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် ၁၆၇ နေ ဦးမျိုးမင်းဦး၏သား မုံရွာမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေသော မောင်လွင်အောင်ထူးအား ယနေ့မှစ၍ မောင်ဇာနည်ဟုပြောင်းလဲခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၁၀၉၄ Yamaha Nomvo ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးထက်မြတ်အောင် ၉/အမရ(နိုင်)၁၃၂၃၉၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/ကံဘဲ့၊ မြေကွက်အမှတ် ၇/ဗ၂-A၊ မြေကွက်တည်နေရာအမှတ် ၈၉၈၊ သုရဿတီလမ်း၊ ၈ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးသန်းအောင်၊ ဦးသန်းတင်၊ ဒေါ်အေးမြင့်၊ ဒေါ်အေးသိန်း(ခ)ဒေါ်ခင်လေးမြင့်တို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် လေးဦးအနက် ဦးသန်းတင် ကွယ်လွန်သဖြင့် ၎င်းအစုအတွက် သားသမီးများဖြစ်ကြသည့် ဒေါ်ဆွေဆွေဝင်း၊ ဦးသန်းနိုင်၊ ဦးတင့်နိုင်လေး၊ ဦးမျိုးသန့်လေးတို့မှ အမည်ပေါက် ဦးသန်းအောင်၊ ဒေါ်အေးမြင့်၊ ဒေါ်အေးသိန်း(ခ)ဒေါ်ခင်လေးမြင့်တို့ဖြင့် ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၄၄၆၀/၂၀၀၆(၇-၁၂-၂၀၀၆)ဖြင့်ပိုင်ဆိုင်လာပါသည်။ ၎င်းတို့ထံမှ စွန့်လွှတ်စာချုပ်အမှတ် ၄၄၆၂/၂၀၀၆(၈-၁၂-၂၀၀၆)ဖြင့် ဦးသန်းအောင်မှ ပိုင်ဆိုင်လာပြီး၊ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၁၄၈/၂၀၀၇(၁၅-၃-၂၀၀၇)ဖြင့် ဒေါ်ရှုတင် ၁၂/စခန(နိုင်)၀၄၄၃၅၂မှ ပိုင်ဆိုင်လာခြင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ၄၄၆၀/၂၀၀၆(၇-၁၂-၂၀၀၆) မိတ္တူမှန်တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ်(၁၄၃)၊ ပထမထပ်နေ ဦးကျော်စိန်၊ ဒေါ်မြင့်မြင့်ရီတို့၏သား မောင်ဇေယျာလင်း ၁၂/ပဘတ(ဧည့်)၀၀၀၈၈၆ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်မြင့်မြင့်ရီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၆၊ မြေကွက်အမှတ် ၃၆၂၊ အကျယ်အဝန်း ပေ၄၀×ပေ၆၀ရှိ မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် ဦးမြင့်သိန်း AA-၀၁၁၀၅၂ အမည်ဖြင့် မှတ်တမ်းတင်ထားရှိပြီး၊ ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ဝင်း ၁၂/ကမတ(နိုင်)၀၄၀၈၀၄ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မေယုဇင် ၁၄/လပတ(နိုင်)၁၃၃၂၂၈ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်တွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများပြည်သူသိရှိရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်နိုင်ဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၆၆)
အမှတ်-၃၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၅၁၀၂၅



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉C/၂၇၈၈ Toyota Crown S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သိန်း ၁၃/တကန(နိုင်)၀၂၆၁၆၁ မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးချစ် အသက်(၈၉)နှစ်

အလုပ်ရုံနည်းပြ(ငြိမ်း)၊ R.I.T

ရန်ကုန်တိုင်းဒေသကြီး၊ ဒါးပိန်မြို့နယ်နေ (ဦးစံဖေ-ဒေါ်စိန်ပု)တို့၏သား၊ ကွမ်းခြံကုန်းမြို့နယ်နေ (ဦးဖိုးဆောင်-ဒေါ်ငွေမယ်)တို့၏သားသမက်၊ (ဦးစိန် မောင်)-ဒေါ်လှသိန်းတို့၏ညီ၊ (ဦးမောင်-ဒေါ်ယဉ်ကြည်)၊ (ဦးကံထွန်း)-ဒေါ်ပို၊ (ဦးဖိုးခွေး)၊ ဒေါ်တင်ယုံ၊ (ဦးဖိုးပြုံး)-ဒေါ်ငွေရင်၊ ဦးတင်ရွှေ-(ဒေါ်လှကြည်)တို့၏အစ်ကို၊ (ဦးသိန်းထွဋ်-ဒေါ်ကျင်စိန်)၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် သောက်ရေသန့်စက်ရုံနေ(ဗိုလ်မှူးဆန်းလင်းဦး)-ဒေါ်မိမိခိုင်တို့၏ဖခင်၊ မောင်အောင်ရဲသိန်း၊ မောင်အောင်မြတ်သူ၊ မအိအိလှိုင်၊ မောင်ကောင်းသန့်ခိုင်လင်းတို့၏အဘိုးသည် ၂၁-၇-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)အဆေးတိုက်မှ နေပြည်တော် တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အေးရီ(ခ)ဒေါ်ပု (ကျောက်ဖြူမြို့)

အသက်(၈၇)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ဦးဥတ္တမလမ်းနေ (ဦးရန်မျိုးအောင်-ဒေါ်နှင်းကျော့)တို့၏သမီးငယ်၊ (ဦးရွှေဘန်းအောင်-ဒေါ်မြညို)တို့၏သမီးချွေးမ၊ (ဦးစံဖော်)၏ဇနီး၊ (ဒေါ်သန်း)၊ (ဦးသာထွန်းအောင်)၊ (ဒေါ်သန်းခင်)တို့၏ညီမငယ်၊ ဦးမျိုးမြင့်-ဒေါ်ဝင်းဝင်းငြေး၊ ဦးသက်ထွန်း (အလက-၃၊ မြောက်ဒဂုံ)၊ ဒေါ်နွယ်နွယ်ခိုင်(ခ)မလီလီ(လဝက၊ မော်လမြိုင် ခရိုင်)၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်၁၂၊ အမှတ် C-4 နေ ဦးသက်ခိုင်(ကောင်းမြန်မာကုမ္ပဏီလီမိတက်)-ဒေါ်မိခင်မြစိန်တို့၏မိခင်၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏ အဘောင်/အဖွားရှင်သည် ၂၁-၇-၂၀၁၄ရက် (တနင်္လာနေ့)နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၇- ၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညွန့်ရွှေ (ကြယ်ပျံဆေးတိုက်)

တန့်ဆည်မြို့နယ်

အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပဋ္ဌာနကာယ သာသနဗိမာန် နာယက စာချအရှင်ဝိစက္ခဏ၏ရဟန်းအမကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၅လမ်း၊ အမှတ် ၅နေ (ဦးထွန်းရှင်)-ဒေါ်တင်ဥ(ကြယ်ပျံဆေးတိုက်)တို့၏သမီး၊ (ဦးဘအေး-ဒေါ်အေးခင်)တို့၏ ချွေးမ၊ (ဦးထွန်းရင်)-ဒေါ်မမကြည်(လူထုမေတ္တာဆေးဆိုင်)၊ [ဦးထွန်းမှင်-ဒေါ်လှစော (ဇော်ပျံဆေးတိုက်)]၊ (ဦးသာလွင်)-ဒေါ်အေးချို(ရွှေညာသားဆေးဆိုင်)၊ ဦးမြင့်ဆွေ-ဒေါ်တင်ပု၊ ဦးဗိုလ်သန်း-ဒေါ်လှမြိုင်တို့၏တူမ၊ (ဦးသာအောင်)-ဒေါ်လှရီတို့၏ညီမ၊ ဦးမောင်ညို-ဒေါ်ညွန့်ငွေ၊ (ဦးအောင်နိုင်ဦး)-ဒေါ်ကေခိုင်တို့၏အစ်မ၊ ဦးရဲမောင်၏ ဇနီး၊ မောင်မျိုးနိုင်ထွန်း-မသဲနှင်းဖြူ၊ မမျိုးသန္တာထွန်းတို့၏မိခင်သည် ၂၂-၇-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၄ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးဝင်းမောင် အသက်(၆၄)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒေသအဖွဲ့(၄)၊ မရမ်းကုန်းမြို့နယ်၊ ပစ္စည်းထိန်း(၃)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နေ (ဦးနီ)-ဒေါ်ငြိမ်းလှတို့၏ သား၊ ရန်ကုန်မြို့နေ (ဦးသန်းမောင်-ဒေါ်ငွေခင်)တို့၏သားသမက်၊ ဒေါ်ခင်ကြွယ်၊ ဦးသိုက်ထွန်း၊ ဦးကင်ဟုတ်-ဒေါ်သန်းသန်းအေး၊ ဦးအောင်ဘွား-ဒေါ်ညွန့်ညွန့်သန်း၊ ဒေါ်ခင်ချိုချိုတို့၏ အစ်ကိုကြီး၊ ဦးမျိုးခိုင်-ဒေါ်ချိုချိုသိန်း၊ဦးညွန့်သိန်း-ဒေါ်ခင်မျိုးအေး၊ဦးမျိုးညွန့်ဝေ-ဒေါ်သူဇာဝင်း၊ ဦးကျော်ကျော်ခိုင်-ဒေါ်တင်တင်လှတို့၏ဖခင်၊မြေးရှစ်ယောက်တို့၏ အဘိုး၊ ဒေါ်အေးအေး၏ခင်ပွန်းသည် ၂၂-၇-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၁၄ ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁ နာရီအထိ အမှတ် ၆၁/ဘီ၊ ရေကူးရွာမတောင်ပိုင်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ကမ္ဘာအေး) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)

ကထိက၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း)

ကြည်း ၇၅၆၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)

အသက်(၈၄)နှစ်

၁၉-၇-၂၀၁၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်သည်အထိ ဂရုတစိုက်ကုသပေးကြသော အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၊အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ တပ်မှူးများနှင့်တကွ၊ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျ ဆရာ/ဆရာမများ စစ်သည်ဝန်ထမ်းများအားလည်းကောင်း၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊E-mail ဖြင့်လည်းကောင်း နှစ်သိမ့်အားပေးခဲ့ကြပါသော တပ်မတော် ကြည်း၊ ရေ၊ လေမိသားစုများ၊ ရကတ၊ ရပခ၊ ရမခ၊ တသခ၊ ရလခ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ မိသားစုဝင်များ၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)မှ မိသားစုဝင်များ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)နှင့်(၂၅)မှ မိသားစုဝင်များ၊ ကျောင်းနေဖက်သူငယ်ချင်းများ၊ သာကေတမြို့နယ်မှ မိတ်ဆွေသင်္ဂဟများနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ခဲ့ကြသူများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော စစ်ဘက်နယ်ဘက်မှ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဗိုလ်ကြီးခင်မောင်လေး (ငြိမ်း)

ကထိက၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း)

ကြည်း-၇၅၆၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)

အသက်(၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်-ဒေါ်ချယ်ရီတို့၏ ဖခင်ကြီး ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း) အသက်(၈၄)နှစ်သည် ၁၉-၇-၂၀၁၄ ရက်(စနေနေ့)နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကျော်ကျော်ဟန်-မဋ္ဌူ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)

ကထိက ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း)

ကြည်း-၇၅၆၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)

အသက်(၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်-ဒေါ်ချယ်ရီတို့၏ဖခင် ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)သည် ၁၉-၇-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုမော်-မညိုညို

ဝမ်းနည်းကြေကွဲခြင်း

ဦးလှဦး

ခရိုင်မန်နေဂျာ မ-စ-ဘ၊ ကလေးမြို့

အသက်(၄၇)နှစ်

မြန်မာ့စီးပွားရေးဘဏ်၊ ကလေးမြို့မှခရိုင်မန်နေဂျာ ဦးလှဦးသည် ၁၈-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်
မြန်မာ့စီးပွားရေးဘဏ်မိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးချစ်မောင် (ဥက္ကံမြို့)

အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီး မြို့နယ်၊ ဥက္ကံမြို့၊ ပြည်တန်းလမ်းနေ ဒေါ်တင်မြင့်၏ အစ်ကို၊ မဝင်းဝင်းချစ်၊ ကိုအုန်းကျော်-မနီနီချစ်၊ မမိုးမိုးချစ်၊ ကိုစိုင်းမျိုးမြင့်မောင်-မနွယ်နွယ်ချစ်တို့၏ဖခင်၊ မောင်ချစ်ရဲကျော်၊ မောင်ရဲထက်အောင်တို့၏ အဘိုး၊ (ဒေါ်သန်းမြင့်)၏ ခင်ပွန်းသည် ၂၂-၇-၂၀၁၄ ရက် (အင်္ဂါနေ့)နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၄ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဥက္ကံမြို့၊ ပြည်တန်းလမ်းနေအိမ်မှ ဥက္ကံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဦးမှတ်

အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၅၉)နှစ်

၁၅-၇-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်ခဲ့ပြီး ၁၇-၇-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးခဲ့သော ဖခင်ကြီး ဦးမှတ်၏ နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးပါသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ဇနီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်းအမှုထမ်းများ၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ၊ ဆွေမျိုးများအားလည်းကောင်း၊ သင်္ကန်း၊ လှူဖွယ်ပစ္စည်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ခြင်း၊ ဝမ်းနည်းကြေကွဲကြောင်း သတင်းစာ၊ ဖုန်းနှင့် E-mail တို့မှ တစ်ဆင့်မေးမြန်းပေးပို့ကြသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)နှင့်မိသားစု၊ ဌာနဆိုင်ရာ အကြီးအကဲနှင့်ဝန်ထမ်းများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ ဓမ္မဇောတိရိပ်သာတရားစခန်းမှ ဓမ္မမိတ်ဆွေများ၊ ရန်ကင်းကလေးဆေးရုံကြီးနှင့်ဆာကူရာဆေးရုံတို့မှ အကြီးအကဲ ပုဂ္ဂိုလ်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့်သူငယ်ချင်းမိတ်ဆွေများ၊ ဆေးတက္ကသိုလ်(၂)မှ လုပ်ဖော်ကိုင်ဖက်များ၊ ဖခင်ကြီး၏နာရေးကိစ္စကို အစမှအဆုံးတိုင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ပါသော မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တကွ အရာထမ်း အမှုထမ်းများ၊ စက်မှုတက္ကသိုလ်(RIT)နှင့် ချင်းတွင်းအသင်းမှ သူငယ်ချင်းမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းများနှင့် တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းစံပြဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာ ဒေါ်နွယ်မာထွန်း၏ချစ်လှစွာသောဖခင် ဦးသိမ်းထွန်း အသက် (၈၃)နှစ်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၁၅-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ၊ ဌာနမှူးနှင့်
သားဖွားမီးယပ်အထူးကုဆရာဝန်များ
ဆေးတက္ကသိုလ်၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)

အထူးဝမ်းနည်းကြေကွဲခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နေ ဦးလှဦး အသက်(၄၇)နှစ် (ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ကလေးဘဏ်ခွဲ)(၁၉၈၅-၁၉၈၆ မှ ၁၉၉၂-၁၉၉၃) စီးပွားရေးတက္ကသိုလ်သည် ၁၉-၇-၂၀၁၄ ရက်တွင် ရုတ်တရက် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

၂/၁၉၉၈-လက်ထောက်မန်နေဂျာ
သင်တန်း(မြန်မာ့စီးပွားရေးဘဏ်)မှ သူငယ်ချင်းများ

အထူးကျေးဇူးတင်ရှိခြင်း

၁၈-၇-၂၀၁၄ ရက်(သောကြာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားခဲ့သော ဒုရဲအုပ်သက်လွင်(ခ)Daniel Cin Do Pau အသက် (၄၆)နှစ် သတင်းရဲတပ်ဖွဲ့(ပန်းဆိုးတန်းရုံး)၏ နာမကျန်းဖြစ်ချိန်မှစ၍ နောက်ဆုံးအချိန်ထိ အစွမ်းကုန်ဆေးဝါးကုသပေးခဲ့သော အသည်းအထူးကုသမားတော်ကြီး ပါမောက္ခ ဦးသံစစ်၊ ဆီးနှင့်ကျောက်ကပ်အထူးကုသမားတော်ကြီး ပါမောက္ခ ဒေါ်ခင်သီတာသွင်နှင့် ဗဟိုရ်စည်အထူးကုဆေးရုံမှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ အသင်းတော်အသီးသီး၊ ဂိုဏ်းဂဏအသီးသီးမှ ဆုမွန်ကောင်းတောင်းပေးကြသော ဓမ္မအမှုဆောင်သင်းအုပ်ဆရာကြီးများ၊ အသင်းသူ အသင်းသားများ၊ ရပ်ဝေးရပ်နီးများမှ ဆက်သွယ်သတင်းမေးမြန်း အားပေးနှစ်သိမ့်သူများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များနှင့် နာရေးကိစ္စကို ဦးဆောင်ပေးသော သင်းအုပ်ဆရာတော်ကြီးများ၊ ဆရာများ၊ နာရေးသို့ ကိုယ်တိုင်တက်ရောက်၍လည်းကောင်း၊ ပန်းခွေပန်းခြင်းများဖြင့် လာရောက်၍ မေတ္တာပြကြသော ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အသင်းအဖွဲ့များ၊ သတင်းရဲတပ်ဖွဲ့မှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ရပ်ကွက်သာရေးနာရေးအဖွဲ့အားလည်းကောင်း၊ ဦးကျော်သူ နာရေးကူညီမှုအသင်းအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

အလ္လာဟ်သျှင်မြတ်

အမိန့်တော်ခံယူခြင်း

ဦးမောင်မောင်ကြီး(ခ)
ရှိတ်ခ်ဘဒရွဒ်ဒိုင်(န်း)

M.E.P.E (ငြိမ်း)၊ B.A- Eco

အသက်(၇၃)နှစ်

